

# မြန်မာနိုင်ငံ ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှု၏ ကောင်းမွန်သော အလေ့အကျင့်များ

*မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ မှ တွေ့ရှိချက်များ*

**Jared Bissinger**

ဇန်နဝါရီ ၂၀၂၀

The Asia Foundation

DaNa Facility
Empowering Enterprise

UKaid
from the British people

**ဦးဆောင်သုတေသီနှင့်စာရေးသူ**
Dr. Jared Bissinger

**အဓိကသုတေသနအဖွဲ့**
အောင်ထွန်း

**ပံ့ပိုးကူညီသည့်အဖွဲ့**
Ville Peltovuori
ဆန်းရီ
မရစ်ဂျာဒိမ်

**ဖတ်ရှုဝေဖန်ပေးသူများ**
Ville Peltovuori
ကျော်သူ
Jon Keesecker

**ဂရပ်ဖစ်ဒီဇိုင်း**
Elzemiek Zinkstok

**ဓာတ်ပုံ**
The Asia Foundation's municipal reform team

**အယ်ဒီတာ**
John H. Rieger

**မြန်မာဘာသာပြန်နှင့်တည်းဖြတ်**
အောင်နိုင်
ဖြိုးဝေထွန်း

**© 2020 The Asia Foundation**
အာရှဖောင်ဒေးရှင်း၏ တရားဝင်ခွင့်ပြုချက် တစုံတရာမပါဘဲ
ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ
ပြန်လည်ဖြန့်ဖြူးထုတ်ဝေခြင်း အလျဉ်းမပြုလုပ်ရ။

အမှတ် ၁၁၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာလမ်း
အနောက်ငါးထပ်ကြီးရပ်ကွက်
ဗဟန်းမြို့နယ်၊ ရန်ကုန်

## ကျေးဇူးတင်လွှာ
စာရေးသူနှင့် သုတေသနအဖွဲ့သည် ဤလေ့လာမှုတွင် ပါဝင်ခဲ့သော အစိုးရအရာရှိများ နှင့် အရပ်ဘက်အဖွဲ့အစည်းဝင်များကို များစွာကျေးဇူးတင်ရှိပါသည်။ သုတေသနအဖွဲ့ကို အချိန် နှင့် ဗဟုသုတများ ရက်ရောစွာမျှဝေခြင်းမရှိပါက ဤအစီရင်ခံစာသည် ဖြစ်မလာနိုင်ပါ။ ထပ်မံဖြည့်ဆည်းပံ့ပိုးပေးသူများ၊ တန်ဖိုးမဖြတ်နိုင်သော တုံ့ပြန်ချက်များ နှင့် အကြံဉာဏ်များ ပေးအပ်ခြင်းအတွက် အစီရင်ခံစာကို ပြန်လည်သုံးသပ်သူများ အားလုံးကို သုတေသီများက အသိအမှတ်ပြုအပ်ပါသည်။
အချုပ်အားဖြင့် သုတေသနအဖွဲ့သည် ဤသုတေသနကို ပြုလုပ်နိုင်ရန် အခွင့်အလမ်း နှင့် အထောက်အပံ့ပေးခဲ့သော ဓနအဖွဲ့အစည်း နှင့် UKAID တို့ကို အထူးအသိအမှတ်ပြု ကျေးဇူးတင်ပါသည်။

အကယ်၍ အကြောင်းအရာ သို့မဟုတ် ခွဲခြမ်းစိတ်ဖြာ စစ်ဆေးခြင်းတို့တွင် အမှားအယွင်း တစ်စုံတစ်ရာ ပါရှိပါက စာရေးသူ၏ တာဝန်သာဖြစ်ပါသည်။

# အမှာစာ

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးမှုရှိခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင် ရရှိရန်နှင့် လူထုဝင်ငွေတိုးရန် အဓိက အကြောင်းရင်းတစ်ခု ဖြစ်ပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိရေးအတွက် အစိုးရ၏အခန်းကဏ္ဍမှာ အရေးကြီးပြီး ၎င်းအနေဖြင့် မျှတသော၊ မှန်းဆ၍ လွယ်ကူပြီး ထိရောက်သော စီးပွားရေးလုပ်ငန်း ဝန်းကျင်တစ်ခု ဖန်တီးပေးရပါမည်။ အစိုးရအနေဖြင့် ယင်းသို့ လုပ်ဆောင်ရန် နည်းလမ်းများစွာ ရှိပါသည်။ ဥပမာအနေဖြင့် စီးပွားရေး လုပ်ငန်းများ အလွယ်တကူ မှတ်ပုံတင်၍ လုပ်ငန်းစတင်နိုင်ရန် လုပ်ဆောင်ပေးခြင်း၊ လုပ်ငန်းအတွက် မြေနေရာစီစဉ်ပေးခြင်းနှင့် အစိုးရ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာ အချက်အလက်များ အလွယ်တကူ ရှာဖွေနိုင်ရန် လုပ်ဆောင်ပေးနိုင်ပါသည်။ စီးပွားရေး လုပ်သာကိုင်သာ ရှိသည့် ပတ်ဝန်းကျင်ရှိပါက စီးပွားရေး ဖွံ့ဖြိုးမှုကို ပိုမို၍ အားကောင်းစေနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ စီးပွားရေး ပတ်ဝန်းကျင်းကောင်းရှိရေးမှာ ပြည်ထောင်စု အစိုးရ တစ်ခုတည်း၏ တာဝန်မဟုတ်ပါ။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့သည် စီးပွားရေး အုပ်ချုပ်စီမံမှုတွင် အရေးပါသော တာဝန်များကို ယူထားရပြီး ၂၀၁၅ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်က ယင်းတာဝန်များကို ပိုမို၍ ချဲ့ထွင်ပေးခဲ့ပါသည်။ ယင်းပြင်ဆင်ချက်အရ မြို့နယ်အဆင့်သည်လည်း တာဝန်အချို့ကို ယူလာရပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်များကြောင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် အစိုးရများသည် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ လုပ်သာကိုင်သာရှိမည့် စီးပွားရေး ဝန်းကျင် ဖန်တီးပေးရမည့် တာဝန်များကို ပိုမို ယူလာရပါသည်။

အာရှဖောင်ဒေးရှင်းသည် ၂၀၁၉ တွင် မြန်မာ့ ပထမဆုံးဟု ဆိုနိုင်မည့် စီးပွားရေးဝန်းကျင် အညွှန်းကိန်း (MBEI) ကို ထုတ်ဝေနိုင်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းများဖြင့် တွေ့ဆုံးမေးမြန်းမှုပေါင်း ၄၈၀၀ ကို အခြေခံသော MBEI ၌ ကနဦး ကုန်ကျစရိတ်၊ မြေယာအသုံးချနိုင်မှုနှင့် လုံခြုံမှု၊ အခြေခံ အဆောက်အအုံ၊ တရားမဝင် ပေးချေရမှု၊ ပွင့်လင်းမြင်သာမှု၊ သဘာပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိခြင်း၊ နှင့် ဥပဒေစိုးမိုးမှုကဲ့သို့ အညွှန်းကိန်းခွဲများ ပါရှိပြီး ယင်းအညွှန်းကိန်းခွဲအောက်တွင် ညွှန်ကိန်း ၁၀၁ ခု ပါဝင်ပါသည်။ ယင်းတို့ကို ပေါင်းစည်းလိုက်သော အခါ မြို့နယ် ၆၃ ခု အပါအဝင် မြန်မာ့ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုစီ၏ အားသာချက်နှင့် အားနည်းချက်များကို ထုတ်ဖော်လာနိုင်ပါသည်။

ဒေတာ အမြောက်အမြား ရရှိလာခြင်းကြောင့် ယင်းဒေတာကို ထဲထဲဝင်ဝင် သုတေသနပြုနိုင်မည့် အခွင့်အလမ်းများ ပေါ်ထွက်လာပါသည်။ ပထမဆုံး အနေဖြင့် စီးပွားရေးဝန်းကျင် ကို ပုံဖော်နေသည့် အစိုးရ အဖွဲ့အစည်း များ၏ အကြောင်းကို စိစစ်လေ့လာထားသော "မြန်မာ့ စီးပွားရေး အုပ်ချုပ်စီမံမှု ဆိုင်ရာ အဖွဲ့အစည်းများ" အမည်ရှိ စာတမ်းတစ်ခု ကို အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေခဲ့ပါသည်။ MBEI ကဲ့သို့ပင် ယင်းစာတမ်းသည်လည်း ပြည်နယ်/တိုင်းဒေသကြီး အုပ်ချုပ်စီမံရေး ကိုသာ အဓိကထားခြင်း ဖြစ်ပြီး MBEI အောက်ရှိ အညွှန်းကိန်းခွဲများ နှင့် အစိုးရအေဂျင်စီနှင့် ဝန်ကြီးဌာနများအကြား ဆက်စပ်မှုများကို ထုတ်ဖော်ထားခြင်း ဖြစ်သည်။ ယခုကာလတွင် အုပ်ချုပ်စီမံရေး ပုံစံများ လျှင်မြန်စွာ ပြောင်းလဲနေသည့် အားလျော်စွာ ယင်းစာတမ်းအားဖြင့် စီးပွားရေးဝန်းကျင်အပေါ် လွှမ်းမိုးမှုရှိသည့် အာဏာပိုင်များအကြောင်းကို ပိုမို နားလည် သဘောပေါက် လာနိုင်မည်ဖြစ်သည်။

ဒုတိယမြောက် စာတမ်းဖြစ်သော ***"မြန်မာနိုင်ငံ ဒေသန္တရ စီးပွားရေးအုပ်ချုပ်စီမံမှု၏ အလေ့အကျင့်ကောင်းများ- မြန်မာ့ စီးပွားရေး ဝန်းကျင်ညွှန်းကိန်း ၂၀၁၉ မှ တွေ့ရှိချက်များ"*** တွင် နောက်တဆင့် ထပ်မံ၍ သုတေသနပြုထားပါသည်။ ယခုစာတမ်းတွင် ပြည်နယ်၊ တိုင်းဒေသကြီး နှင့် မြို့နယ် တို့ MBEI ညွှန်ကိန်း၌ အမှတ်နည်းရခြင်း သို့မဟုတ် အမှတ်များရခြင်း အကြောင်းရင်းများကို ထုတ်ဖော်နိုင်ရန် ကြိုးပမ်းထားပါသည်။ ရည်ရွယ်ရင်းမှာ ကောင်းမွန်သော စီးပွားရေးဝန်းကျင်တစ်ခု ဖြစ်ရန် လိုအပ်သော အစိုးရ၏ အလေ့အထကောင်းများ နှင့် အောင်မြင်မှု ရရှိခြင်းများကို ထုတ်ဖော်ရန် ဖြစ်သည်။ ယခုစာတမ်းတွင် မြို့နယ်အဆင့် အစိုးရရုံးများကပင် စီးပွားရေးဝန်းကျင် ပိုမိုကောင်းမွန်စေရေး ပါဝင်ကူညီနိုင်သည့် ဥပမာများကိုလည်း ရေးသားတင်ပြ ထားပါသည်။ စီးပွားရေး ဝန်းကျင်ကောင်း တစ်ခု တည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် ခိုင်မာသော အယူအဆ များကိုလည်း တင်ပြထားပါသည်။

အစိုးရ နှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများပါ ယခုစာတမ်း အားဖြင့် စီးပွားရေးဝန်းကျင် ပိုမိုတိုးတက် ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းနှင့် အကြံဉာဏ်များ ရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ ထိုမှတဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီး တို့တွင် ပုဂ္ဂလိက ကဏ္ဍ ရှင်သန်အားကောင်းနိုင်မည့် လမ်းများ ဖန်တီးလာနိုင်မည် ဖြစ်သည်။ ယခုစာတမ်း ထုတ်ဝေနိုင်ရန် UK Aid နှင့် DaNa Facility တို့မှ ရက်ရောစွာဖြင့် ရန်ပုံငွေပံ့ပိုး ပေးထားပါသည်။ ယခုစာတမ်းတွင် ပါဝင်သည့် သဘောထား အယူအဆများသည် စာရေးသူ၏ အာဘော်သာ ဖြစ်ပြီး မြန်မာနိုင်ငံတော်အစိုးရ၊ အာရှဖောင်ဒေးရှင်း၊ UK Aid နှင့် DaNa Facility တို့၏ သဘောထားအမြင်များကို ထင်ဟပ်စေခြင်း မရှိပါ။

Dr. Matthew B. Arnold, Ph.D

*ဌာနေကိုယ်စားလှယ်*

အာရှဖောင်ဒေးရှင်း မြန်မာ

ရန်ကုန်၊ ဇန်နဝါရီ ၂၀၂၀

# အတိုကောက်မှတ်စု

**CDC:** City Development Committee
မြို့တော်စည်ပင်သာယာရေး ကော်မတီ

**DAO:** Development Affairs Organization
စည်ပင်သာယာရေးအဖွဲ့

**DISI:** Directorate of Industrial Supervision and Inspection
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

**ECD:** Environmental Conservation Department
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန

**FDA:** Food and Drug Administration
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

**FGLLID:** Factories and General Labor Law Inspection Department
စက်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန

**GAD:** General Administration Department
အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

**MBEI:** Myanmar Business Environment Index
မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း

**MP:** Member of Parliament
လွှတ်တော်ကိုယ်စားလှယ်

**SOP:** Standard Operating Procedure
လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်

**TDAC:** Township Development Affairs Committee
မြို့နယ်စည်ပင်သာယာရေးကော်မတီ

**TVET:** Technical and Vocational Education and Training
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး

**VFV:** Vacant, Fallow and Virgin
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း

# မာတိကာ

၄ အတိုကောက်မှတ်စု
၇ မိတ်ဆက်
၈ သုတေသနနည်းနာ

အခန်း ၁
၁၀ ကောင်းသောအလေ့အကျင့် ဖော်ထုတ်ခြင်းပေါ်ရှိ စိန်ခေါ်မှုများ

အခန်း ၂
၁၄ ဒေသန္တရစီးပွားရေး အုပ်ချုပ်စီမံမှုတွင် အလေ့အကျင့်ကောင်းများ ရှိနိုင်ပါ၏လော
၁၆ ပြည်ထောင်စုမှ ညွှန်ကြားထားသော ကောင်းသောအလေ့အကျင့်
၁၇ ဖြစ်စဉ်လေ့လာချက် (၁) ပြည်ထောင်စုမူဝါဒအား ဒေသဆိုင်ရာမှ အကောင်အထည်ဖော်ခြင်း

အခန်း ၃
၁၉ ကောင်းသောအလေ့အကျင့်များ မောင်းနှင်သူများ

အခန်း ၄
၂၀ ဥပဒေပြုရေးနှင့် စည်းမျဉ်းမူဘောင်များဆိုင်ရာ ကောင်းသောအလေ့အကျင့်များ
၂၀ ပြည်နယ်နှင့်တိုင်းဒေသကြီး ဥပဒေများ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ
၂၁ ဖြစ်စဉ်လေ့လာချက် (၂) ရောဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ၏ ဈေးကွက်နည်းဥပဒေများကို နှိုင်းယှဉ်ခြင်း
၂၃ ဖြစ်စဉ်လေ့လာချက် (၃) မန္တလေး၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်း ဒေသကြီးများ၏ ဈေးကွက်နည်းဥပဒေများကို နှိုင်းယှဉ်ခြင်း

အခန်း ၅
၂၅ အုပ်ချုပ်ရေးနှင့်အကောင်အထည်ဖော်မှုဆိုင်ရာ ကောင်းသောအလေ့အကျင့်
၂၅ မူဝါဒ အကောင်အထည်ဖော်မှုဆိုင်ရာ ကောင်းသော အလေ့အကျင့်များ
၂၆ ဖြစ်စဉ်လေ့လာချက် (၄) မကွေးနှင့် ဖြူး လမ်းဖောက်လုပ်ခြင်း
၂၇ ဖြစ်စဉ်လေ့လာချက် (၅) ဟသ်ာတတွင် DAO လိုင်စင် ချထားပေးခြင်း
၂၈ တုံ့ပြန်မှုနှင့် ကိစ္စရပ် စီမံခန့်ခွဲမှုဆိုင်ရာ ကောင်းသောအလေ့အကျင့်
၂၉ ဖြစ်စဉ်လေ့လာချက် (၆) ဧရာဝတီတိုင်းဒေသကြီးအစိုးရ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုအပေါ် တုန့်ပြန်မှု

အခန်း ၆
၃၂ တိုင်ပင်ဆွေးနွေးခြင်းနှင့် ပွင့်လင်းမြင်သာခြင်းဆိုင်ရာ ကောင်းသော အလေ့အကျင့်
၃၂ ဖြစ်စဉ်လေ့လာချက် (၇) ဧရာဝတီတိုင်းဒေသကြီး၏ စံလုပ်ထုံးလုပ်နည်းများဆိုင်ရာ ပွင့်လင်းမြင်သာမှု
၃၄ ဖြစ်စဉ်လေ့လာချက် (၈) ဘတ်ဂျက်ပွင့်လင်းမြင်သာမှုနှင့် ရှမ်းပြည်နယ်အစိုးရ၏ ထိတွေ့ဆက်ဆံမှု

အခန်း ၇
၃၅ အကြံပြုချက်များ

၃၉ နောက်ဆက်တွဲ ၁ ခွဲအညွှန်းကိန်းအရ စစ်ဆေးထားသော ညွှန်းကိန်းများစာရင်း
၄၀ အခန်းဆုံးမှတ်စု

# မိတ်ဆက်

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အား စတင်ကျင့်သုံးလာသည့်အချိန်မှစ၍ ဗဟို ချုပ်ကိုင်မှုလျှော့ချခြင်းကြောင့် ဒေသဆိုင်ရာ လက်တွေ့စမ်းသပ်မှုများကို ပိုမိုအားထား၍ ပြဿနာ ဖြေရှင်းခြင်းနည်းများရှာဖွေရန် အခွင့်အလမ်း ကောင်းများရရှိလာခဲ့ပါသည်။ ဒေသန္တရအဆင့် အစိုးရ များ၏ ဉာဏ်ကြိုးပမ်းမှုများသည် အလားအလာရှိသော အကျိုး ကျေးဇူးများစွာကို ရရှိစေပါသည်။ ဒေသန္တရ ထိန်းချုပ်မှုနှင့် လုပ်သာကိုင်သာရှိမှုသည် တာဝန်ရှိသူများကို မူဝါဒပိုင်း အကောင်အထည် ဖော်ရာတွင် လိုအပ်သည့် အခြေအနေ အရပ်ရပ်နှင့်အညီ ပုံဖော်၍ဆောင်ရွက်နိုင်ရန် အံဝင်ခွင်ကျ ဖြစ်စေပါသည်။ ဒေသန္တရအာဏာပိုင်များသည် ဒေသခံ အမြင်များကို နယ်ပယ်မျိုးစုံတို့တွင် ထည့်သွင်းအသုံးချရန် အခွင့်အလမ်းများရရှိလာသည်။ ထိုသို့ညှိနှိုင်းတိုင်ပင်နိုင်ခြင်းကြောင့် အလားအလာရှိသော အကျိုးကျေးဇူးများကို ပိုမိုထိရောက် တိုးပွားစေပါသည်။ ဒေသခံ အရာရှိများအနေဖြင့် ပြဿနာများကို ဒေသဆိုင်ရာ အခြေအနေတွင် အဓိပ္ပာယ် ရှိသော နည်းလမ်းများဖြင့် ဖြည့်ဆည်းဖြေရှင်းရန် လွယ်ကူ စေပါသည်။

အစိုးရ၏ အစိတ်အပိုင်း အသစ်များဖြစ်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အစိုးရ အဖွဲ့များနှင့် လွှတ်တော်များ၏ အတွေ့အကြုံ နည်းပါးသေးသော်လည်း ဒေသန္တရအဆင့်တွင် ကောင်းသောအလေ့အကျင့်များ စတင်ပေါ်ထွက်လာခဲ့သည်။ ဒေသန္တရအဆင့် အစိုးရများသည် ဥပဒေနှင့် စည်းမျဉ်း မူဘောင်အစိတ်အပိုင်းများ ပြုပြင်ပြောင်းလဲခြင်း၊ အကောင် အထည်ဖော်ရာတွင် ထိန်းချုပ်မှုပုံစံအသစ်ကျင့်သုံးခြင်း၊ ပွင့်လင်းမြင်သာမှုအတွက် အားထုတ်ခြင်းနှင့် တိုင်ပင်ဆွေးနွေးမှုများတွင် ၎င်းတို့၏ ပါဝင်ပတ်သက်မှုကဏ္ဍကိုတိုးမြှင့်ခဲ့သည်။ သို့သော် ဒေသဆိုင်ရာ ထိန်းချုပ်မှုပုံစံသည် ဤဒေသများအားလုံးတွင် တူညီနေသည်မဟုတ်ပါ။ တင်းကြပ်မှုများကို စီးပွားရေး အုပ်ချုပ်စီမံမှုဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းမူဘောင်များတွင် ပိုမိုသိသာစွာတွေ့ရပြီး အများစုမှာ ပြည်ထောင်စုမှ ဆုံးဖြတ်ပေးရသည့် ကိစ္စရပ်များဖြစ်နေသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ဥပဒေပြုခြင်းနှင့် စည်းမျဉ်းဥပဒေအများစုကို ရေးသားခြင်း မရှိသော်လည်း ၎င်းတို့ကို အကောင်အထည်ဖော်ရန် မကြာခဏတာဝန် ယူကြရပါသည်။ မည်သို့ပင်ဆိုစေ ၎င်းလုပ်ငန်းများ အကောင်အထည်ဖော်မှုကို တည်ဆဲအခြေအနေများနှင့် အကိုက်ညီဆုံး လုပ်ကိုင်နိုင်အောင် ဆုံးဖြတ်ရန်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ တာဝန်ဖြစ်လာသည်။ ဤအချက်ကြောင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် အုပ်ချုပ်မှုသည် စီးပွားရေး အုပ်ချုပ်စီမံမှု၏ ရှေ့တန်းတွင် ရှိနေပြီး စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသား နှစ်မျိုးစလုံး၏ စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားမှုများကို တုန့်ပြန်နေရပါသည်။

*ပြည်နယ်နှင့်တိုင်းဒေသကြီးများသည်ဥပဒေပြုခြင်းနှင့် စည်းမျဉ်းဥပဒေအများစုကို ရေးသားခြင်းမရှိသော်လည်း ၎င်းတို့ကိုအကောင်အထည် ဖော်ရန်မကြာခဏတာဝန် ယူကြရပါသည်။ မည်သို့ပင်ဆိုစေ ၎င်းလုပ်ငန်းများအကောင် အထည်ဖော်မှုကိုတည်ဆဲ အခြေအနေများနှင့် အကိုက် ညီဆုံးလုပ်ကိုင်နိုင်အောင် ဆုံးဖြတ်ရန်မှာပြည်နယ်နှင့် တိုင်းဒေသကြီးများ၏တာဝန် ဖြစ်လာသည်။*

မြန်မာနိုင်ငံ၏ ဒေသဆိုင်ရာအဆင့် အလေ့အကျင့်များသည် တစ်ဦးချင်းစီ၏ ပဏာမခြေလှမ်း၊ ဒေသတာဝန်ခံမှု၏ ဒေသန္တရ အဆင့် အလေ့အကျင်းကောင်းများသည် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ရလဒ်များနှင့် အစိုးရ၏ မတူညီသော အစိတ်အပိုင်းများအကြား ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော နေရာများတွင် တစ်ဦးချင်းစီ ပဏာမခြေလှမ်းနှင့် ဒေသတိုက်ရိုက် တာဝန်ခံမှုတို့သည် အလေ့အကျင့်ကောင်းများကို မောင်းနှင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

သို့ရာတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးသည် ကောင်းသော အလေ့အကျင့်နှင့် အမြဲတမ်း တိုက်ရိုက် ဆက်နွယ်မှုမရှိပါ။ ဗဟိုထိန်းချုပ်မှုသည် ပင်ကိုယ်အားဖြင့် ဆိုးရွားလှသည် မဟုတ်ပါ။ နည်းပညာ ကျွမ်းကျင်မှုသည် ပြည်ထောင်စုအဆင့်တွင် ဗဟိုပြုထားသည့်နေရာဖြစ်ရာ အချို့သော ကိစ္စရပ်များတွင် ဗဟိုထိန်းချုပ်မှုဖြင့် ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်သည်။ မြန်မာနိုင်ငံတွင် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများ ရရှိနိုင်မှုသည် တိုင်ပင်ညှိနှိုင်းမှု၊ ပွင့်လင်းမြင်သာမှု၊ နည်းပညာစွမ်းရည်နှင့် စီမံခန့်ခွဲမှုအပါအဝင် အရေးကြီးသည့် နယ်ပယ်များတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအဆင့် ညှိနှိုင်းထိန်းကွပ်နိုင်ခြင်းနှင့် အစိုးရ၏ဌာနအဆင့်ဆင့်တို့အကြား ခိုင်မာသည့် ပူးပေါင်းပါဝင်မှုပေါ်တွင် မူတည်သည်။



*အစိုးရ အရာရှိများ အရှေ့ဒဂုံမြို့နယ်ရှိ လဂွန်းပြင် ရန်ကုန်စည်ပင် ရေပေးဝေရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြည့်ရှုစဉ်*

ဤအစီရင်ခံစာသည် လက်ရှိမြန်မာနိုင်ငံ၏ ဒေသန္တရ အစိုးရများ ကျင့်သုံးနေသော စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ ကောင်းမွန်သော အလေ့အကျင့်များကို ပြန်လည်သုံးသပ်ထားသည်။ မြန်မာ့ စီးပွားရေးဝန်းကျင် ညွှန်းကိန်း MBEI ကို (Hard data) အမာခံအချက်အလက်နှင့် ဆန်းစစ်ရရှိသည့် အချက်အလက် (observational data) တို့ဖြင့် စစ်တမ်းကောက်ယူ ပေါင်းစည်း၍ ထုတ်ဖော်ခဲ့သည်။ ၎င်းညွှန်းကိန်းများမှ အချက်အလက်နှင့် တိုင်းတာမှုများကို အသုံးပြု၍ ဒေသဆိုင်ရာအဆင့်၏ ကောင်းသော အလေ့အကျင့်များစွာကို ဖော်ထုတ်၍ပြသည်။ အစီရင်ခံစာသည် ကောင်းမွန်သော အလေ့အကျင့်များကို ဖော်ထုတ်ခြင်းအတွက် လိုအပ်သော နည်းနိသယများကို ပထမဦးဆုံး သုံးသပ် ရှာဖွေဖော်ထုတ်ပါသည်။ ထို့နောက် ရှုပ်ထွေးသော ပတ်ဝန်းကျင်တွင် အုပ်ချုပ်မှုအခန်းကဏ္ဍကို သီးခြားခွဲထုတ်၍ ကောင်းမွန်သော အလေ့အကျင့်ကို အကောင်အထည်ဖော်ရန် ကြိုးစားရာတွင် ဒေသဆိုင်ရာအရာရှိများ ရင်ဆိုင်နေရသော ကန့်သတ်ချက်များနှင့် ဆက်စပ်သော စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ထားပါသည်။ ထို့နောက် အစီရင်ခံစာသည် ဥပဒေရေးရာ၊ စည်းမျဉ်းမူဘောင်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစွာ တိုင်ပင်ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်နိုင်ခြင်းတို့တွင် ကောင်းသော အလေ့အကျင့်များအတွက် မောင်းနှင်အားများနှင့် သုံးစွဲခဲ့သည့် ဥပမာများကိုပါ ပြန်လည် သုံးသပ်သည်။ ဒေသန္တရ အစိုးရများအတွက် ရေတိုနှင့် အလယ်အလတ် ကာလအတွင်း ဒေသန္တရ စီးပွားရေး အုပ်ချုပ်စီမံမှုကို တိုးတက်စေရန် အကောင်အထည်ဖော်နိုင်သည့် နောက်ထပ် လုပ်ဆောင်မှုများအတွက် အကြံပြုချက်များနှင့်အတူ နိဂုံးချုပ်ထားပါသည်။

# သုတေသန နည်းနိသယ

ဤလေ့လာမှု၏ရည်ရွယ်ချက်မှာ ဒေသန္တရ အစိုးရ စီးပွားရေး အုပ်ချုပ်စီမံမှုစနစ်တွင် ကောင်းမွန်သော အလေ့အကျင့်များကို မှတ်တမ်းတင်ရန်နှင့် စီးပွားရေး အုပ်ချုပ်စီမံမှု တိုးတက်စေရန်အတွက် ဒေသန္တရ အစိုးရများအနေဖြင့် လုပ်ဆောင်နိုင်သည့် အဆင့်များအတွက် အကြံပြုချက်များကို ပြုစုရန်ဖြစ်သည်။ ဤလေ့လာမှုတွင် ကျွန်ုပ်တို့သည် အများသုံး "အကောင်းဆုံး အလေ့အကျင့်" ဟူသော ဝေါဟာရအစား "ကောင်းသော အလေ့အကျင့်" ဟု အသုံးပြုထားပါသည်။ ဤအသုံးနှုန်းသည် အကြောင်းကြောင်းကြောင့် ပိုပြီးသင့်တော်ပါသည်။ သုတေသနအဖွဲ့သည် နေရာဒေသအားလုံးသို့ စုံလင်အောင် သွားနိုင်မည် မဟုတ်သောကြောင့် သုတေသနကာလအတွင်း ကြုံတွေ့ခဲ့သော အလေ့အကျင့်များသည် 'အကောင်းဆုံး အလေ့အကျင့်' ဖြစ်ပါသည်ဟု သေချာမသိနိုင်ပါ။ ဆိုလိုသည်မှာ သုတေသန အဖွဲ့သည် ကောင်းမွန်သော အလေ့အကျင့်များကို စမ်းသပ်နိုင်ခွင့်ရရှိခဲ့သော အကြိမ်ရေနှင့် အခြားမြို့နယ်များ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးများတွင် ၎င်းတို့၏တည်ရှိမှုကို ခွဲခြား၍ သတ်မှတ်နိုင်ခြင်း မရှိဟု ဆိုလိုပါသည်။ ဤအသုံးနှုန်းကိုအသုံးပြုရခြင်း၏ နောက်ထပ်ရှိသော အကြောင်းရင်း တစ်ခုမှာ ဤအလေ့အကျင့်သည် မြန်မာနိုင်ငံရှိ အခြားနေရာများနှင့် နှိုင်းယှဉ်လျှင် ကောင်းမွန်သော်လည်း အချို့သောတိုးတက်မှုများအတွက် ထပ်မံတိုးတက်အောင် လုပ်ကိုင်နိုင်သော အခွင့်အလမ်းများ ရှိသည်ကိုတွေ့ရှိ၍ဖြစ်သည်။ 'အကောင်းဆုံးအလေ့အကျင့်' ဟု ဆိုလိုက်လျှင် မြန်မာနိုင်ငံရှိ အခြားမြို့နယ်များအတွက်ပါ မှန်ကန်သောချဉ်းကပ်မှုအဖြစ် ရည်ညွှန်းချက်ပေးသည် ဟူသော သဘောသက်ရောက် သွားနိုင်ပါသည်။ မည်သို့ဆိုစေ၊ရှင်းလင်းမှုကို တိုးမြှင့်စေလိုသော သုတေသန ဖြစ်ပြီး အကန့်အသတ်ရှိသောကြောင့် အစီရင်ခံစာတွင် 'ကောင်းသောအလေ့အကျင့်' ဟူသော ဝေါဟာရကိုသာ အသုံးပြုလိုက်သည်။

ကောင်းမွန်သောအလေ့အကျင့်များကို ဖော်ထုတ်ရာတွင် ကျွန်ုပ်တို့သည် တစ်နိုင်ငံလုံး အတိုင်းအတာကို ကိုယ်စားပြုနိုင်ရန် မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီး(၁၄)ခု နှင့် နေပြည်တော်ရှိ ကုမ္ပဏီပေါင်း (၄၈၀၀) နီးပါးတို့၏ စစ်တမ်းများမှ ရရှိသော အချက်အလက်များကို အသုံးပြုထားပါသည်။ ဤအချက်အလက်များကို မြန်မာနိုင်ငံရှိ Asia Foundation မှ အကောင် အထည်ဖော်သည့် Myanmar Business Environment Index (MBEI) အတွက် ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ အပါအဝင် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း စီမံချက်၏ အစိတ်အပိုင်းများ ဖြစ်သော ပုဂ္ဂလိက အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အတွက် စီးပွားရေး စီမံအုပ်ချုပ်မှု ကို တိုင်းတာခြင်းနှင့် မြန်မာ့စီးပွားရေး စီမံအုပ်ချုပ်သူများ ကဲ့သို့သော ယခင်သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာခြင်းများကိုပါ လေ့လာခဲ့သည်။[၁] ဤဒုတိယ အရင်းအမြစ်မှ ခွဲခြမ်းစိတ်ဖြာပြီး သုတေသနအဖွဲ့သည် မြန်မာ့စီးပွားရေး စီမံအုပ်ချုပ်သော အစိုးရ အရာရှိမှသည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း မူဘောင်ထိ ချိတ်ဆက်ပုံဖော်ထားပါသည်။ ဤသို့ပြုလုပ်ခြင်းသည် အုပ်ချုပ်မှုကဏ္ဍ၌ မည်သည့်တာဝန်များကို မည်သည့်ပုဂ္ဂိုလ်က တာဝန်ယူမှု အရှိဆုံးဖြစ်ကြောင်းနှင့် MBEI မှလေ့လာခဲ့သော အမျိုးမျိုးသော ပြောင်းလဲမှုအပေါ် ကျွန်ုပ်တို့အား အဖက်ဖက်မှ အပြုသဘော သက်ရောက်နိုင်မှုရှိစေခြင်း အလို့ငှာ မည်သူတို့က အကောင်းဆုံး အကြံဉာဏ်ပေး ကူညီနိုင်မည်ဟု ဆုံးဖြတ်ရန် ဖြစ်သည်။

အလေ့အကျင့်ကောင်းများ ဖော်ထုတ်နိုင်ရန်အတွက် သုတေသန အဖွဲ့သည် မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း သုတေသန အချက်အလက်များ ကို အဆင့်ဆင့် ပြန်လည်ခွဲထုတ်ခြင်း၊ အချက်အလက်ကောက်ယူခဲ့သော မြို့နယ်တစ်ခုချင်းစီ၏ အညွှန်းကိန်းခွဲ တစ်ခုချင်းစီအပေါ် တုန့်ပြန်မှုတို့အား ပြန်လည်သုံးသပ် စစ်ဆေးခဲ့ပါသည်။[၂] ညွှန်းကိန်းတစ်ခုစီအတွက် ညွှန်းကိန်း အလွန်မြင့်မားသော မြို့နယ်များနှင့် ညွှန်းကိန်းအလွန်နိမ့်ကျသည့်မြို့နယ်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်တွင် ချွင်းချက်ဆိုင်ရာ စံသတ်မှတ်ချက်အချို့ကို ကျင့်သုံး ခဲ့သည်။ ၎င်းတို့တွင် -

- မြို့နယ် စစ်တမ်းကောက်ယူမှု (၁၀-ခု ထက်လျော့နည်းခဲ့သော) မြို့နယ်များအနေဖြင့် အညွှန်းကိန်းတွင် သူတို့၏ စွမ်းဆောင်ရည်က သိသိသာသာ အရေးမပါနိုင်သောကြောင့် ၎င်းမြို့နယ်များကို ချန်လှပ်ခဲ့သည်။
- ပထဝီအနေအထားအရ ဝေးလံသော မြို့နယ်များကိုလည်း ချန်လှပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် အချက်အလက်များ ကောက်ယူခဲ့ပြီးဖြစ်သော်လည်း ဥပမာ - ချင်းပြည်နယ်တွင် လေဆိပ်မရှိသောကြောင့် အဆိုပါမြို့နယ်များသည် အတော်ပင် ဝေးလံသွားပါသည်။ ယခု သုတေသန အသစ်အတွက် ပြန်လည် သွားရောက်လျှင် သွားရမည့်အချိန် ပိုမို လိုအပ်ပြီး ကွင်းဆင်းလုပ်ငန်း တခုလုံး၏ စွမ်းရည်ကို လျော့ကျစေနိုင်ပါသည်။
- ပဋိပက္ခဒဏ်ခံနေရသည့် မြို့နယ်များအား ချန်လှပ်ခဲ့သည်။ ရခိုင်၊ ချင်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်များသည် ပဋိပက္ခဒဏ်ခံ နယ်မြေများ ဖြစ်နေရ၍ data ကိစ္စများ၌ အရေးပါသော နိုင်ငံခြားဧည့်သည်များက လက်လှမ်းမမီနိုင်သောကြောင့် အလိုအလျောက် ဖယ်ထုတ်ခြင်း ခံရသည်။

အချက်အလက်များနှင့် ဤထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ အလားအလာရှိသော ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန်သင့်မြတ်သော မြို့နယ်များကိုဖော်ထုတ်ခဲ့သည်။ သို့သော် MBEI တွင် ခွဲညွှန်းကိန်းငယ် ၁၀၁-ခု ပါရှိသည်။ တစ်ခုချင်းစီတွင် အဆင့်မြင့်/အဆင့်နိမ့် ဟူသောမြို့နယ်များရှိသည်။ ကွင်းဆင်းလေ့လာမှုများပြုလုပ်ရန် နေရာများစာရင်းက အလုပ်ဖြစ်နိုင်သည်ထက်များသည်။ ထို့ကြောင့် ကွင်းဆင်း လေ့လာမည့်နေရာများ၏ နောက်ဆုံးစာရင်းကို ပြင်ဆင်ရန်အတွက် နောက်ထပ် အဆင့်များကို ပြုလုပ်ခဲ့သည်။ ပထမဦးစွာ ကွင်းဆင်းဆောင်ရွက်ခြင်း၌ (MBEI sub-indices) အညွှန်းကိန်းငယ် ၁၀-ခုမှ အနည်းဆုံး ခွဲညွှန်းကိန်းငယ် တစ်မျိုးပါဝင်အောင် စီစဉ်ခဲ့သည်။ ထို့နောက် "လိုက်ဖက်သောအတွဲများ" ကို ရွေးချယ်ခဲ့သည်။ ဤ "လိုက်ဖက်သော အတွဲများ" ဟုဆိုသည်မှာ တစ်မျိုးတည်းသော ခွဲညွှန်ကိန်းငယ်၌ "ကောင်းမွန်စွာ လုပ်ဆောင်သော မြို့နယ်တစ်ခု" နှင့် "ညံ့ဖျင်းသောမြို့နယ်တစ်ခု" အတွဲအစီအစဉ်အဖြစ် သွားရောက်ခြင်းဖြစ်သည်။ ခွဲညွှန်းကိန်းငယ် တစ်မျိုးတည်းဆိုင်ရာ မြို့နယ် ၂-ခု သို့ သွားရောက်စစ်ဆေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် နေရာနှစ်ခုအကြားရှိ အလေ့အကျင့်များကို နှိုင်းယှဉ်နိုင်ရန် ရည်ရွယ်၍၊ ထိုရမှတ်များကွာခြားမှု နောက်ကွယ်ရှိ အဓိက အကြောင်းရင်းများကိုလည်း ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ တစ်မျိုးတည်းသော ခွဲညွှန်ကိန်းငယ်၌ "ကောင်းမွန်စွာ လုပ်ဆောင်သောမြို့နယ်တစ်ခု" နှင့် "ညံ့ဖျင်းသောမြို့နယ်တစ်ခု" ပါဝင်သော အတွဲပေါင်း ၅-တွဲ ကွင်းဆင်းလုပ်ကိုင်ရန် ရရှိလာပါသည်။ နောက်ဆုံးအနေဖြင့် အဖွဲ့သည် ခရီးသွားချိန်ကိုလျှော့ချခြင်း နှင့် အစိုးရရုံးချိန်အတွင်း သုတေသန လုပ်ကိုင်ခွင့် ရရှိနိုင်သည့် အချိန်ကို (နံနက် ၉း၃၀ မှ ၄း၃၀ နာရီ၊ တနင်္လာနေ့မှ သောကြာနေ့) အထိ ရွေးချယ်၍ ကွင်းဆင်း ဆောင်ရွက်ခြင်းဖြင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ကြိုးစားခဲ့ပါသည်။ ဤအချက်များအပေါ် အခြေခံ၍ ကွင်းဆင်းနေရာများကို နောက်ဆုံးစာရင်း ပြုစုခဲ့သည် (သွားရောက် သောနေရာများနှင့် လေ့လာခဲ့သော အညွှန်းကိန်းများစာရင်း အပြည့်အစုံကို နောက်ဆက်တွဲ-၁ တွင် ကြည့်ပါ)။

ကွင်းဆင်းလေ့လာခြင်းကို မြန်မာ့ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ပြည်နယ်နှင့်တိုင်း ခုနစ် ခု ဖြစ်သော ဧရာဝတီ၊ ရှမ်း၊ ကချင်၊မန္တလေး၊မကွေး၊ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့တွင် ရှိသော မြို့နယ် (၁၂) ခုသို့ သွားရောက် လုပ်ဆောင်ခဲ့ပါသည်။ ယင်းလေ့လာမှု အတွက် ၂၀၁၉ စက်တင်ဘာလနှင့် အောက်တို ဘာလတို့တွင် သုံးပတ်ကြာ ကွင်းဆင်းလေ့လာခဲ့ပါသည်။ အောက်တိုဘာလ နှောင်းပိုင်းတွင် နောက်ထပ် ကွင်းဆင်းလေ့လာမှုများကို မြို့နယ်တစ်ခုတွင် ပြုလုပ်ခဲ့သည်။ အစိုးရအရာရှိများ၊ လွှတ်တော်အမတ်များနှင့် အခြားစီးပွားရေး အုပ်ချုပ်စီမံမှုအဖွဲ့ဝင်များ အင်တာဗျူးပေါင်း (၄၁) ခုကို တွေ့ဆုံမေးမြန်းခဲ့သည်။[၃]

# ၁

# ကောင်းသော အလေ့အကျင့်ဖော်ထုတ်ခြင်း အပေါ်ရှိ စိန်ခေါ်မှုများ

စီးပွားရေး အုပ်ချုပ်စီမံမှုကို အကောင်အထည်ဖော်သည့် အခြေအနေသည် မြန်မာနိုင်ငံ၏ မြို့နယ် (၃၃၀) တွင် သိသာစွာကွဲပြားသည်။ ရာသီဥတု၊ ပထဝီ အနေအထား၊ အခြေခံအဆောက်အအုံ၊ အစိုးရရုံးဝန်ထမ်း အရေအတွက်၊ ဘတ်ဂျက်ခွဲဝေမှု၊ စာတတ်မြောက်မှုနှုန်းနှင့် အခြား အကြောင်း ကွဲပြားခြားနားကြသည်။ MBEI သည် စာတတ် မြောက်ခြင်း ကဲ့သို့သော အချို့အရာများကို ထိန်းကွပ် နိုင်သည်။[၄] ဤသို့ပြုလုပ်နိုင်ခြင်းသည် စီးပွားရေး အုပ်ချုပ် စီမံမှုအား ခွဲခြမ်းစိတ်ဖြာမှုအပေါ် အချို့သောအချက်များ၏ အကျိုးသက်ရောက်မှုကို ဖယ်ရှားရန်ကူညီသည်။ သို့သော် လည်း အခြားကိစ္စရပ်များဖြစ်သည့် စနစ်ကျသော အချက် အလက်များ မရှိခြင်း (သို့) အချက်အလက်များ ပျံ့လွင့် နေခြင်းနှင့် အချက်အလက်ကောက်ယူရန် အချိန် များစွာပေးရခြင်း စသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ထိုသို့ မြို့နယ်အားလုံးတွင် အဆင့်တူခြင်းမရှိသော်လည်း ထိခိုက်နိုင်သောဒေသတွင်း အခြေအနေများက စီးပွားရေး စီမံခန့်ခွဲမှုများကို ထို 'ကစားကွင်း' ၌ လုပ်ဆောင်ရန် တာဝန်ရှိသူများအတွက် အထောက်အကူပြုနိုင်ပါသည်။ ဤစာတမ်းတွင် MBEI သည် ကောင်းသောရလဒ်များကို ပုံဖော်သည့်အချက်အလက် (data) များဖြင့် ဖော်ပြရန် နှင့် ကောင်းသောအလေ့အကျင့်များကို ခွဲထုတ်ရန်ကြိုးစားမှုများ ရှိသော်လည်း တစ်ခါတစ်ရံတွင် အခြေအနေများနှင့် အလေ့အကျင့်များကို ခွဲခြားရန် ခက်ခဲခဲ့ပါသည်။

စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုအပေါ် အခြားအချက်များ၏ အကျိုးသက်ရောက်မှုကို ခွဲခြားရန် မဖြစ်နိုင်သော်လည်း အကောင်းဆုံးအလေ့အကျင့်များကို ဆွေးနွေးခြင်းမပြုမီ ၎င်းတို့အား ပြန်လည် သုံးသပ်ခြင်းသည် အသုံးဝင်ပါသည်။ ဖြစ်နိုင်ချေရှိသည့် ဩဇာသက်ရောက်နိုင်သော အချက် များမှာ အောက်ပါတို့ ထက်မက ရှိနေမည် ဖြစ်သည် -

**သဘာဝအခြေအနေများ။** ပထဝီဒေသကွဲပြားမှု ကဲ့သို့သော အခြေအနေများသည် အခြေခံ အဆောက်အအုံများ အပါ အဝင် အစိုးရ၏ စွမ်းဆောင်နိုင်ရည်နှင့် ကုန်ကျစရိတ် ဖြည့်ဆည်း ပေးနိုင်မှုကိုလည်း ထိခိုက်နိုင်ပါသည်။ သာဓက အားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် မြစ်များနှင့် ရေလမ်း များစွာရှိသော်လည်း တံတားအနည်းငယ်သာရှိရာ တံတား ဆောက်လုပ်ရန် ကုန်ကျစရိတ်သည် လမ်းမကြီးများ တည်ဆောက်ရန်ထက် များစွာပိုသည်။ ၎င်းဒေသသည် မြန်မာနိုင်ငံရှိ အခြားသောဒေသများထက် မုတ်သုံရာသီ ဥတုဒဏ်ကိုလည်း ပိုမို ပြင်းထန်စွာ ကြုံတွေ့ခံစားရသည့် အတွက် လမ်းနှင့်ဆိုင်သောရေနုတ်မြောင်း ကုန်ကျ စရိတ် လည်းများ၏။ ဤအချက်များသည် အခြေခံ အဆောက် အဦများအတွက် ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စရိတ်များ မြင့်တက်စေနိုင်ပါသည်။

**ဈေးကွက်အခြေအနေများ။** ဥပမာအားဖြင့် - အလုပ်သမား ဈေးကွက်။ ဧရာဝတီတိုင်းရှိ ဝါးခယ်မမြို့နယ်နှင့် အခြား နေရာများတွင် အလုပ်လက်မဲ့နှုန်း မြင့်မားပြီး အလုပ်အကိုင် အခွင့်အလမ်း အလွန်နည်းပါးသည်။ တစ်စိတ်တစ်ပိုင်း အားဖြင့် လူဦးရေထူထပ်မှု နှင့် စိုက်ပျိုးရေးကို မှီခိုနေရသော လူဦးရေ၏ရလဒ်ကြောင့်ဖြစ်သည်။ ဤသည်က စီးပွားရေး လုပ်ငန်းများအတွက် အလုပ်သမားစုဆောင်းမှု ပိုမို လွယ်ကူစေပါသည်။ အလုပ်သမားဈေးကွက်ကို အုပ်ချုပ်မှုက တစ်စိတ်တစ်ပိုင်း ပုံဖော်နေသော်လည်း မွေးဖွားနှုန်း ကဲ့သို့သော အခြားအချက်များလည်း ပါဝင်သည်။ ဝါးခယ်မမှ လုပ်သားအင်အား စုဆောင်းမှုကြောင့် ရရှိသော ရလဒ် များသည် စီးပွားရေး လုပ်ငန်းများမှ အရည်အချင်းပြည့် ဝသော ဝန်ထမ်းများကို ဈေးနှုန်းချိုသာစွာဖြင့် ရှာဖွေနိုင် စွမ်းကို ထင်ဟပ်စေနိုင်သည်။ ဒေသခံ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးနှင့် တွေ့ဆုံမေးမြန်းခြင်းမှ ထိုဖြစ်စဉ်ကို သက်သေထင်ရှား သိရှိခဲ့ရသည်။ သူတို့ထံ ယခင်က အလုပ်လျှောက်ထားသူ ၅၀၀၀ ကျော်ရှိခဲ့ရာမှ တွေ့ဆုံပွဲ အစည်းအဝေး မစမီ တစ်လအလိုတွင် ရာထူး လစ်လပ် (၄၇) နေရာအတွက် လျှောက်ထားသူ (၃၁၈) ယောက်ဦးသာရှိခဲ့သည်ဟု ဆိုသည်။[၅]

**အုပ်ချုပ်ရေးရုံးများကို ပထဝီအနေအထားအရခွဲဝေခြင်း။** “မြန်မာ့စီးပွားရေးစီမံအုပ်ချုပ်မှု အတွင်းရှိအဖွဲ့အစည်းများ” (သို့) “Myanmar’s Economic Governance Actors” တွင် ဆွေးနွေးထားသည့်အတိုင်း မြို့နယ်အလိုက်အစိုးရရုံးများ ဖြန့်ဝေမှု၌ ပြည့်စုံလျော်ကန်ခြင်း မရှိပါ။ အချို့သော ဌာနများတွင် ရုံးအရေအတွက်မှာ အကန့်အသတ်ဖြင့်သာရှိပြီး မြို့နယ် အချို့တွင်သာတည်ရှိပါ၏။ ရုံးများကို ရန်ပုံငွေ ထောက်ပံ့သော ဘတ်ဂျက် ဆုံးဖြတ်ချက်များကို ပြည် ထောင်စုအဆင့်တွင် ပြုလုပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ

အနီးကပ်ရုံးခန်းတည်ရှိမှု သို့မဟုတ် မရှိခြင်းတို့သည် အရာရှိများ၏ စီးပွားရေး အုပ်ချုပ်မှု တာဝန်များကို ကောင်းမွန်စွာ ဖြည့်ဆည်းနိုင်သည့် စွမ်းရည်ကို ထိခိုက်နိုင်ပါသည်။ ဥပမာအားဖြင့် အချို့ဌာနများသည် ဝေးလံသောနယ်များသို့သွားရန် ဘတ်ဂျက် မရှိသောကြောင့် ၎င်းတို့၏ စစ်ဆေးခြင်း ကြိမ်နှုန်းကို လျှော့ချနိုင်သည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာ စက္ကူဖိုင်များကို အခြားမြို့နယ်ရှိ ရုံးများသို့ သယ်ဆောင်ရန်နှင့် လုပ်ထုံးလုပ်နည်းများအတိုင်း အလုပ်ပြီးမြောက်ရန် အချိန်ပို၍ လိုအပ်သောကြောင့် ဟုဆိုနိုင်သည်။

**လုပ်ထုံးလုပ်နည်းများအပေါ် အကျိုးသက်ရောက်စေသည့် စီးပွားရေး ဝိသေသလက္ခဏာများ။** စီးပွားရေးလုပ်ငန်းအမျိုးမျိုးသည် မတူညီသော စီမံအုပ်ချုပ်မှု လုပ်ထုံးလုပ်နည်းများ လိုအပ်သည်။ ဥပမာအားဖြင့် လျှပ်စစ်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများသည် ဗို့အားအပေါ် မူတည်၍ ခြားနားသည်။ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်လိုအပ်သည့် ပိုမိုမြင့်မားသော ဗို့အားဆက်သွယ်မှုကို လျှောက်ထားသော စီးပွားရေး လုပ်ငန်းများသည် ရှည်လျားသော လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာရသည်။ အလားတူပင် ပိုမိုကြီးမားသော စီးပွားရေးလုပ်ငန်းများတွင် စစ်ဆေးရေးမှူးများသည် စက်ရုံကြီးတစ်ခုလုံး နှင့်တကွ အလုပ်သမားများကိုလည်း စစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း အလုပ်သမားများနှင့် အချိန်ပိုမိုပေး၍ တွေ့ရလိမ့်မည်။ ရှိသမျှသော အခြားသောအချက်များ တူညီသည်ဟု သဘောထားလျှင် ပို၍ကြီးမားသောစီးပွားရေးလုပ်ငန်းများ ပို၍ရှိသောမြို့နယ်များတွင် စစ်ဆေးခြင်းပြုရာ၌ အချိပိုမိုကြာမြင့်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် မြို့နယ်များ အားလုံးတွင် အညီအမျှ ဖြန့်ဝေထားခြင်းမရှိ၍ စီးပွားရေး အုပ်ချုပ်စီမံမှု အခြေအနေကို ထိခိုက်စေပါသည်။

**လုပ်ထုံးလုပ်နည်းများအပေါ် အကျိုးသက်ရောက်သော အခြား ဝိသေသလက္ခဏာများ။** အချို့ဖြစ်စဉ်များသည် လုပ်ထုံးလုပ်နည်းများစွာရှိသည်။ ရွေးချယ်ထားသောကိစ္စ၌ ထိုကိစ္စ၏ ထူးခြားသော လက္ခဏာများပေါ်မူတည်သော လုပ်ထုံးလုပ်နည်းများရှိမည်။ ဥပမာအားဖြင့် စီးပွားရေး လုပ်ငန်းတစ်ခုမှ မြေယာလက်မှတ်ရရှိနိုင်သည့် လုပ်ထုံးလုပ်နည်း များစွာရှိသည်။ မြို့ပြမြေယာလွှဲပြောင်းမှုလုပ်ထုံးလုပ်နည်းများသည် အခြားမြေယာ ပြောင်းရွှေ့ခြင်းများထက် ပိုမို ကောင်းမွန်သည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် (၂) ခုတွင် မြို့ပြမြေယာမှတ်ပုံတင်ရန် ရက်ပေါင်း (၃၀) သာ ကြာသည်ဟု စီးပွားရေးလုပ်ငန်းများမှ တင်ပြခဲ့သည်။ မြေယာလက်မှတ် လျှောက်ထားမှုများချင်း အတူတူပင်ဖြစ်သော်လည်း မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဆိုင်ရာအတွက် သိသာရှည်လျားသော လုပ်ထုံးလုပ်နည်း များစွာရှိသည်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို မြို့နယ်အားလုံးတွင် အညီအမျှခွဲဝေခြင်း မရှိနိုင်ခြင်းကြောင့် စိန်ခေါ်မှုဖြစ်စေသည်။ ဗန်းမော်ကဲ့သို့သော အချို့မြို့နယ်များတွင် မြေလွတ်၊မြေလပ်နှင့်မြေရိုင်း မြေအသုံးချမှုလျှောက်လွှာ များစွာရှိသော်လည်း၊ လသာ ကဲ့သို့သော အခြားမြို့နယ်များတွင် မြေအသုံးချမှုလျှောက်လွှာ လုံးဝမရှိကြပါ။ ဤအချက်က လသာမြို့ထက် ဗန်းမော်တွင် အမှုတစ်ခုစီ၏ ဝန်ထုပ်ဖြစ်ပွားမှုနှုန်း သိသိသာသာ များပြားစေပြီး မြေယာပိုင်ဆိုင်ခွင့်အတွက် စီးပွားရေးအုပ်ချုပ်မှု အခြေအနေ၌ အဓိက ကွဲပြား ခြားနားမှုများကို ဖြစ်ပေါ်စေသည်။

**တိုင်ကြားမှုများ၏ ကြိမ်နှုန်း။** တိုင်ကြားမှုများသည် မြန်မာနိုင်ငံ၏ အရေးအပါဆုံး ယန္တရား တစ်ခုဖြစ်ပြီး လုပ်ငန်းစဉ်တာဝန်ခံမှု များစွာတွင် ပူးတွဲပါဝင်သည်။ တစ်စုံတစ်ဦး က တိုင်ကြားလျှင် လုပ်ငန်းစဉ်များကို ရပ်တန့်၍ အာဏာပိုင်များက စုံစမ်းစစ်ဆေးနိုင်သည်။ လိုအပ်သည့် စစ်ဆေးမှု အရေအတွက် တိုးနိုင်သည့်ပြင် စုံစမ်းမှု သို့မဟုတ် အခြားကိစ္စများ ပေါ်ပေါက်လာနိုင်ပြီး၊ လုပ်ထုံးလုပ်နည်းအတိုင်း ပြီးမြောက်ရန် အချိန်လိုအပ်၍ ထိခိုက် နိုင်ပါသည်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း မြေယာခွဲဝေမှု သို့မဟုတ် လူဦးရေ သိပ်သည်းမှု ကဲ့သို့သော အချက်များကြောင့် တိုင်တန်းမှု အဆင့်သည် တစ်နေရာနှင့်တစ်နေရာ မတူနိုင်ပါ။

**ဝန်ထမ်း မပြည့်စုံမှု အဆင့်၌ ကွဲပြားခြားနားမှု။** မြို့နယ်အဆင့်ရှိအစိုးရရုံး အများစုသည် တရားဝင်လမ်းညွှန်ချက်များအရ ဝန်ထမ်းအင်အား လုံလောက်မှုမရှိ ဖြစ်ကြသည်။ ဝန်ထမ်း အင်အား လုံလောက်မှုမရှိခြင်းသည် အချိန်ကိုက် လုပ်ငန်းပြီးစီးနိုင်မှု သို့မဟုတ် အချိန်တို အတွင်း လုပ်ငန်း ပြီးစီးနိုင်ရန် ခက်ခဲစေပါမည်။ မြို့နယ်များသည် အဆင့်မြင့်အစိုးရ ဂန်ထမ်းများ (အရာရှိ နှင့် အထက်) ခန့်ထားခြင်းကို ထိန်းချုပ်နိုင်ခြင်း မရှိသလို၊ ဒေသလုပ်သားဈေးကွက်၏ အခြေအနေအရ အနိမ့်အဆင့်ဂန်ထမ်း အမြောက်အများခန့်အပ်ထားမှု အပေါ်လည်း ထိန်းချုပ်နိုင်ရန်အကန့်အသတ် ရှိနေပါသည်။

**တွေ့ဆုံဆက်ဆံသင့်သော ခိုင်မာသည့် ပြိုင်ဖက်အင်အားစုမည်သူနည်း။** အချို့သောမြို့နယ်တို့တွင် အစိုးရအနေဖြင့် သတင်းအချက်အလက်ဖြန့်ဝေမှုကို လွယ်ကူချောမွေ့စေရန်အတွက် ဒေသန္တရစီးပွားရေးအသင်းအဖွဲ့များ ကဲ့သို့သော ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ ဆက်ဆံနိုင်သည့် မိတ်ဖက်များရှိသောကြောင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုကို ပိုမိုလွယ်ကူစေသည်ဟု မှတ်ချက်ပြုခဲ့သည်။ သာဓကအားဖြင့် ဝါးခယ်မမြို့နယ်တွင် ဆန်စက်လုပ်ငန်းရှင် များအသင်းရှိခဲ့ပြီး တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက သတင်းအချက် အလက်များကို ဖြန့်ဝေရန်သူတို့ နှင့် အမြဲတမ်း စေ့စပ်ညှိနှိုင်းနိုင်ခဲ့ကြောင်းမှတ်ချက်ပြုခဲ့သည်။

**ပဋိပက္ခ။** စစ်တမ်းကောက်ယူခဲ့သော မြို့နယ်အချို့သည် တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုံးဝဖြစ်စေ ပဋိပက္ခ သက်ရောက်မှု ခံစားနေရသော မြို့နယ်များဖြစ်ကြသည်။ အစိုးရသည် ဤဒေသများရှိ စီးပွားရေးအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုကွဲပြားခြားနားစွာ ချဉ်းကပ်လေ့ ရှိသည်။ ဥပမာအားဖြင့် ပဋိပက္ခဖြစ်ပွားရာ ဒေသတစ်ခု မှ DAO သည်အခြား TAF စီမံကိန်းသို့ သွားရောက်လည်ပတ်ခဲ့ရာ အခွန်ကောက်ခံလိုက်လျှင် ဒေသခံများအနေဖြင့် စိတ်ဆိုးဒေါသ ထွက်လာနိုင်သောကြောင့် အခွန်ကောက်

ခံခြင်းမရှိခဲ့ကြောင်း အတိအလင်း ပြောကြားခဲ့သည်။ ပဋိပက္ခသည် လုပ်ငန်းစဉ်များကို လုပ်ထုံးနှင့်အညီ ပြီးမြောက်စေရန် အချိန်ကြန့်ကြာ စေပါသည်။ ဥပမာအားဖြင့် မြေအမျိုးအစားခွဲခြားသတ်မှတ်ရန် မြေယာစစ်ဆေး သုတေသနပြုလုပ်မှုကို ခက်ခဲစေသည်။ ပဋိပက္ခဖြစ်ပွားရာ ဒေသတစ်ခုမှ အစိုးရအရာရှိများက ပဋိပက္ခကြောင့် လျှောက်လွှာများ၏ ၅ ရာခိုင်နှုန်းကို နှောင့်နှေးစေခဲ့ကြောင်းနှင့် များသောအားဖြင့် စစ်ဆေးခြင်းမပြီးစီးနိုင်ခဲ့ကြောင်း ခန့်မှန်းကြသည်။ ပဋိပက္ခများ ပြတ်တောင်း ပြတ်တောင်း ဖြစ်နိုင်သောကြောင့် လျှောက်လွှာများကို ဖြည့်စွက်ရန် လုံးဝမဖြစ်နိုင်ခြင်း မဟုတ်ဘဲ နှောင့်နှေးစွာ ပြီးစီးစေနိုင်ပါသည်။

ဤအချက်အလက်မျိုးစုံတို့သည် စီးပွားရေးစီမံအုပ်ချုပ်မှုကို ထိရောက်စွာနှင့် အကောင်အထည်ဖော်ရသည့် အရာရှိများ၏စွမ်းရည်အပေါ် သိသာသောသက်ရောက်မှုရှိစေသည်။ ၎င်းတို့သည် စီးပွားရေးလုပ်ငန်းများအပေါ် အကျိုး သက်ရောက်မှုရှိစေနိုင်ပြီး စီးပွားရေးစီမံအုပ်ချုပ်မှုအပေါ်ရှိ တုန့်ပြန်မှုများကိုလည်း ပုံဖော်နိုင်သည်။ နောက်ဆုံးအနေဖြင့်၊ မည်သည့်အချက်များက အဓိက မောင်းနှင်အား ဖြစ်နေသည်ကို တစ်ခါတစ်ရံ မရှင်းလင်းသောကြောင့် အချက်အလက်များ၏ ခွဲခြမ်းစိတ်ဖြာမှုနှင့် အနက်အဓိပ္ပါယ်ကောက်ယူမှုကို ရှုပ်ထွေးစေနိုင်သည်။ မြေယာအသိအမှတ်ပြုလုပ်ငန်းစဉ်တွင် ဆက်စပ်စဉ်စားရမည့် အကြောင်းအရာ နှင့် အခြေအနေ ကွဲပြားမှုကြောင့် အနက်အဓိပ္ပါယ် ကောက်ယူနိုင်သောနှုန်းထား မည်သို့ရှိသည်ကို အထက်တွင် ဥပမာတစ်ခု အနေဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ မြန်နှုန်းတိုင်တာမှု(-Metrics)များကို အလေ့ကျင့်၏ အရည်အသွေးအတွက် proxy (ကိုယ်စားပြု) အဖြစ်အသုံးပြုလေ့ရှိသည်။ လျင်မြန်သော အဖြေရလဒ်ကာလသည် ကောင်းသော အလေ့အကျင့်နှင့် ညီမျှ၏။ သို့သော်လည်း အချို့သော မြို့နယ်များတွင် အစိုးရအရာရှိများ၌ အခြားထည့်သွင်းစဉ်းစားမှုများ သို့မဟုတ် ဦးစားပေးမှုများရှိကြ၍ လုပ်ငန်းစဉ်ပြီးစီးချိန် ကာလအပေါ် အကျိုးသက်ရောက်မှုရှိစေသည်။

လက်ရှိအနေအထားတွင် အစိုးရက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အဖြစ် သတ်မှတ်ထားသော မြေများကို အသုံးပြုရန်အတွက် လျှောက်ထားခွင့်ရှိသော တရားဝင် နည်းလမ်းမျိုးစုံ အနက်မှ တစ်နည်းနည်းဖြင့် လက်မှတ်များရရှိရန် တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများက မြေယာအသိအမှတ်ပြု လျှောက်လွှာတင်သွင်းလျှင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ကော်မတီ အပါဝင် ပြန်လည်သုံးသပ်ရန် တာဝန်ရှိသည့် ကော်မတီက မြေယာအသိအမှတ်ပြု လက်မှတ်များကို တရားဝင် လမ်းကြောင်းများမှတစ်ဆင့် ခွင့်ပြုနိုင်သည်။ တစ်နည်းအားဖြင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ကော်မတီသည် လျှောက်လွှာများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များကို အချိန်မီပြန်လည်သုံးသပ်ရန် လိုအပ်သည်။ မြေလွတ်၊မြေလပ်နှင့်မြေရိုင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် အောက်ပါအချိန်ကန့်သတ်မှုများ ပါဝင်သည်။

- လူသိရှင်ကြားကြေငြာပြီး ကန့်ကွက်မှုများအတွက် ရက် (၃၀) ခွင့်ပြုပါ။
- မြေလွတ်၊မြေလပ်နှင့်မြေရိုင်း လျှောက်လွှာကို ကန့်ကွက်သူ ရှိလျှင် မြို့နယ်ဌာနသည် ပြန်လည်သုံးသပ်၍ (၇) ရက် အတွင်း တိုင်းဒေသကြီး (task force) လုပ်ငန်းအဖွဲ့သို့ ပို့ရမည်။ လုပ်ငန်းအဖွဲ့ နှင့် ကော်မရှင်၏ စစ်ဆေးခြင်းသည် နောက်ထပ် (၇) ရက် အတွင်း ပြီးစီးမည်။[၆]
- အကယ်၍ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းလျှောက်လွှာကို ကန့်ကွက်သူမရှိလျှင် မြို့နယ် ဌာနသည် (၇) ရက် အတွင်း တိုင်းဒေသကြီး ထံပေးပို့ပြီး၊ ထိုမှတဆင့် (၇) ရက် အတွင်း တိုင်းဒေသကြီးဦးစီးဌာနသို့ ပို့စေရမည်။ တိုင်းဒေသကြီး ဦးစီးဌာနက တိုင်းဒေသ ကြီး/ပြည်နယ် လုပ်ငန်းအဖွဲ့သို့ (၇) ရက် အတွင်း ပေးပို့ရမည်။[၇]

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း မြို့နယ်ကော်မတီဝင်ဖြစ်သော တွေ့ဆုံမေးမြန်းခဲ့သူ တစ်ဦး၏ ပြောကြားချက်အရ ဆိုလျှင် တိုင်ကြားချက်များ မရှိပါက လုပ်ငန်းစဉ်သည် (၃) လကြာသည်။[၈] သို့သော် တိုင်ကြားချက် တစ်စုံတစ်ခု ပြုလုပ်လာပါက ၎င်းလျှောက်လွှာကို ပြန်လည်သုံးသပ်ရန် အချိန်ယူရသည့်အတွက် အချိန်ကြန့်ကြာမှုကို သိသိသာသာ တိုးစေနိုင်ပါသည်။

အခြားတစ်ဖက်တွင် မြေလွတ်၊မြေလပ်နှင့်မြေရိုင်း မြေယာ အသုံးချမှုများသည် အကျိုး သက်ဆိုင်သူများစွာ ပါဝင်နိုင်သည့်အလျောက် ရှုပ်ထွေးနိုင်ပြီး နိုင်ငံရေးအရ ထိခိုက်လွယ်ပါသည်။ ဤရှုပ်ထွေးမှုများသည် လယ်သမားများ သို့မဟုတ် မြေယာအသုံးပြုမှု သမိုင်းကြောင်းရှိသော်လည်း အစိုးရမှ အသိအမှတ် ပြုခြင်း သို့မဟုတ် တရားဝင် အသိအမှတ်ပြုခံရခြင်း မရရှိခဲ့သော အခြားသူများ၏ ရိုးရာမြေယာ တောင်းဆိုမှုများတွင် မကြာခဏ ဖြစ်ပေါ်လေ့ရှိပါသည်။ ဤရှုပ်ထွေးမှုများကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကော်မတီများသည် အများသဘောတူညီမှု မပါဘဲ ဆုံးဖြတ်ချက်ချရန် အလွန်တွန့်ဆုတ် ကြသည်။ အဖွဲ့ဝင်တစ်ဦးက လျှောက်ထားချက်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်လိုသော်လည်း၊ ၎င်းတို့သည် "ဆန္ဒစော အမှားများသို့ အလျင်အမြန်မရောက်လိုပါ" ဟု မှတ်ချက်ပြုခဲ့သည်။ ပိုင်ဆိုင်မှုနှင့်မြေယာ အသုံးပြုမှုဆိုင်ရာ သမိုင်းကြောင်း မှတ်တမ်းများကို လွယ်လင့်တကူရရှိနိုင်မှု မရှိသောကြောင့် အစိုးရအရာရှိများသည် သက်ဆိုင်သူများအားလုံးနှင့်အတူ တကွကြွစွာတိုင်ပင်ဆွေးနွေးပြီး၍ ကောင်းစွာမှတ်တမ်းတင်ထားသော မှတ်တမ်းမှတ်ရာ ရှိရန်လိုအပ်ကြောင်း သတိပြုမိပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ကော်မတီဝင်တစ်ဦးမှ "ကော်မတီသည် လျင်မြန်စွာဆုံးဖြတ်ပြီး အမှားပြုလျှင် ၎င်းတို့သည်တာဝန်ခံ ရလိမ့်မည်" ဟုမှတ်ချက်ပြုခဲ့သည်။ ဤအချက်ကြောင့် သူတို့သည် "လျင်မြန်မှုကို အာရုံစိုက်ရန် ဦးစားမပေးနိုင်ဘဲ စေ့စပ်ညှိနှိုင်းတိုင်ပင်ခြင်းကို အာရုံစိုက်၍ ဆောင်ရွက်လိုကြပါသည်။"[၉]

ဤဖြစ်စဉ်ယန္တရားကြောင့် မြေယာလက်မှတ်ရရှိရန် လိုအပ်သော အချိန်ကာလနှင့် ပတ်သက်သော အချက်အလက်များကို အနက်အဓိပ္ပါယ်ပြည့်စုံသော ဘာသာ

ပြန်နိုင်မှု ရရှိရန်ခက်ခဲပါသည်။ အလွတ်သဘော ငွေပေးချေမှုကိုရရန် (မကောင်းသောအလေ့အကျင့်) အစိုးရအရာရှိတစ်ဦးသည် ကြိုးစားနေသောကြောင့် လုပ်ငန်းစဉ်ရှည်လျားကြောင်း ဖော်ပြသည့် တုံ့ပြန်မှုသည် ထိရောက်မှုညံ့ဖျင်းမှုကို ညွှန်ပြနိုင်သည်။ သို့သော် သက်ဆိုင်သူအားလုံးအနေဖြင့် လက်ခံနိုင်သော အဖြေရလဒ် ရရှိစေရန် အားလုံးပါဝင်နိုင်ပြီး ပြည့်စုံသော စုံစမ်းစစ်ဆေးမှုနှင့် စေ့စပ်ညှိနှိုင်းမှု ကာလကိုလည်း ညွှန်ပြနိုင်သည် (ကောင်းသောအလေ့အကျင့်)။ မည်သို့ဆိုစေ၊ ကွဲပြားခြားနားသော အခြေအနေ မျိုးစုံကြောင့် မြေယာအသိအမှတ်ပြု လက်မှတ်အတွက် လုပ်ငန်းစဉ်ကာလ နှင့် အလေ့အကျင့် ကောင်းများအကြားရှင်းလင်းသော ဆက်နွယ်မှုကို ဖော်ထုတ်ရန် မဖြစ်နိုင်ပါ။

အချက်အလက်များကို စစ်ဆေးခြင်းနှင့် ပတ်သက်သော နိုင်ငံတော်၏ စည်းမျဉ်းစည်းကမ်းများသည် အရေးကြီးသောကိစ္စဖြစ်သော်လည်း တစ်ခါတစ်ရံတွင် လိုအပ်ချက်များသည် အချို့သော အခြေအနေများတွင် သို့မဟုတ် စစ်ဆေးမှုများ၌ ဗျူရိုကရေစီယန္တရားပုံစံ ပုဂ္ဂိုလ်ရေး ကိုယ်ကျိုးအမြတ်အတွက် အသုံးပြုခံရနိုင်သော အကျင့်ပျက်ခြစားမှုဆိုင်ရာ အခွင့်အရေးပေးသည့် သဘော ဖြစ်လာနိုင်သောကြောင့် စစ်ဆေးခြင်းနှင့်ပတ်သက်သော အချက်အလက်များကို ဘာသာပြန်ရာတွင် အလားတူ စိန်ခေါ်မှုရှိသည်။ မြန်မာနိုင်ငံတွင်စစ်ဆေးခြင်းကို ယေဘုယျအားဖြင့် ဖော်ပြပါအချက်များအပါဝင် အမျိုးအစားအနည်းငယ်အဖြစ် ခွဲထားသည်။

- တိုင်ကြားချက် မောင်းနှင် စစ်ဆေးမှု။ ဤစစ်ဆေးမှုများသည် အာဏာပိုင်များစွာပါဝင်ပြီး၊ အစိုးရ၏ တုန့်ပြန်မှုကိုပြသသော မကျေနပ်မှုများကို ဖြေရှင်းရာတွင် အသုံးပြုလေ့ရှိသော ကိရိယာတစ်ခုဖြစ်သည်။ လုပ်အားများစွာ စိုက်ထုတ်ရသောကြောင့် ၎င်းတို့က ရှားပါးကြ ပါသော်လည်း ယေဘုယျအားဖြင့် ကောင်းမွန်သော အုပ်ချုပ်စီမံရေး၏ ဥပမာတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။
- လိုက်နာရန်လိုအပ်ချက်များ မောင်းနှင် စစ်ဆေးမှု။ FGLLID သို့မဟုတ် Food and Drug Administration (FDA) ကဲ့သို့သောဌာနများက ပြုလုပ်သော စစ်ဆေးမှုများဖြစ်၍ လိုက်နာမှုကိုသေချာစေရန် ဒီဇိုင်းချပြုလုပ်ပါသည်။ ၎င်းတို့သည်အများအားဖြင့် ပုံမှန်မဟုတ် (မြို့နယ်တစ်ခုတွင် နှစ်စဉ်စီးပွားရေးလုပ်ငန်း ၁၀% ခန့်သာ လာရောက်လည်ပတ်ကြသည်) သူတို့ကို ယေဘုယျအားဖြင့် ကောင်းမွန်သော အုပ်ချုပ်စီမံမှု စံနမူနာအဖြစ် ရှုမြင်နိုင်သည်။
- လိုင်စင်နှင့်ပါမစ် မောင်းနှင်စစ်ဆေးမှု။ DISI ကဲ့သို့သောဌာနများက ပြုလုပ်သော ၎င်းစစ်ဆေးမှုများသည် လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လိုအပ်သည်။ ယေဘုယျအားဖြင့် ဤကိစ္စသည် တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်ရပြီး၊ ဆောက်လုပ်ရေးပါမစ် ကဲ့သို့သော လုပ်ငန်းစဉ် နှင့် အခြားထူးခြားဖြစ်စဉ်များ စစ်ဆေးခြင်း တစ်ခါတစ်ရံ ရှိတတ်သည်။ သူတို့၏ အသုံးဝင်မှု ကွဲပြားခြားနားပါသည်။

ဥပဒေလိုက်နာမှုကို စောင့်ကြည့်လေ့လာရန်နှင့် တိုင်ကြားမှုများကို ဖြေရှင်းရန်အတွက် စီးပွားရေး လုပ်ငန်းအချို့ကို စစ်ဆေးရန်လိုအပ်သည်။ သို့သော် ဆက်ဆံရေးသည် ရိုးရိုးရှင်းရှင်း မဟုတ်ပါ။ စစ်ဆေးခြင်းတွင် အကောင်းနှင့် အကျင့်ဆိုးများကို ခွဲထုတ်ရန်ခက်ခဲပါသည်။

နောက်ဆုံးအနေဖြင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်၏ အသိုင်းအဝိုင်းအား၊ အလေ့အကျင့် ကောင်းများကိုပြသရန် နှင့် မောင်းနှင်သည့်တစ်ဦးချင်း သို့မဟုတ် ဌာနများကို သီးခြားခွဲထုတ်ရန် ခက်ခဲစေသည်။ စီးပွားရေး အုပ်ချုပ်စီမံမှုတွင် ထင်ရှားသော ဒေါင်လိုက်နှင့်အလျားလိုက် ပေါင်းစည်းမှု ရှိကြောင်းတွေ့ရှိရပါသည်။ ဤသို့ပူးပေါင်းလုပ်ဆောင်ခြင်းတွင် ကောင်းမွန်သော အလေ့အကျင့်များ စနစ်တကျရှိနေရာ မည်သူက အဓိကဦးဆောင် မောင်းနှင်နေသည်ဟု ဆုံးဖြတ်ရန် ခက်ခဲပါသည်။ အလားတူပင် ကော်မတီများသို့ လွှဲပြောင်းပေးသည့် သိသာထင်ရှားသော ဆုံးဖြတ်ချက်ချမှုများလည်း ရှိသည်။ ထိုကော်မတီများတွင် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များသည် ထိုးဖောက်မြင်သာနိုင်မှု အနည်းငယ် လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ မြို့နယ် (၃၃၀) ရှိ မြို့နယ်ထွေ/အုပ်၏ အဓိကတာဝန်အခန်းကဏ္ဍနှင့် စီမံခန့်ခွဲမှုကော်မတီများအကြား ဖြစ်စဉ်ယန္တရား၌ သိသာကွဲပြားခြားနားမှု ရှိသောကြောင့် ကောင်းမွန်သော အလေ့အကျင့် သို့မဟုတ် အဓိကအရာရှိများဟု ဖေါ်ပြရန် ခက်ခဲမှုရှိနေပါသည်။

# ၂

# ဒေသန္တရစီးပွားရေး အုပ်ချုပ်စီမံမှုတွင် အလေ့အကျင့်ကောင်းများ ဘယ်မှာ ရှိပါသလဲ

ဒေသန္တရစီးပွားရေးအုပ်ချုပ်စီမံမှု၏ တိုးတက်စေခြင်းနှင့် ကောင်းမွန်သောအလေ့အကျင့်များ ပြသမှုတို့ကို ကမ္ဘာ့မျိုးစုံနှင့် အခြေအနေအမျိုးမျိုးတွင် အသုံးပြုနိုင်သည်။ သို့ရာတွင် ဒေသန္တရ စီးပွားရေးအုပ်ချုပ်စီမံမှုတာဝန်ရှိသူများအတွက် ပြည်ထောင်စုအစိုးရက အဓိပ္ပာယ်ပြည့်ဝစွာ ပုံဖော်ထားသော စနစ်တစ်ခုအတွင်း ဆက်လက်လည်ပတ် နေဆဲဖြစ်သည်။ ဤစနစ်သည် ဒေသန္တရ ဆောင်ရွက်သူများ၏ ဒေသန္တရစီးပွားရေးအုပ်ချုပ်စီမံမှု တိုးတက်စေရန်နှင့် အကောင်းဆုံး အလေ့အကျင့်များတွင် ပါဝင်နိုင်မှုကို ကန့်သတ်ထားသော နယ်နိမိတ်များကို ဖန်တီးသည်။ ဒေသဆိုင်ရာ စီးပွားရေးအုပ်ချုပ်စီမံမှု အလေ့အထများ ပေါ်လွင်ထင်ရှားသည့် ဒေသများအား ပြန်လည် သုံးသပ်ခြင်းမပြုမီ အုပ်ချုပ်စီမံမှုစနစ်နှင့် ဒေသန္တရဆောင်ရွက်သူများ ကြုံတွေ့ရသော အခက် အခဲများကို ပြန်လည်သုံးသပ်နိုင်လျှင် ပိုမိုအသုံးဝင်မည်ဖြစ်၏။ ၎င်းနည်းလမ်းသည် ကောင်းသော အလေ့အကျင့်ကို အသုံးချနိုင်သည့် အချိန်ကာလကို နားလည်ရန် ကူညီပါမည်။

ပြည်နယ်နှင့်တိုင်းအဆင့် အစိုးရများ လိုက်နာရမည့် ပြည်ထောင်စုအစိုးရမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများစွာရှိသည်။ ဤကဲ့သို့ အဆင့်ဆင့်ပေါ် ကြီးမှူးကြီးစိုးအာဏာပိုင်ခြင်းသည် “တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မကိုက်ညီပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈(ခ) အရ ပြည်ထောင်စုလွှတ်တော်၏ ပြဋ္ဌာန်းချက်က လွှမ်းမိုးအတည်ဖြစ်စေရမည်” ဟူသောပြဋ္ဌာန်းချက်က သက်သေထူသည်။[၁၀] ပြည်ထောင်စုဥပဒေ များနှင့်သက်ဆိုင်သည့် နယ်မြေများကို ပြည်ထောင်စု ဥပဒေပြုစာရင်း (ဇယား ၁) တွင်အသေးစိတ် ဖော်ပြထားသည်။ ပြည်ထောင်စု ဥပဒေ ပြဋ္ဌာန်းခြင်း မပြုရသေးသော ဒေသများကို ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြု စာရင်း (ဇယား ၂) တွင်အသေးစိတ် ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စု အစိုးရသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်များကို ချဲ့ထွင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဤနယ်မြေအသစ်များတွင် အရေးပါသော စကားစုတစ်ခုပါဝင်သည်။ “အာဏာသစ်များအား ပြည်ထောင်စု ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဆောင်ရွက်ခွင့်ရှိသည်” ဟူ၍ဖြစ်၏။[၁၁]

ပြည်ထောင်စုဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် DAOများ အပါ အဝင်၊ ပြည်နယ်အဆင့်တိုင်းအစိုးရအဆင့် အားလုံးနှင့်သက်ဆိုင်သည်။ သို့မဟုတ်ပါက ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ ကြီးကြပ်မှုမပါဘဲ လုပ်ကိုင်ရန် သိသာထင်ရှားသည့် လွတ်လပ်မှုရရှိသွားမည်။ ဥပမာအားဖြင့် ပြည်ထောင်စုအစိုးရသည် တင်ဒါခေါ်ယူခြင်းအတွက် အုပ်ချုပ်မှု မူဘောင်တစ်ခုပေးရန် တင်ဒါစာရွက်စာတမ်း ၁/၂၀၁၇ ကိုထုတ်ပြန်ခဲ့သည်။ ဤစာတမ်းသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ နှင့် DAO များအပါအဝင် အစိုးရ၏အစိတ်အပိုင်းအားလုံးနှင့် သက်ဆိုင်သည့် တင်ဒါခေါ်ယူမှုအတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ လိုအပ်သည်မှာ ကျပ် ၁၀ သန်း အောက်တင်ဒါများအတွက် မြို့နယ်စည်ပင် သာယာရေး ကော်မတီ(TDAC) ၏ ကြီးကြပ်မှုဖြင့် DAO ဦးစီးဌာနသည် ၎င်းတို့အား ဒေသအလိုက် စီမံခန့်ခွဲနိုင်သည်။ သို့သော်ကျပ် ၁၀ သန်းကျော် တင်ဒါများကို ပြည်နယ်/တိုင်းဒေသကြီး တင်ဒါ ကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဇယား (၂) အရ ပြည်နယ်နှင့်တိုင်းဒေသကြီးများ ဥပဒေပြု အုပ်ချုပ်နိုင်သော စည်းမျဉ်းစည်းကမ်းများမှ လွဲ၍ ဌာနအားလုံးအတွက် အကျုံးဝင်သော ဌာနဆိုင်ရာများ၏ လုပ်ငန်းစဉ်များသည် စည်ပင်သာယာရေးအဖွဲ့အစည်းများမှတစ်ပါး အားလုံးအတူတူပင်ဖြစ်သည်။ ဥပမာအားဖြင့် အချို့ဌာနများသည် ၎င်းတို့၏ ပုံမှန်စံချိန်ညီလည်ပတ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြည့်ရသည်။ ဤသည်မှာ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန (DISI) နှင့် စက်ရုံများနှင့် အထွေထွေအလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန (FGLLID) နှစ်ခုလုံးအတွက် စီးပွားရေးလုပ်ငန်း စစ်ဆေးမှုများ ပြီးဆုံးချိန်တွင် အသုံးပြုသော ပုံစံများ ရှိသည်။ မြို့နယ်များအကြား ပုံစံအမျိုးမျိုး ကွဲပြားမှုမရှိပါ - ၎င်းတို့ အားလုံးသည် ပြည်ထောင်စုအစိုးရ၏ ပုံစံတူညီ အသုံးပြုကြသည်။ ပညာရေးသည်လည်း တူညီသော လက္ခဏာများကို ပြသသည်၊ သင်ရိုးညွှန်းတမ်း

အားလုံးကို ဗဟိုမှ ရေးဆွဲပေးသည့်အတိုင်း သုံးစွဲကြသည်။ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်ရေးကျောင်း (TVET) ကျောင်းမှ တွေ့ဆုံမေးမြန်းခံခဲ့ရသူ တစ်ဦးက "TVET စင်တာသည် ဘီလင်းတွင်ရှိသည်။ သူတို့က သင်ရိုးညွှန်းတမ်းကို TVET ကျောင်းအားလုံးအတွက် လုပ်ပါတယ်" ဟုဆိုပါသည်။[၁၂]

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှု အဆင့်များသည် ပြည်ထောင်စုဝန်ကြီးဌာန၏ ဝန်ဆောင်မှု စည်းမျဉ်းစည်းကမ်းများအတိုင်းဖြစ်ပြီး လစာ၊ ပင်စင်များ၊ လုပ်ထုံးလုပ်နည်းများ၊ အလုပ်စည်းကမ်းချက်များနှင့် အခြေအနေများက အစိုးရဝန်ထမ်းအလားတူ အလုပ်အကိုင်နှင့် ရှုထောင့်တူ၏။ ဒေသလုပ်သားဈေးကွက် အခြေအနေမည်သို့ပင်ရှိစေကာမူ ပြည်နယ်နှင့်တိုင်းဒေသ ကြီးများသည် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများကို ထိန်းညှိပြောင်းလွယ်ပြင်လွယ်မရှိပါ။ ၎င်းတို့သည် ပင်စင်ဘတ်ဂျက်ကို ၎င်းတို့၏ ကိုယ်ပိုင်ဘတ်ဂျက်များထဲမှ ထည့်ဝင်ရန် တာဝန်ရှိသည်။ အထူးသဖြင့် ဒေသတွင်းမှရရှိသောဝင်ငွေများအပေါ် လုံးဝမှီခိုနေရသော DAO များအတွက် ပြဿနာ ဖြစ်နိုင်သည်။ အစိုးရဝန်ဆောင်မှု စည်းမျဉ်းများတွင် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းဖေါ်ပြထားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ဗဟိုချုပ်ကိုင် စနစ်၏ အဓိက အတားအဆီးတစ်ခုမှာ ၎င်းတို့အနေဖြင့် ငှားရမ်းခြင်းအပေါ် ထိန်းချုပ်နိုင်ခြင်းမရှိခြင်း၊ အထူးသဖြင့် ဒေသခံငှားရမ်းခြင်းတို့တွင် အလုပ်လုပ်ရမည့် ပထဝီဒေသနှင့် ရင်းနှီးကျွမ်းဝင်သော အဆင့်မြင့် ဝန်ထမ်းများကို ငှားရမ်းခြင်း၌ ပါဝင်ထိန်းချုပ်နိုင်ခြင်း မရှိခြင်းဖြစ်သည်။

စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှုနယ်ပယ်အများစုနှင့် စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှုတွင် ပါဝင်သည့် အစိုးရဌာနများ အများစုသည် နောက်ဆုံးတွင် ပြည်ထောင်စုဥပဒေများ အောက်တွင်ရှိသည့် စီးပွားရေးအုပ်ချုပ်မှုလုပ်ငန်းများကိုသာ အကောင်အထည်ဖော်ရင်း အချိန်အများစု ကုန်ဆုံးကြသည်။ ထို့ကြောင့်သူတို့သည် ၎င်းတို့လုပ်ကိုင်နေသော ဥပဒေနှင့် စည်းမျဉ်းမူဘောင်ကို ပုံသွင်းရန်အတွက် ခွန်အားဖြည့် လုပ်ကိုင်နေကြရာ ကောင်းသောအလေ့အကျင့်ကို စမ်းသပ်ခွင့် မရရှိဘဲ ပြောင်းလဲမှု ပြသရန် အခွင့်အလမ်းနည်းပါးပါသည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ DAO များနှင့် မြို့တော် ဖွံ့ဖြိုးတိုးတက်မှု ကော်မတီများ (CDCs) ကဲ့သို့သော သိသာထင်ရှားသည့် ဌာနဆိုင်ရာအချို့ တို့သည် အများအားဖြင့် ပြည်ထောင်စုဥပဒေများ၏ အုပ် ချုပ်မှုအောက်တွင် မရှိသောကြောင့် အလေ့အကျင့် ကောင်း

*စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှုနယ်ပယ်အများစုနှင့် စီးပွားရေးဆိုင်ရာ အုပ်ချုပ်စီမံမှုတွင် ပါဝင်သည့် အစိုးရဌာနများ အများစုသည် နောက်ဆုံးတွင် ပြည်ထောင်စု ဥပဒေများ အောက်တွင်ရှိသည့် စီးပွားရေး အုပ်ချုပ်မှု လုပ်ငန်းများကိုသာ အကောင်အထည် ဖော်ရင်း အချိန်အများစု ကုန်ဆုံးကြသည်။*

ဇယား (၁)

**ဒေသဆိုင်ရာ အစိုးရများမှ အလေ့အကျင့်ကောင်းများကို ဘယ်မှာပုံဖော်နိုင်ပါသလဲ**

| | အစိုးရအဆင့် | | |
|---|---|---|---|
| | ပြည်ထောင်စု | ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် |
| ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ပါဝင်သော ဧရိယာများ (ဇယား ၁) | ဥပဒေများ၊ စည်းမျဉ်းများ အကောင်အထည်ဖော်မှု | အကောင်အထည်ဖော်မှု | အကောင်အထည်ဖော်မှု |
| ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုစာရင်း၌ ပါဝင်သည့် ဒေသများ (ဇယား ၂) | ဆက်စပ် ဥပဒေများ၊ စည်းမျဉ်းများ | ပင်မဥပဒေများ၊ စည်းမျဉ်းများ၊ အကောင်အထည်ဖော်မှု | အကောင်အထည်ဖော်မှု |
| ပြည်ထောင်စုအစိုးရက ပြဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည် | ပင်မဥပဒေများ၊ ဆက်စပ်ဥပဒေများနှင့် စည်းမျဉ်းများ | စည်းမျဉ်းများ၊ အကောင်အထည်ဖော်မှု | အကောင်အထည်ဖော်မှု |
| မြူနီစီပယ်ရေးရာ | ဆက်စပ်ဥပဒေများ | ပင်မဥပဒေများ၊ အကောင်အထည်ဖော်မှု | နည်းဥပဒေများ၊ အကောင်အထည်ဖော်မှု |

*မှတ်ချက် - ပင်မဥပဒေများ ဆိုသည်မှာ စီးပွားရေး အုပ်ချုပ်မှုဆိုင်ရာ ကဏ္ဍတစ်ခု သို့မဟုတ် ပြဿနာ တစ်ရပ်ရပ်အား ပုံဖော်ဖြေရှင်းနိုင်သည် အဓိက ဥပဒေများ ဖြစ်သည်။ ဥပမာ - သတ္တုတွင်းဥပဒေများသည် သတ္တုတွင်းကဏ္ဍ အုပ်ချုပ်စီမံရေးကို ပုံဖော်သည်။ ဆက်စပ်ဥပဒေများ ဆိုသည်မှာ ပင်မဥပဒေတစ်ခုအား လက်တွေ့အကောင်အထည်ဖော်ရာ၌ အသုံးပြုသည့် ဥပဒေများ ဖြစ်သည်။ ဥပမာ- အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေသည် ကဏ္ဍအားလုံးရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ပုံဖော်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေသည် ကဏ္ဍများစွာရှိ လုပ်ငန်းခွင် အုပ်ချုပ်စီမံရေးဖြင့် သက်ဆိုင်ပါသည်။*


ပြသရန် အခွင့်အလမ်းများစွာ ရှိသည်။ ဥပဒေနှင့် စည်းမျဉ်းမူဘောင်တို့ကို ပုံဖော်ရာ၌ ဌာနများအကြား သိသာစွာ ကွဲပြားခြားနားသောကြောင့် ဌာနအားလုံးသည် အလားတူ အလေ့အကျင့်ကောင်းများကို ပြသရန် မျှော် လင့်ခြင်းရန် မသင့်လျော်ပါ။ ၎င်းအစား DAO နှင့် CDC များတို့တွင်သာ မကြာခဏ ပိုမို ဖြစ်လာနိုင်ခြေရှိသည်။

ဌာနများသည် ပြည်ထောင်စုဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် တာဝန်ရှိသော်လည်း ၎င်းတို့တွင် အောက်ပါကဏ္ဍများ အပါအဝင် များစွာသော ကောင်းသောအလေ့အကျင့်ကို ပြသရန် (၁) ပြည်နယ်/တိုင်း ဒေသကြီးလွှတ်တော်ဥပဒေပြု စာရင်းဇယား ၂ တွင်ဖော်ပြထားသည့် ဥပဒေပြုရေး ကဏ္ဍများနှင့် (၂) ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး နှစ်ခုစလုံး၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ခြင်း၊ တို့တွင် ပြောင်းလွယ် ပြင်လွယ် ရှိပါသည်။ ဤအခွင့်အာဏာရှိသော ဒေသများသည် ဒေသန္တရအဆင့် အစိုးရများအား ကောင်းသော အလေ့အကျင့် ပြသရန်အခွင့်အလမ်းများ ဖန်တီးပေးပါသည်။ တွေ့ဆုံ မေးမြန်းခံခဲ့ရသူ အများစုက ပြည်ထောင်စုမှ လာသည့် ဥပဒေ နှင့် မူဝါဒများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အကောင်အထည်ဖော်ရန် တာဝန်ယူနေရသည့် အလျောက် အာဏာခွဲဝေမှုကို အများအားဖြင့် ခွဲဝေ သတ်မှတ်သင့်ကြောင်း မှတ်ချက်ပေးကြပါသည်။[၃၃]

## ပြည်ထောင်စု – ညွှန်ကြားထားသော ကောင်းသောအလေ့အကျင့်

ပွင့်လင်းမြင်သာမှုတိုးမြှင့်ရေးအတွက် အစပျိုးဆောင်ရွက်မှုများ စသည့်အချို့သောအဆင့်များကို ဆောင်ရွက်ရန် ပြည်ထောင်စုက တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ၎င်းတို့ အကောင်အထည် ဖော်ရာတွင် တစ်ခါတစ်ရံ ညွှန်ကြားသည်။ ဥပမာအားဖြင့် ဗီနိုင်းပိုစတာများဖြင့် စီးပွားရေး လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား ဆက်သွယ်မှု နှုန်းထားများ(အထက်ပါ)တင်ပြခြင်း၊ မြေယာဥပဒေများမှ သတင်း အချက်အလက်နှင့် ပုံစံများကို တင်ပြခြင်း၊ ဖုန်းနံပါတ်များကို စာရင်းပြုခြင်း၊ နိုင်ငံသားများနှင့် စီးပွားရေး လုပ်ငန်းများအနေဖြင့် ဖုန်းခေါ် ဆိုတိုင်ကြားခြင်း စသည်တို့ ပါဝင်သည်။ ပြည်ထောင်စုအစိုးရအနေဖြင့် မြို့နယ်စီမံကိန်း အစိတ်အပိုင်းများကို မြို့နယ်စီမံကိန်းရုံး၌ တင်ပြ စေသည်။ ဤခြေလှမ်းများသည် ကောင်းသောအလေ့အကျင့်ကို ကိုယ်စားပြုနေပါသော်လည်း ဒေသန္တရ အဆင့်အားလုံး၌ မရှိကြပေ။ ၎င်းတို့သည် ပြည်ထောင်စုအစိုးရ၏ ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များအပေါ် အခြေခံ၍ လုပ်ဆောင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် လိုအပ်သည်။ သို့သော်ဤညွှန်ကြားချက်များကို ပြည်နယ် နှင့် တိုင်းဒေသကြီးများက မည်သည့်အတိုင်းအတာ အထိ အကောင်အထည် ဖော်သည်ဆိုသည့်အချက်ကို အစီရင်ခံစာ၏ နောက်ပိုင်း အစိတ်ပိုင်းများတွင် အဓိက အာရုံစိုက် ဖော်ပြ ပေးထားပါသည်။

အခြားဒေသများတွင် ပြည်ထောင်စုအစိုးရသည် ဘတ်ဂျက် အချို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အရာရှိများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အသုံးစရိတ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချခြင်းများ ပြုလုပ်ရန်အတွက် ဒေသန္တရ ထိန်းချုပ်မှု ပိုမိုများပြားလာရန်နှင့် နေရာဖန်တီးရန် ဗဟိုချုပ် ကိုင်မှု လျှော့ချခြင်း ကဲ့သို့သောဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ လမ်းတည်ဆောက်ရေး အတွက် ရန်ပုံငွေများကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းသည် ဥပမာကောင်း တစ်ခုဖြစ်သည်။ ဒေသတွင်းမှ ပါဝင်ပတ်သက်မှုများ ပိုမိုရရှိခြင်းနှင့် ပြဿနာနှင့် ပိုမိုနီးစပ်မှုရှိသူ အရာရှိများထံမှ ဆုံးဖြတ်ချက် ချခြင်းက ပိုမို လွယ်ကူ စေပါသည်။





ပုံ ၁

*လယ်ယာမြေဥပဒေမှ သတင်းအချက်အလက်နှင့် ပုံစံများပြသခြင်း*

ဖြစ်စဉ်လေ့လာချက် (၁)

## ပြည်ထောင်စုမူဝါဒအား ဒေသဆိုင်ရာမှ အကောင်အထည်ဖော်ခြင်း

ပြည်နယ်နှင့်တိုင်းဒေသကြီးများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် မည်မျှ တာဝန်ရှိ အရေးကြီးသည်ဟု ဥပမာပြနိုင်သည့် အကြီးစားလုပ်ငန်းများမှ သာမန်လူများအထိ နမူနာ ပေါင်းများစွာရှိသည်။ တခါတရံပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသို့ အလွန်တိကျသော ညွှန်ကြားချက်များ ပေးသော်လည်း ၎င်းတို့အား ညွှန်ကြားချက်အတိုင်း မည်သို့အကောင်အထည်ဖော်ရမည်ကို အချို့သောကိစ္စတို့၌ ကိုယ်တိုင် ဆုံးဖြတ်ခွင့် ပေးသည်။ ဥပမာအားဖြင့် ပြည်ထောင်စုအဆင့် လျှပ်စစ်ဓာတ်အား ပေးရေးလုပ်ငန်းသည် ပြည်နယ်နှင့်တိုင်း ဒေသကြီးများအား လျှပ်စစ်ဆက်သွယ်မှုများ တပ်ဆင်ခြင်း၏ တရားဝင် ကုန်ကျစရိတ်များ နှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများအတွက် သတင်းအချက်အလက်များကို လူသိရှင်ကြား တင်ပြခြင်း ဖြင့် မြို့နယ်အဆင့် ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ပေးရန် ညွှန်ကြားခဲ့သည်။ သို့သော်ပြည်နယ်/ တိုင်းဒေသကြီးများသည် ဗီနိုင်းပိုစတာဒီဇိုင်းကဲ့သို့သော လက်တွေ့ကျသည့် အလုပ်များအပါအဝင် အကောင် အထည်ဖော်မှု အတွက်တာဝန်ယူရသည်။ ရလဒ်ကို (ပုံ ၁ နှင့် ၂ တွင်တွေ့ရသည့်) ဥပမာများက ပြည်နယ် သို့မဟုတ်တိုင်းဒေသကြီး အသီးသီးရှိ ဒီဇိုင်းအမျိုးမျိုး ပါရှိသော ပိုစတာများတွင် တူညီသော သတင်း အချက် အလက်များ ဖြန့်ဝေပေးခဲ့သည်ကို တွေ့ရှိရသည်။ ဤအချက်သည် ပြည်နယ်/တိုင်းဒေသကြီးက အကောင် အထည်ဖော်ရာတွင် မည်သည့်အခန်းကဏ္ဍမှပါဝင်သည်ကို ဖော်ပြပြီး မူဝါဒဆိုင်ရာကိစ္စရပ်များတွင် သူတို့ရင်ဆိုင် ရသည့် ကန့်သတ်ချက်များကိုလည်း ပြသနေပါသည်။ ကုန်ကျစရိတ်များ၊ ပထဝီဝင်အနေအထားနှင့် အခြား အချက်များမှာ ကျယ်ပြန့်စွာ ကွဲပြားခြားနားမှုများရှိသော်လည်း လျှပ်စစ်ဆက်သွယ်မှုများ တပ်ဆင်ရန် စျေးနှုန်း သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် တူညီသောနှုန်းဖြစ်သည်။




| | (KVA) | Stracture) | စဘော်ငွေ (Deposit) | လိုင်းကြိုး ဆက်သွယ်ခ (ကျပ်) | မီးဆက်ခ (ကျပ်) | မှတ်ပုံတင် ကြေး (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|---|---|
| ၁ | ၅၀ | ၁,၈၀၀,၀၀၀ | ၃၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၂,၁၃၅,၅၀၀ |
| ၂ | ၁၀၀ | ၂,၁၀၀,၀၀၀ | ၆၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၂,၇၃၅,၅၀၀ |
| ၃ | ၁၆၀ | ၂,၆၀၀,၀၀၀ | ၉၆၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၃,၅၉၅,၅၀၀ |
| ၄ | ၂၀၀ | ၂,၇၀၀,၀၀၀ | ၁,၂၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၃,၉၃၅,၅၀၀ |
| ၅ | ၃၁၅ | ၃,၃၀၀,၀၀၀ | ၁,၈၉၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၅,၂၂၅,၅၀၀ |
| ၆ | ၅၀၀ | ၄,၅၀၀,၀၀၀ | ၃,၀၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၇,၅၃၅,၅၀၀ |
| ၇ | ၁၀၀၀ | ၇,၈၀၀,၀၀၀ | ၆,၀၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၁၃,၈၃၅,၅၀၀ |
| ၈ | ၁၂၅၀ | ၉,၃၀၀,၀၀၀ | ၇,၅၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၁၆,၈၃၅,၅၀၀ |
| ၉ | ၂၀၀၀၀ | ၂၀၀,၀၀၀,၀၀၀ | ၁၂၀,၀၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၃၂၀,၀၃၅,၅၀၀ |
| ၁၀ | ၂၅၀၀၀ | ၂၅၀,၀၀၀,၀၀၀ | ၁၅၀,၀၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၄၀၀,၀၃၅,၅၀၀ |
| ၁၁ | ၃၀၀၀၀ | ၃၀၀,၀၀၀,၀၀၀ | ၁၈၀,၀၀၇,၅၀၀ | ၆,၀၀၀ | ၂,၀၀၀ | ၂၀,၀၀၀ | ၄၈၀,၀၃၅,၅၀၀ |

မှတ်ချက်။ အထက်ပါ နှုန်းထားများနှင့်အတူ ထရန်စဖော်မာ (ကေဗွီအေ) အလိုက် ပေးသွင်းရမည့် ကြီးကြပ်ခမှာ မြို့နယ်အလိုက် မီးသွယ်တန်းမှု ကုန်ကျစရိတ်အပေါ် ၁၅ ရာခိုင်နှုန်းနှင့် အုပ်ချုပ်မှုစရိတ်မှာ တပ်ဆင်ဝန်အားနှင့် ဓာတ်အားလိုင်း အကွာအဝေးအပေါ် အခြေခံ၍ တွက်ချက်ထားသည့် နှုန်းထားများအတိုင်း ပေးသွင်းရမည် ဖြစ်ပါသည်။

ပုံ ၂

*ကျောက်ပန်းတောင်း မြို့နယ်ရှိ လျှပ်စစ်ဆက်သွယ်မှု တပ်ဆင်ခ စျေးနှုန်းများ ပိုစတာ*




ပုံ ၃

မကွေးမြို့နယ်ရှိ
လျှပ်စစ်ဆက်သွယ်မှုတပ်ဆင်ခ
ဈေးနှုန်းများပိုစတာ




မန္တလေးစည်ပင်စွန့်ပစ်အမှိုက်များ
ယာယီသိုလှောင်ကန်

# ၃

# ကောင်းသောအလေ့အကျင့်များ မောင်းနှင်သူများ

မြန်မာနိုင်ငံတွင်ကောင်းမွန်သော အလေ့အကျင့်များနှင့် ပတ်သက်၍ ဖြစ်ရပ်မှန်လေ့လာမှုများကို မသုံးသပ်မီ၊ ကောင်းမွန်သော အလေ့အကျင့် နမူနာများထဲမှ အချို့ကို ဖော်ပြသော ဘုံဝိသေသ လက္ခဏာအချို့ကို ပြန်လည်သုံးသပ်ရန်အရေးကြီးသည်။ MBEI တွင်မက်ထရစ်နှင့် တိုက်ရိုက် ချိတ်ဆက်သော နယ်ပယ်အတော်များများတွင် ထင်ရှားသော အလေ့အကျင့်ကောင်းများ ရှိသည်။ သို့သော် ဤကောင်းသောအလေ့အကျင့်များ၏ နောက်ကွယ်တွင် ဒေသဆိုင်ရာ စီးပွားရေး အုပ်ချုပ်စီမံမှု၌ ကောင်းသော အလေ့အကျင့်များနှင့် နီးကပ်စွာဆက်နွယ်သော အရေးကြီးသော မက်လုံးများ နှင့် အပြုအမူများရှိပါသည်။

တစ်ဦးချင်းခေါင်းဆောင်မှုနှင့် ပဏာမခြေလှမ်းများသည် ကောင်းမွန်သော အလေ့အကျင့်များနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးအုပ်ချုပ်စီမံမှု ရလဒ်များ၏ အရေးကြီးဆုံး မောင်းနှင်အား တစ်ခုဖြစ်သည်။ များသောအားဖြင့် ပုံဖော်သူ တစ်ဦးချင်းစီက မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများကို ပုံသွင်းယူခြင်းဖြစ်သည်။ ၎င်းကိစ္စသည် သက်ကြီးရွယ်အိုများကို သိသိသာသာ ရိုသေလေးစားမှုရှိသော ပြင်းထန်သော အဆင့်ဆင့် ယဉ်ကျေးမှုများကြောင့်နှင့် အင်အားနည်းပါးသော (institutions) အင်စတီကျူးရှင်းများကြောင့်ဖြစ်သည်။ ၎င်းဖြစ်တည်မှုသည် ခိုင်မာသည့် အဖွဲ့အစည်းများရှိသည့်နိုင်ငံများ၌ တစ်ဦးချင်း၏အပြုအမူကို သတ်မှတ်ထားသော စည်းမျဉ်းများ၊ ထုံးတမ်းစဉ်လာများနှင့် စံနှုန်းများဖြင့် ပုံစံဘောင် သွင်းခံထားရသော အခြေအနေနှင့် အနည်းငယ် ကွာခြား၏။

တာဝန်ခံမှုသည် ကောင်းသောအလေ့အကျင့်၏ အရေးကြီးသော မောင်းနှင်အားတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒေသဆိုင်ရာအစိုးရများ နှင့် နိုင်ငံသားများအကြားတာဝန်ခံမှု လမ်းကြောင်းများသည် အားနည်းနေသည်။ ဝန်ကြီးချုပ်များကို သမ္မတက ဗဟိုမှ ခန့်အပ်သည်။ မဲဆန္ဒရှင်များက ရွေးချယ်သည်မဟုတ်။[၁၄] ပြည်နယ်/တိုင်း ဝန်ကြီးများကို ဝန်ကြီးချုပ်ကခန့်အပ်သည်။ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းအရာရှိအဆင့်မှ အရာရှိများအား ပြည်ထောင်စုက ခန့်အပ်သည်။ ၎င်းတို့သည် ခန့်အပ်ထားသည့် ပြည်နယ်/တိုင်း ဒေသကြီးမှ ရွေးကောက်တင်မြှောက်ခံသူလည်း မဟုတ်၊ ဒေခံလည်းမဟုတ် မကြာခဏဖြစ်တတ်၏။ အကယ်၍ သူတို့၏အထက် အရာရှိများက ၎င်းကို အသုံးပြုရန် ရွေးချယ်ပါက သွယ်ဝိုက်၍ တာဝန်ခံမှုရှိအောင် ဖန်တီးနိုင်သော လမ်းကြောင်းများ ရှိပါသည်။ သို့သော် ၎င်းတို့သည် တိုက်ရိုက် ရွေးကောက်ခံ သို့မဟုတ် ခန့်အပ်ခံရသူများနှင့် တူညီသော တာဝန်ခံမှုကို မပေးချေ။[၁၅] ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့တစ်ခု၏ အဖွဲ့ဝင်များသည် ထိုပြည်နယ်/တိုင်းဒေသကြီးများ၏ ပြည်သူများကို တိုက်ရိုက်တာဝန်ခံသော လွှတ်တော် ကိုယ်စားလှယ်များဖြစ်သည်။ ဤအဖွဲ့ဝင်များမှတဆင့် အခြားသွယ်ဝိုက်သော တာဝန်ခံမှု လမ်းကြောင်းကို ဖန်တီးထားသည်။ တာဝန်ခံမှုပုံစံများသည် သွယ်ဝိုက်သောကြောင့်၊ ၎င်းတို့သည် အခြားရွေးကောက် တင်မြှောက်ခံရသူ မဟုတ်သူတို့နှင့် ထိတွေ့ဆက်ဆံ ဖိအားပေးနိုင်သည့် အခွင့်အရေးရှိပြီး၊ အခြားပို၍ အရေးတကြီးသော ကိုယ်တိုင်ဦးဆောင်လုပ်ကိုင်ရမည့် ကိစ္စရပ်တို့အတွက် ပို၍အာရုံစိုက်နိုင်သည်။ တာဝန်ခံမှုပုံစံများသည် သွယ်ဝိုက်သောကြောင့် တစ်ဦးချင်းစီ၏ ဦးဆောင်မှုနှင့် ခေါင်းဆောင်မှုက အလွန်အရေးပါ အရေးကြီးပါသည်။

ညှိနှိုင်းခြင်းနှင့် ဆက်ဆံရေး စီမံခန့်ခွဲမှုသည် ကောင်းမွန်သောအလေ့အကျင့်များ ရရှိလာရန် အရေးကြီးသော မောင်းနှင်အားများ လည်းဖြစ်၏။ စီးပွားရေးအုပ်ချုပ်စီမံမှုတွင် တစ်ဦးချင်းစီ၏ ဦးဆောင်မှုနှင့် ခေါင်းဆောင်မှုက အလွန်အရေးပါ သောကြောင့် အဓိကခေါင်းဆောင်များ၏ ကျွမ်းကျင်မှု၊ လွှမ်းမိုးမှုနှင့် လေးစားမှုအပေါ် များစွာမူတည်သည်။ အုပ်ချုပ်စီမံမှုတွင် သဘောတူညီမှု တည်ဆောက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သက်ကြီးရွယ်အိုများကို ရိုသေလေးစားခြင်းနှင့် သဘောတူညီမှု တည်ဆောက်ရေး တို့အကြား ကောင်းမွန်သော မျဉ်းကြောင်းခြားထားခြင်း ရှိရန်လိုအပ်သည်။ ထိုသို့မရှိပါက အများဆန္ဒကို မလေးစားဘဲ သကဲ့သို့ အထင်အမြင်ခံရသော အနေအထား ပေါ်ပေါက်စေနိုင်ပါသည်။

# ၄

# ဥပဒေပြုရေးနှင့် စည်းမျဉ်းမူဘောင်များဆိုင်ရာ ကောင်းသော အလေ့အကျင့်

## ပြည်နယ်နှင့်တိုင်းဒေသကြီး ဥပဒေများ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ

ပြည်နယ်နှင့်တိုင်း ဒေသကြီးလွှတ်တော်များသည် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၂) တွင်ဖော်ပြထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၏ ဥပဒေများနှင့် သက်ဆိုင်သော စည်းမျဉ်းများကို ကဏ္ဍအားလုံးတွင် ပြဋ္ဌာန်းခွင့်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအောက်တွင် ပြဋ္ဌာန်းထားသောဥပဒေများနှင့် စည်းမျဉ်းများကို ဥပမာပြလျှင်၊ DAO ဥပဒေများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရမှ ညွှန်ကြားချက်များနှင့် မြို့နယ် DAO ဒေသန္တရဆိုင်ရာ ဥပဒေများ ပါဝင်သည်။ ဤအခွင့်အာဏာအောက်တွင် သူတို့သည် ပုဂ္ဂလိကစီးပွားရေးနှင့် သက်ဆိုင်သော ဥပဒေများစွာကို ပြဋ္ဌာန်းခဲ့သည်။[၁၆] ပါဝင်သည့် ဥပမာများမှာ -

- ကချင်ပြည်နယ်ဝန်ဆောင်မှုဥပဒေ
- ကရင်ပြည်နယ်တွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဥပဒေ (၆/၂၀၁၆)
- ကရင်ပြည်နယ်ချေးငွေလုပ်ငန်းဥပဒေ (၇/၂၀၁၆)
- ချင်းပြည်နယ်တွင်း စက်မှုနှင့်အခြားစီးပွားရေးဥပဒေ (၃/၂၀၁၇)
- ရခိုင်ပြည်နယ် အော်ပရာရုံ၊ ရုပ်ရှင်ရုံနှင့်ဗီဒီယိုလုပ်ငန်းဥပဒေ (၁/၂၀၁၈)
- ရှမ်းပြည်နယ်တွင်း (အသေးစား) စက်မှုလုပ်ငန်းဥပဒေ (၆/၂၀၁၆)
- စစ်ကိုင်းတိုင်းဒေသကြီးပုဂ္ဂလိက ရေတက္ကစီ စနစ်တကျစီမံခန့်ခွဲမှုဥပဒေ (၅/၂၀၁၇) တို့ဖြစ်သည်။

သို့သော် ဥပဒေပြုရေးနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်တွင် ဒေသဆိုင်ရာ ကောင်းသော အလေ့အကျင့်များဟု ဥပမာပြုနိုင်သော်လည်း ၎င်းတို့ကို ပုံမှန်များစွာ အသုံးပြုခြင်း မတွေ့ရပါ။ ၎င်းအစား ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုရေးနှင့် စည်းမျဉ်းစည်းကမ်းများ အကြား မူဘောင်တစ်သားတည်းကျမှု အဆင့်မြင့်မားသည်။ သို့ဖြစ်ရခြင်းအတွက် အကြောင်းပြချက် များစွာရှိသည့်အနက်မှ ဒေသဆိုင်ရာဖက်မှ ဥပဒေပြုရေးနှင့် စည်းမျဉ်းဥပဒေများ ရေးဆွဲရေး၌ အတွေ့အကြုံမရှိခြင်းသည် အကြောင်းခံ တစ်ခုဖြစ်၏။ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များသည် အသစ်များဖြစ်ပြီး လွှတ်တော်အမတ်အများစုမှာ ဥပဒေရေးသားခြင်းတွင် အတွေ့အကြုံမရှိကြပါ။ အလားတူစွာပင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအရာရှိများသည်လည်း စည်းမျဉ်းဥပဒေရေးဆွဲခြင်းတွင် အတွေ့အကြုံနည်းပါးပါသည်။ ဗဟိုမှချုပ်ကိုင်ထားသည့်သမိုင်း နှင့် ယခင်ကအတွေ့အကြုံမရှိမှု ကို ပေါင်းစပ်လိုက်ခြင်းသည် အတွေ့အကြုံနည်းပါးမှုဖြစ်စေခဲ့သည်။

ယခင်ကပြည်ထောင်စု ထိန်းချုပ်မှု အောက်တွင်ရှိပြီး ပြည်ထောင်စုဥပဒေများနှင့် စည်းမျဉ်းများဖြင့် အုပ်ချုပ်ခံခဲ့ရသည့် ဌာနများနှင့် လုပ်ငန်းနယ်ပယ်များအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအသစ်တို့၏ ထိန်းချုပ်မှုအောက်ယခုရောက်ရှိသောအခါ အခက်အခဲတွေ့ရပါသည်။ ပြည်နယ်/တိုင်း ဒေသကြီး ဥပဒေများနှင့်စည်းမျဉ်းများကို ရေးသောအခါ၊ ဗဟိုချုပ်ကိုင်မှုမရှိသော ဗဟိုဥပဒေဟောင်းများနှင့် စည်းမျဉ်းများကို ရည်ညွှန်းချက်အဖြစ် အသုံးပြုလေ့ရှိသည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဥပဒေများနှင့်စည်းမျဉ်းများအကြား တစ်သားတည်းဖြစ်တည်မှုကို အထောက်အကူပြုသည်။ တခါတရံတွင် ဤဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများသည် ပြည်နယ်/ တိုင်းဒေသကြီးမတူညီသော ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များမှ အတည်ပြုသော်လည်း ပြဋ္ဌာန်းချက်များ၌ ပါဝင်သောစာသားများက ထပ်တူထပ်မျှတူညီနေသည်ကို တွေ့ရပါသည်။ ဥပမာအားဖြင့် မကွေး၊ ပဲခူးနှင့် ရောဂတီတိုင်းဒေသကြီးတို့မှ DAO ဥပဒေများတွင် ကော်မတီ၏ဆုံး ဖြတ်ချက်ကို အယူခံဝင်ခြင်း၌ ထပ်တူ တူညီသောပြဋ္ဌာန်းချက်များ ပါဂင်သည်ကိုတွေ့ရသည်။ ထိုဖေါ်ပြချက်မှာ -

"ကော်မတီ၏ဆုံးဖြတ်ချက်ကို မည်သူမဆိုက မကျေနပ်လျှင် DAO ဒါရိုက်တာထံသို့ ရက် (၃၀) အတွင်း အယူခံဝင်နိုင်သည်။ ဒါရိုက်တာ၏အဖြေသည် မဖြစ်နိုင်ပါက ရက်ပေါင်း (၆၀) အတွင်းဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီးရဲ့ဆုံးဖြတ်ချက် အပြီးအပြတ်ဖြစ်ပါသည်။"

ယေဘုယျအားဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးဥပဒေများသည် တသားတည်းဖြစ်သော်လည်း ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်အရာရှိများသည် ဒေသအခြေအနေ သို့မဟုတ် အခြားအချက်များအပေါ်အခြေခံ၍ ဥပဒေပြုခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းပြုလုပ်သည့် ဥပမာများရှိသည်။ ဥပဒေများ၊စည်းမျဉ်းများနှင့်ပတ်သက်၍ ဥပဒေအောက်ရှိ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့် ဥပဒေများ၏စည်းမျဉ်းစည်းကမ်းများတွင် ပြဋ္ဌာန်းချက်အတိုင်းအတာ အမျိုးမျိုးရှိနိုင်သည် (အချို့သောဥပဒေများသည် လိုအပ်ချက်များကိုတိကျစွာ သတ်မှတ်ထားပြီး အချို့က ကော်မတီတစ်ခုသို့ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည်)။

အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြို့နယ်အဆင့် DAO ၏နည်းဥပဒေများမှာ အမျိုးမျိုးကွဲပြားနိုင်သည့် အခွင့်အရေးအလွန်နည်းပါးပါသည်။ ဥပမာအားဖြင့် ပဲခူးတိုင်းဒေသကြီး၏ DAO ဥပဒေသည် ပုဒ်မ-၉၇ တွင် မြို့နယ်တစ်ခုစီသည် ၎င်းတို့၏ကိုယ်ပိုင်နည်းဥပဒေများကို ပုံဖော်နိုင်သည်၊ ထို့နောက် အတည်ပြုချက်ကို ဒေသဆိုင်ရာ အစိုးရသို့တင်ပြကြသည်။[၁၇] DAO ဥပဒေက ဤပြဋ္ဌာန်းချက် (bylaws) များသည် “DAO ဥပဒေကို မလွှမ်းမိုးစေဘဲ DAO ဥပဒေနှင့် ကိုက်ညီစေရမည်” ဟုဆိုထားသည်။[၁၈] အုတ်တွင်းမှ အရာရှိများအဆိုအရ ၎င်းတို့သည်မြို့နယ် အတွင်းရှိ ယခင်နည်းဥပဒေများအပေါ် အခြေခံ၍ ဥပဒေမူကြမ်းများ ရေးဆွဲခဲ့သော်လည်း မြို့နယ်အဆင့်ဆွေးနွေးတိုင်ပင်မှုမှ တွေ့ရှိချက်များနှင့် တည့်သွင်းပါဝင်ဖြည့်ဆည်းထားသည် ဟုဆိုပါသည်။[၁၉] ဤဖြစ်စဉ်တွင် TDAC (ရွေးကောက်တင်မြှောက်ထားသည့်အဖွဲ့ဝင်များပါဝင်) နှင့် အများပြည်သူ အပါအဝင် မှတ်ချက်ပေးရန် အခွင့်အလမ်းပေးခဲ့ပါသည်။ ဒေသဆိုင်ရာ အစိုးရသည် (bylaws) ပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ မှတ်ချက်ပေးခဲ့သည်၊ သို့သော် ၎င်းသည် လက်တွေ့တွင် မည်မျှပါဝင်နိုင်သည်က မရှင်းလင်းပေ။ ဥပမာပြရသော် - ဒေသဆိုင်ရာအစိုးရက DAO သည် အသက်မပြည့်သေးသော အလုပ်သမားများ အသုံးပြုသော စီးပွားရေး လုပ်ငန်းများကို လိုင်စင်မပေးသင့်ကြောင်း သတိပြုရန် မှတ်ချက်ပေး ဖေါ်ပြထားသည်။[၂၀] မှတ်ချက်များပေးပြီးနောက် မြို့နယ်အရာရှိများ၏ ဆုံးဖြတ်ချက်များကို လိုင်စင်ပေးနှုန်း သတ်မှတ်ခြင်းဆိုင်ရာကဏ္ဍများတွင် ထည့်သွင်းပြီးနောက် တိုင်းဒေသကြီး အစိုးရသည် နည်းဥပဒေများ ထုတ်ပြန်ခဲ့သည်။

ဖြစ်စဉ်လေ့လာချက် (၂)

## ရောဝတီနှင့် တနင်္သာရီ တိုင်းဒေသကြီးများ၏ ဈေးကွက်နည်းဥပဒေများကို နှိုင်းယှဉ်ခြင်း

DAOs မှအုပ်ချုပ်သော မြို့တွင်းဈေးကွက်များအတွက် နည်းဥပဒေများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အပြည့်အဝ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ သူတို့ကနည်းဥပဒေများကို သူတို့ ရွေးချယ်လိုက်သည့် နည်းများဖြင့်ရေးဆွဲနိုင်သည်။ လုပ်ထုံးလုပ်နည်းများ၊ အချိန်ဇယားများ၊ အချို့ဒေသများတွင် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်များသည် တစ်နေရာနှင့်တစ်နေရာ ကွဲပြားမှု နည်းပါးသော်လည်း DAO နည်းဥပဒေများတွင်မူ ကွဲပြားမှုရှိသည်။ ဇယား-၂ တွင် ရောဝတီ နှင့် တနင်္သာရီ တိုင်းဒေသကြီးနှစ်ခုမှ DAO ၏ နည်းဥပဒေများကိုနှိုင်းယှဉ် ပြသထားသည်။ အထင်ရှားဆုံး တွေ့ရှိချက်တစ်ခုမှာ နည်းဥပဒေများတွင်ပါဂင်သော အသေးစိတ်အချက်အလက်များ ခြားနားချက် ဖြစ်သည်။ ရောဂတီတိုင်းဒေသကြီးဥပဒေတွင် ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင် အကူညီပေးသည့် အသေးစိတ် အချက်အလက်များစွာပါဂင်သည်။ လျှောက်လွှာတင်သွင်းရန် လိုအပ်ချက်များ သို့မဟုတ် ဈေးဝယ်စင်တာအတွက် လေလံလုပ်ထုံးလုပ်နည်းများသည် ရှင်းလင်းစွာ တသမတ်တည်းဖြစ်၏။ တနင်္သာရီတိုင်း ဒေသကြီးတွင်ပြဋ္ဌာန်းထားသော နည်းဥပဒေများသည် တိကျမှု နည်းပါးပြီး ထိုကိစ္စကိုဆုံးဖြတ်ရန် ကော်မတီသို့ အပ်နှင်းထားသည်။ လက်တွေ့တွင် ရောဂတီနှင့် တနင်္သာရီ နှစ်ခုလုံးတွင် လုပ်ထုံးလုပ်နည်းများသည် အလားတူလုပ်ဆောင်နိုင်သော်လည်း စာဖြင့်ရေးသားထားသော စည်းမျဉ်း များမရှိပါက အကဲဖြတ်ရန်ခက်ခဲသည်။ ရောဂတီ နည်းဥပဒေများ၏ တိကျမှုသည် သေချာမှုရှိခြင်း နှင့် အဂတိလိုက်စားမှုကို လျှော့ချနိုင်ခြင်း နှင့်တကွ DAO ဈေးကွက်များ အုပ်ချုပ်မှုတွင် ပွင့်လင်းမြင်သာမှု ရှိပြီး ရှေ့နောက်ညီညွတ်မှုကို တိုးမြှင့်ပေးရာတွင် ကောင်းမွန်သောအလေ့အကျင့်ကို အားပေးသော ဥပမာတစ်ခု ဖြစ်သည်။

ဇယား (၂)

## ဧရာဝတီနှင့် တနင်္သာရီတိုင်း ဒေသကြီးများ၏ ဈေးကွက်နည်းဥပဒေများကို နှိုင်းယှဉ်ခြင်း

| | ဧရာဝတီ တိုင်းဒေသကြီး | တနင်္သာရီ တိုင်းဒေသကြီး |
|---|---|---|
| စာရွက်စာတမ်း အမည် | ဧရာဝတီတိုင်းဒေသကြီး အစိုးရ စည်ပင်သာယာရေး ဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ဈေးကွက် တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ နည်းဥပဒေများ<br><br>အမှုဆောင်အမိန့် - ၅/၂၀၁၅<br>၁၃ နိုဝင်ဘာ ၂၀၁၅ | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ DAO ဈေးကွက်များ၊ ပုဂ္ဂလိက ဈေးကွက်များနှင့် လမ်းဈေးရောင်းချသူ ဈေးကွက်များ ဆိုင်ရာ စည်းမျဉ်းများ<br><br>အမှုဆောင်အမိန့် - ၁/၂၀၁၃<br>၁ ဩဂုတ် ၂၀၁၃ |
| ဈေးဆိုင်ခန်း ငှားရမ်းရန် လျှောက်လွှာ လိုအပ်ချက်များ | အကယ်၍ ဈေးကွက်တွင် နေရာလစ်လပ်မှုရှိပါက လျှောက်ထားသူသည် အောက်ပါအချက်များကို တင်ပြရမည်<br>၁။ အမည်<br>၂။ အမျိုးသားမှတ်ပုံတင်<br>၃။ အဖအမည်<br>၄။ လိပ်စာ<br>၅။ နိုင်ငံသားဟုတ်/မဟုတ်<br>၆။ စီးပွားရေးအမျိုးအစား<br>၇။ မတည်ရင်းနှီးငွေ<br>၈။ လုပ်ငန်းအတွေ့အကြုံ | သာမန်ဘာသာစကားမှု -<br><br>"ကော်မတီသည်ဘဏ္ဍာရေးနှစ် တစ်ခုချင်းစီအတွက် ဈေးကွက်နှင့်သက်ဆိုင်သည့် စီမံခန့်ခွဲမှု ပြုခွင့်ရှိသည်။" |
| ဈေးဆိုင်ခန်း ငှားရမ်းရန် လုပ်ထုံးလုပ်နည်း လိုအပ်ချက်များ | ဈေးကွက် လစ်လပ်သွားသည်ဆိုပါက နေရာချထားခြင်း မပြုမီ အနည်းဆုံး နှစ်ပတ် ကြိုတင်၍ နေရာလွတ်သည်ကို အများပြည်သူ သိအောင် ကြေငြာရန် ကော်မတီ၌ တာဝန်ရှိသည်။<br><br>အကယ်၍ ဆိုင်ခန်းတစ်ခုအတွက် လျှောက်လွှာ (၁) ခု ထက်ပိုပါက လေလံပွဲ တစ်ခုရှိလိမ့်မည်။<br>က။ အမြင့်ဆုံး လေလံဆွဲသူက ဆိုင်ခန်းရမည်<br>ခ။ အမြင့်ဆုံးလေလံသည် ငွေပေးချေမှုကို ချက်ချင်း မပြုလုပ်နိုင်ပါက၊ ဒုတိယ အမြင့်ဆုံး လေလံဆွဲသူက ဆိုင်ခန်းရမည်<br>ဂ။ ဒုတိယအမြင့်ဆုံး လေလံဆွဲသူက ကမ်းလှမ်းမှုကိုငြင်းပယ်လျှင် လေလံပွဲသည် ပြန်လည် စတင်လိမ့်မည်။ | သာမန်ဘာသာစကားမှု -<br><br>"ကော်မတီသည် ဘဏ္ဍာရေးနှစ် တစ်ခုချင်းစီအတွက် ဈေးကွက်နှင့် သက်ဆိုင်သည့် စီမံခန့်ခွဲမှု ပြုခွင့်ရှိသည်။" |

| | | |
|---|---|---|
| လုပ်ထုံးလုပ်နည်းများ နှင့် လိုင်စင်များ အတွက် အချိန် အပိုင်းအခြား | ဗရာဝတီဥပဒေတွင် လုပ်ထုံးလုပ်နည်းများ၊ လိုင်စင် သက်တမ်းနှင့် အခြားအသေးစိတ် အချက် အလက်များ အတွက် အချိန်ဇယားများကို ဖော်ပြထားသော ပြဋ္ဌာန်းချက်များစွာ ပါဝင်သည်။<br><br>ပါဝင်သည့် ဥပမာများ -<br>**က။** ပိုင်ရှင်သည် ဆိုင်ပိုင်ရှင်၏ အမည်ကို ပြောင်းလဲလိုပါက မည်သည့် ကန့်ကွက်ချက် မဆို ရရှိရန် အတွက် ကော်မတီသည် အမှုကို (၁၅) ရက်ကြာ လူသိရှင်ကြား ကြေညာရလိမ့်မည်။<br>**ခ။** (DAO ဈေးကွက်တွင် ကာယ လုပ်သား ဝန်ဆောင်မှု များပေးရန်) သက်တမ်း တိုးခွင့် အခြေအနေများ ပါရှိသော တစ်နှစ်တာ အလုပ်သမားလိုင်စင် ကို ကော်မတီမှ ထုတ်ပေးလိမ့်မည်။ မှတ်ပုံတင် မထားသူများသည် ဈေးကွက်တွင် အလုပ်သမားအဖြစ် အလုပ်လုပ်ရန် မဖြစ်နိုင်ပါ။ လျှောက်လွှာ လိုအပ်ချက်များမှာ (က) အမည်၊ (ခ) မှတ်ပုံတင်၊ (ဂ) အသက် (ဃ) ဖခင်၏အမည် နှင့် (င) လိပ်စာ ဖြစ်၏။ | ဥပဒေတစ်ခုလုံးတွင် မည်သည့် လုပ်ဆောင်မှု အတွက်မျှ အရေးကြီးသော အချိန်ကန့်သတ်ချက်များ ဖော်ပြထားခြင်း မရှိပါ။ |

ဖြစ်စဉ်လေ့လာချက် (၃)

## မန္တလေး၊ မကွေး၊ ပဲခူး နှင့် ဧရာဝတီတိုင်း ဒေသကြီးများ၏ ဈေးကွက် နည်းဥပဒေများကို နှိုင်းယှဉ်ခြင်း

DAO ဥပဒေများသည် ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များ၏ ထိန်းချုပ်မှု အောက်တွင်အပြည့်အဝရှိပြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား အချို့ကွဲပြားခြားနားသော ရလဒ်များတွေ့ရှိရသည်။ ဥပဒေအားလုံးသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် DAO ရေးရာ ကော်မတီများကို ထည့်သွင်းထားသော်လည်း ဖွဲ့စည်းပုံကွဲပြားမှုရှိသည်။ မကွေးတိုင်းဒေသကြီး DAO ဥပဒေသည် ရွေးချယ်ရေး စံသတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပြီး၊ မြန်မာနိုင်ငံသားများသာ ကော်မတီဝင်များ ဖြစ်လာနိုင်ကြောင်းဖော်ပြထားသည်။ တင်ဒါလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသော ဥပဒေများတွင် ၎င်းတို့၏ ဘာသာစကား ကွဲပြားမှုရှိသည်။ တင်ဒါလုပ်ငန်းစဉ်၏ စည်းမျဉ်းများကို ချိုးဖောက်သူများအတွက် အများပြည်သူတင်ဒါတင်သွင်းခြင်းကို ကြိုတင်အသိပေး အကြောင်းကြားရန် လိုအပ်ချက်များ နှင့် စည်းကမ်းချက်များ ပါဝင်ခြင်းဖြင့် မကွေး DAO ဥပဒေသည် ကောင်းသော အလေ့အကျင့်ကို ပြသသည်။

ဇယား (၃)

**မန္တလေး၊ မကွေး၊ ပဲခူးနှင့် ဧရာဝတီတိုင်း ဒေသကြီးများ၏ ဈေးကွက်နည်းဥပဒေ Bylaws များကို နှိုင်းယှဉ်ခြင်း**

| အဖြစ်အပျက် | မန္တလေးတိုင်း ဒေသကြီး | မကွေးတိုင်း ဒေသကြီး | ပဲခူးတိုင်း ဒေသကြီး | ဧရာဝတီတိုင်း ဒေသကြီး |
|---|---|---|---|---|
| ပြည်နယ်/ တိုင်းဒေသကြီး DAO ရေးရာ ကော်မတီ ဖွဲ့စည်းပုံ | ဒေသဆိုင်ရာ အဆင့်တွင် အဖွဲ့ဝင် (၇) ဦး ပါ DAO ကော်မတီ ဥက္ကဋ္ဌသည် စည်ပင် သာယာရေးဌာန ဝန်ကြီး ဖြစ်ပြီး အတွင်းရေးမှူး သည် DAO အမှုဆောင် အရာရှိချုပ် ဖြစ်သည်။ | မြန်မာ နိုင်ငံသား များသည် ကော်မတီဝင် ဖြစ်ခွင့်ရှိသည်။ ကော်မတီကို ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် ဥက္ကဋ္ဌကို အသိအမှတ် ပြုသည်။ DAO အမှုဆောင် အရာရှိချုပ်သည် အတွင်းရေးမှူး ဖြစ်ရမည်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို ဒေသအစိုးရမှ ဆုံးဖြတ်လိမ့်မည်။ | ဒေသဆိုင်ရာ အဆင့်တွင် အဖွဲ့ဝင် (၇) ဦး ပါ DAO ကော်မတီ ဥက္ကဋ္ဌသည် စည်ပင် သာယာရေးဌာန ဝန်ကြီး ဖြစ်ပြီး အတွင်းရေးမှူးသည် DAO အမှုဆောင် အရာရှိချုပ် ဖြစ်သည်။ | ဒေသဆိုင်ရာ အဆင့်တွင် ဥက္ကဋ္ဌ အပါဝင်၊ အဖွဲ့ဝင် (၅ ဦး မှ ၉ ဦး အထိ) ကို ရွေး၍၊ တစ်ချိန်တည်း အသိအမှတ်ပြု ခံရမည်။ |
| တင်ဒါများ | ကော်မတီသည် DAO ပိုင်မြေနှင့် အဆောက် အဦများ အတွက် တင်ဒါ ခေါ်ယူခြင်း လုပ်ငန်းစဉ်ကို စီမံပိုင်ခွင့်ရှိသည်။ (ဤအချက်သည် သမ္မတ၏ တင်ဒါ ညွှန်ကြားချက် ၁/၂၀၁၀ ကို လိုက်နာခြင်း ရှိ/မရှိ မသေချာပါ) | DAO ဥပဒေတွင် တင်ဒါတင်ဒါ အကြောင်း မပါရှိပါ။ | "တင်ဒါ နှင့် လေလံ စီမံခန့်ခွဲမှု" ဟုခေါ် သည့် သီးခြားအခန်း ပါရှိသည်။<br><br>က။ တင်ဒါ (သို့) လေလံပွဲ အကြောင်းကို အများပြည်သူသို့ ရက် ၃၀ ကြိုတင် အသိပေး အကြောင်း ကြားရန်<br>ခ။ တင်ဒါ (သို့) လေလံပွဲ ၏ စည်းကမ်းချက် မှတ်စုကို ဝန်ကြီးထံသို့ တင်ပြရန်<br>ဂ။ နာမည်ပျက် စာရင်းအပါအဝင် တင်ဒါ စည်းမျဉ်း ဖောက်ဖျက်သော သူတို့အား အပြစ်ပေး အရေးယူပါ | DAO ဥပဒေတွင် တင်ဒါ အကြောင်း မပါရှိပါ။ |

# ၅

# အုပ်ချုပ်ရေးနှင့် အကောင်အထည်ဖော်မှု ဆိုင်ရာ ကောင်းသောအလေ့အကျင့်

## မူဝါဒ အကောင်အထည်ဖော်မှုဆိုင်ရာ ကောင်းသော အလေ့အကျင့်များ

ပြည်ထောင်စု၏ ဥပဒေရေးရာ၌ တင်းကြပ်သော စည်းမျဉ်းမူဘောင်များက လွှမ်းမိုးထား သော်လည်း၊ ပြည်နယ်အဆင့်အစိုးရများက အုပ်ချုပ်စီမံ အကောင်အထည်ဖော်ရာတွင် ပိုမို ပျော့ပြောင်း၍ ပြုလွယ်ပြင်လွယ်ရှိသည့်အလျောက် ကောင်းမွန်သော ဒေသန္တရ လုပ်ထုံးလုပ်နည်းများ ပိုမိုကျယ်ပြန့်လာသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုအဆင့်များသည် ပြည်ထောင်စု၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး အဆင့်များကိုပါ စီမံသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးနေ အများပြည်သူ အကြား ကြားခံတာဝန်ခံမှုရှိသည့်တိုင် ခေါင်းဆောင်များသည် အကောင်အထည် ဖော်မှုဆိုင်ရာ အရည်အသွေးကို ပြောင်းလွယ်ပြင်လွယ်ပြုမှုနှင့် ထိန်းချုပ်ထားမှုရှိနေဆဲဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုများတွင် အစိုးရတာဝန်ရှိသူများ၏ ရလဒ်ကောင်းများသည် "အားပေးအား ထုတ်နိုင်စွမ်း" "ခေါင်းဆောင်နိုင်မှု" နှင့် "ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှု" စသည့်အချက် များကြောင့် ရလဒ်ကောင်းများရရှိခဲ့ကြောင်း အကြိမ်ကြိမ်မှတ်ချက်ချခဲ့သည်။ အချို့သောဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများသည် အရာကိစ္စများပြီးစီးရန် အချိန်ဇယားသတ်မှတ်ထားသော်လည်း အချို့ကိစ္စများ၌ ဌာနဆိုင်ရာ အစိုးရဝန်ထမ်းများအနေဖြင့် ဉာဏ်ပညာ အမျှော်အမြင်ကို လိုအပ်ချက် နှင့်အညီ လွတ်လပ်စွာ သုံးစွဲခွင့်ပြုထားပါသည်။ ဥပဒေများတွင် ဖော်ပြမထားသော ထူးခြားသည့် ဖြစ်ရပ်ဆန်းများအတွက်လည်း စံလုပ်ထုံးလုပ်နည်းများ မဟုတ်သော လုပ်နည်းဖြင့် အလားတူ ပုံသဏ္ဍာန်ဆောင်ရွက်ပိုင်ခွင့် ပေးထားပါသည်။ သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ ခေါင်းဆောင်များ (ဝန်ကြီးချုပ် နှင့် အစိုးရအဖွဲ့) က အခွင့်အာဏာရှိသည့်အတိုင်း၊ တစ်ခါတစ်ရံတွင် သတ်မှတ်ချက်များချမှတ်ပြီး လုပ်ငန်းများကို အချိန်မီ ပြီးမြောက်အောင် စေခိုင်းတတ်သည်။ ထိုနည်းတူစွာပင် ဥပဒေများသည် ရှုပ်ထွေးကွဲပြားနက်နဲပြီး လိုရင်းရလဒ်များကို မပြဋ္ဌာန်းနိုင်သောကြောင့် အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် အခက်အခဲဖြစ်၍ အရည်အသွေးရှိ လုပ်သင့်လုပ်ထိုက်သောအလုပ်ကို တားမြစ်ခြင်း ဖြစ်တတ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ခေါင်းဆောင်များသည် ဝန်ထမ်းများက အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး၊ အကယ်၍ အဆင့်မမီလျှင် အပြောင်းအလဲအတွက် ပြင်းထန်စွာ တောင်းဆိုနိုင်ပါသည်။

အကောင်အထည်ဖော်မှုကို တိုးတက်အောင်လုပ်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်း ဒေသကြီး အစိုးရများသည် ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီးအတွင်းမှ ဝန်ထမ်းများစွာကို ထိရောက်စွာ စုဆောင်းခြင်း၊ ငှားရမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းအားဖြင့် လုပ်ဆောင်နိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရသည် DAO ဝန်ထမ်းများအား (အခြားအစိုးရဌာနအားလုံး အတွက် ပြည်ထောင်စု ဝန်ထမ်းဘုတ်အဖွဲ့က စီမံခန့်ခွဲသည့်) ဦးစီးအရာရှိနှင့် အထက်အဆင့်များ အပါအဝင် အဆင့်တိုင်း၌ ဝန်ထမ်းခန့်ထားခြင်း၊ ငှားရမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းများကို ထိန်းချုပ်ထားသည်။ ၎င်းတို့သည် ဝန်ထမ်းခေါ်ယူခြင်းနှင့် ငှားရမ်းခြင်းတို့ကို အကောင်အထည်ဖော်ရန်နှင့် ပြန်တမ်းဝင်မဟုတ်သော ဝန်ထမ်းများကို စီမံခန့်ခွဲရန်လည်း တာဝန်ရှိသည်။ မြန်မာနိုင်ငံရှိ ပြည်သူ့ ဝန်ထမ်းအများစု (၉၀%) ခန့်သည် ပြန်တမ်းဝင်မဟုတ်သောဝန်ထမ်းများဖြစ်သည်။ [၂၁] ထိုဝန်ထမ်းခေါ် ယူခြင်းကို အဆင့်မြင့်ပြန်တမ်းဝင် အရာရှိများကို ခန့်အပ်သည့် ပြည်ထောင်စု ဝန်ထမ်းဘုတ်အဖွဲ့မှ ခန့်အပ်ခြင်းမဟုတ်ဘဲ ပြန်တမ်းဝင်များကိုခန့်အပ်သော ဝန်ကြီးဌာနတစ်ခုစီမှ ကိုင်တွယ်သည်။ ပြန်တမ်းဝင် မဟုတ်သော ဝန်ထမ်းများကို အလုပ်သမားဌာန၏ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများမှတဆင့် ဒေသတွင်းတွင် စုဆောင်းသည်။ ဒေသတော်တော်များများတွင် အစိုးရဌာနများအနေဖြင့် အရည်အချင်းပြည့်မီသူများကို ရှာမတွေ့နိုင်၍ ဝန်ထမ်း အင်အား လျော့နည်း ရသည် ဟုဆိုကြသည်။ အလုပ်သမားဈေးကွက် အခြေအနေများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများသည် ရည်မှန်းချက်ထား အားထုတ်လျှင်

ဂန်ထမ်းခေါ်ယူမှုကို တိုးမြှင့်နိုင်သကဲ့သို့ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိဒေသဆိုင်ရာရုံးများရှိ ဂန်ထမ်းများ၏ လုပ်ငန်းခွင်ပတ်ဂန်းကျင်ကိုလည်း တိုးတက်စေနိုင်သော အခြေအနေများရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် ပြည်သူ့ ဂန်ဆောင်မှု စီမံခန့်ခွဲမှု၏ ဥပမာအချို့ဖြစ်သော လစာ သို့မဟုတ် ပင်စင်လစာ ဝန်ဆောင်မှုများကို မပြောင်းလဲနိုင်သည့်နည်းတူ DAO ၏ ဂန်ထမ်းများ အတွက်လည်း လုပ်မပေးနိုင်ပါ။

နောက်ဆုံးအနေဖြင့် အလွတ်သဘော သို့မဟုတ် ဓလေ့ထုံးတမ်းတွင် ကွာခြားမှု ရှိနေပါသည်။ မြန်မာနိုင်ငံရှိ အစိုးရရုံးများ သို့မဟုတ် မည်သည့်တရားစီရင်ပိုင်ခွင့်တွင်မဆို ဖြစ်ရပ်များအားလုံး အတွက် တိကျစွာရေးသားထားသော လုပ်ထုံးလုပ်နည်းများရှိရန် မဖြစ်နိုင်ပါ။ အချို့သော ဒေသဆိုင်ရာ အရာရှိများ (သို့) ရုံးများသည် စာဖြင့်ရေးသားထားသော လိုအပ်ချက်များ မရှိသော်လည်း အပြုသဘောဆောင်သော အလေ့အကျင့်များကို အကောင်အထည်ဖော်ရန် သို့မဟုတ် ဆက်လက်လုပ်ဆောင်ရန် အလေ့အထကို ထိန်းထားသည်။ အလားတူပင် ကော်မတီများသည် ကိစ္စရပ်များစွာတွင် ဆုံးဖြတ်ချက်ချရာတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဂင်သော်လည်း ဥပဒေများ၊ စည်းမျဉ်းများနှင့် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအပြင် ၎င်းတို့ကို မည်သို့ ပြန်လည်သုံးသပ်ရန်နှင့် ဆုံးဖြတ်ချက် တစ်ခုစီအပေါ် မည်သို့ဆုံးဖြတ်ရမည်ကို လမ်းညွှန်ချက်များ နည်းပါးလှပါသည်။ ထို့ကြောင့် ကော်မတီများသည် စီးပွားရေးလုပ်ငန်းများအား ကော်မတီအစည်းအဝေးများသို့ သတင်းအချက်အလက် တင်ပြရန် (သို့) ကိစ္စတစ်ခုနှင့် ပတ်သက်၍ သူတို့၏အမြင်များကိုမျှဝေရန် အလို့ငှာ အလွတ်သဘော သို့မဟုတ် စာရေးတင်ပြရန်မလိုသော ကောင်းမွန်သည့် အလေ့အကျင့်များတွင် ပါဂင်ပြုပြင်ရန် လွယ်ကူပါသည်။

ဖြစ်စဉ်လေ့လာချက် (၄)

## မကွေးနှင့် ဖြူး လမ်းဖောက်လုပ်ခြင်း

မကွေးမြို့တွင်စီးပွားရေးလုပ်ငန်း ၇၀ % ကျော်က လမ်းများကောင်းသည်။ အလွန်ကောင်းသည့်အတွက် နိုင်ငံ၏ထိပ်ဆုံး (၁၀) မြို့နယ်တွင်ပါဝင်သည် ဟုပြောကြသည်။ လုပ်ဆောင်မှုများ အောင်မြင်ရန် အထောက်အကူပြု ခိုင်မာစေသော အချက်များစွာရှိသည့်အနက် မကွေးဒေသရှိ လမ်းကွန်ယက်ကို ဦးစားပေးရန် မကွေးတိုင်းဒေသကြီးအစိုးရ၏ ကြိုးပမ်းမှုများမှာ အဓိကကျသည်။ ဒေသဆိုင်ရာအစိုးရ၏ အထိုင်သည် ဒေသ၏ စီးပွားရေးအချက်အချာ၊ ဧရာဝတီမြစ်တလျောက် တောင်-မြောက် စကြံနှင့် ရခိုင်ပြည်နယ်ကို ကျန်မြန်မာပြည်၏ ဒေသများနှင့် ဆက်သွယ်သော အရှေ့ - အနောက် စကြံတို့အကြား မဟာဗျူဟာမြောက် လမ်းဆုံဖြစ်ခြင်းကြောင့် ၎င်းမြို့အား ဦးစားပေး ရွေးချယ်ခဲ့သည်။[၂၂] ဤဘတ်ဂျက် အမျိုးအစားကို ဦးစားပေးခြင်းသည် ဤဖြစ်ရပ်လေ့လာမှုကို ဥပဒေနှင့် စည်းမျဉ်းမူဘောင်များ ဖန်တီးရာတွင် ကောင်းသောအလေ့အကျင့်၏ ဥပမာတစ်ခု ဖြစ်စေသည်။

ရံဖန်ရံခါ DAO လမ်းများကို မြို့တွင်းမှရရှိသော အခွန်ဘဏ္ဍာငွေများမှ ရန်ပုံငွေဖြင့် တည်ဆောက်ကြသည်။ အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ပြည်နယ်/တိုင်းဒေသကြီးအတွင်း DAO များအကြား ငွေလွှဲပြောင်းပေးသော်လည်း ပြည်နယ်နှင့်တိုင်းဒေသကြီးနယ်နိမိတ် ဖြတ်ကျော်၍ DAOs များသို့ငွေလွှဲခြင်းများမရှိပါ။ သို့သော် မကွေး DAO သည် မကွေးမြို့ရှိ လမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေး ဂန်ကြီးဌာနမှ နောက်ထပ်ဘတ်ဂျက်ရရှိခဲ့သည်။ ဘတ်ဂျက်တိုးမြှင့်ခြင်း မတိုင်မီကတည်းက စည်ပင်သာယာရေးဂန်ကြီး၏ ညွှန်ကြားချက်များအရ မကွေး DAO သည် လမ်းစီမံကိန်းများဖွံ့ဖြိုးမှုအတွက် ကုန်ကျခံခဲ့ပြီးဖြစ်သည်။ ဒေသဆိုင်ရာဂန်ကြီးသည် ဒေသတွင်းမှ ယခင် လမ်းစီမံကိန်းနှင့် ဆောက်လုပ်ရေး စောင့်ကြည့် လေ့လာရေးတွင်ပါဂင်ခဲ့သော အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် အင်ဂျင်နီယာနောက်ခံရှိသည်။ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦး၏ အဆိုအရ ၎င်းသည် မကွေး၏ တိုးတက်လာသော လမ်းများ၏အကြီးမားဆုံး မောင်းနှင်အားဖြစ်သည်ဟု ဆိုသည်။ သူတို့က“ဂန်ကြီးသည် သူဒီမှာရှိနေသောကြောင့် မကွေးတွင်နေ့စဉ် စောင့်ကြည့်လေ့ရှိသည်” ဟုဆိုသည်။[၂၃]

မကွေးမြို့ရှိလမ်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အခြားကဏ္ဍများစွာ၌လည်း အကျိုးဖြစ်ထွန်း စေခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သူများ၏ အဆိုအရ ပထဝီအနေအထားအရ လမ်းအသစ်များကို ထိရောက်စွာ တည်ဆောက်ရန် ပိုမိုလွယ်ကူစေသည်။ ရာသီဥတုမှာ အလယ်အလတ်ရှိပြီး ဧရိယာ ကြီးမားသော တောင်များမရှိသောကြောင့် ဈေးကြီးသည့် မြေရွှေ့ခြင်း သို့မဟုတ် ရေနုတ်မြောင်းစနစ် များစွာမလိုအပ်ပါ။ မကွေးသည်လမ်းဖောက်ရန် လိုအပ်သောစွမ်းရည်များဖြင့် အရည်အသွေးကောင်းသည့် ကုန်ကြမ်းများနှင့် လုပ်အားကို အလွယ်တကူ ရနိုင်သည်။ DAO သည် ရပ်ရွာလူထု၏ ပံ့ပိုးမှုများမှ အကျိုးကျေးဇူးများရရှိခဲ့သည်။ ၎င်းသည် လမ်းဘတ်ဂျက်၏ ၄၀% ရှိသည် (ကျန် ၆၀% မှာ DAO မှဖြစ်သည်)။[၂၄] မကွေးဒေသနေ နိုင်ငံသားများသည် ချမ်းသာကြွယ်ဝပြီး ဤအလှူငွေများကို တတ်နိုင်သောကြောင့် လမ်းဆောက်လုပ်ရေး ဘတ်ဂျက်ကို သိသိသာသာတိုးချဲ့ရန် ကူညီခဲ့သည်။

နေပြည်တော်၏တောင်ဘက် ၂-နာရီခန့် အကွာရှိ ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းမြစ်ဝှမ်း ဖြူးမြို့ရှိ စီးပွားရေး လုပ်ငန်းများ၏ ၂၃ ရာခိုင်နှုန်းက သာလမ်းများကို ကောင်းသည်ဟု ထင်မြင်ကြသည်။ မကွေးနှင့်မတူသည်မှာ ဖြူးမြို့သည်ဒေသဆိုင်ရာ အချက်အချာမဟုတ်သည့်အပြင် ပဲခူးတိုင်းဒေသကြီး အစိုးရကလည်း ထိုလမ်း ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးမထားပါ။ ဖြူးမြို့ DAO ၏အခွင့်အာဏာ အောက်တွင်ရှိသော ဖြူးမြို့ပြ လမ်းများသည် ဒေသတွင်းရန်ပုံငွေဖြင့် တည်ဆောက်ရသော်လည်း ဒေသတွင်းမှရရှိသောဝင်ငွေသည် မကွေးထက် သိသိသာသာ နည်းသည်။[၂၇] သေးငယ်သောမြို့တစ်မြို့ ဖြစ်သည့် ဖြူးမြို့၏ DAO သည် ပဲခူးကဲ့သို့မြို့ကြီးများရှိ DAOs များထက်အခွန်အခကြေးငွေ ကောက်ခံမှု၌ သက်သာခွင့်ပေးထားသည်။ ဖြူးမြို့၏နိုင်ငံသားများ မချမ်းသာကြောင့် DAO သည် လမ်းဖောက်လုပ်ရေးအတွက် စေတနာအလျောက် ထည့်ဝင်သော အလှူငွေများကို စုဆောင်းရန် ရုန်းကန်နေရသည်။ ဤကန့်သတ်ချက်များသည် လမ်းဖွံ့ဖြိုး တိုးတက်မှုအတွက် ရရှိနိုင်သည့် ဘတ်ဂျက်ကိုများစွာလျော့ကျစေပြီး ဖြူးမြို့၏ စီးပွားရေး လုပ်ငန်းများအပေါ် လမ်းအရည်အသွေးနှင့် ပတ်သက်၍ အပျက်သဘောဆောင်သော အမြင်များဖြစ်ပေါ်စေသည်။

ဖြစ်စဉ်လေ့လာချက် (၅)

## ဟင်္သာတတွင် DAO လိုင်စင်ချထားပေးခြင်း

MBEI သည် DAO ထံမှ စီးပွားရေးလိုင်စင်ရရှိရန် လိုအပ်သည့် ရက်အရေအတွက်နှင့် ပတ်သက်ပြီး စီးပွားရေး လုပ်ငန်းများအား မေးမြန်းခဲ့သည်။ (ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ များရှိ သက်ဆိုင်ရာ CDC များမှ စီးပွားရေးလိုင်စင်များ ရရှိသည်။) မြန်မာနိုင်ငံတစ်ဝှမ်း DAO စီးပွားရေးလိုင်စင်ရရှိရန်ပျမ်းမျှအားဖြင့် ၂၇.၅ ရက်ကြာသည်။ သို့သော် ဟင်္သာတသည် အကောင်းဆုံး ဆောင်ရွက်သူများ ထဲမှတစ်ဦး ဖြစ်ပြီးပျမ်းမျှအားဖြင့် ၁၂.၃ ရက်အတွင်းလုပ်ငန်းလိုင်စင်ချပေးသည်။ ၎င်းသည်တစ်နိုင်ငံလုံး အတိုင်းအတာ၏ ထက်ဝက်ထက် နည်းပြီး DAO လိုင်စင်အတွက် မြန်မာနိုင်ငံ၏ ပဋ္ဌမအမြန်ဆုံးမြို့နယ်ဖြစ်သည်။[၂၆]

ဟင်္သာတ၏ နိမ့်ကျခဲ့သောကာလနောက်ကွယ်မှ အရေးအပါဆုံး မောင်းနှင်အားတစ်ခုမှာ လိုင်စင်ကိစ္စရပ် များအတွက် ဆယ်ရက်အတွင်း အတည်ပြုခြင်း၏ ကာလကြာရှည်သော်လည်း တရားဝင်မဟုတ် အလွတ် သဘော မူဝါဒဖြစ်သည်။ DAO ၏ပြောပြချက်အရ ယခုအချိန်ကာလသည် ကိုယ်ပိုင် ပြဋ္ဌာန်းထားပြီး ဟင်္သာတ တွင်အနှစ် ၂၀ ကျော် ကျင့်သုံးလာသည့် ကျင့်ထုံးများဖြစ်သည်။ ဤအချိန်ကာလအတွက် အကြောင်းပြချက်မှာ DAO သည်လိုင်စင်ကို အတည်ပြုရန် ဆယ်ရက်ထက် မပိုသင့်ဟု ယုံကြည်ခဲ့ သောကြောင့်ဖြစ်သည်။ ဤသတ် မှတ်ရက်များကိုပြည့်မီရန်အတွက် TDAC သည်နှစ်ပတ် တစ်ကြိမ် တွေ့ဆုံပြီးလျှောက်လွှာများကို ပြန်လည် သုံးသပ်သည်။ သူတို့က ဆုံးဖြတ်ချက်ချပြီး အစည်းအဝေး မှတ်တမ်းတွင်ပါသူများကို မှတ်တမ်းတင်သည်။ အဆိုပါ ရည်မှန်းချက်များ ပြည့်မီရန် အတွေ့အကြုံရှိ ဝန်ထမ်းများသည် အရေးကြီးကြောင်း ဟင်္သာတ DAO မှမှတ်ချက်ချသည်။ DAO ၏လိုင်စင်အတွက် တာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးစလုံးသည် နှစ်ပေါင်း ၃၀ ကျော် ရပ်ရွာနှင့် ထိတွေ့မှုနှင့် အတွေ့အကြုံရှိသူတို့ ဖြစ်ကြသည်။

သို့သော် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ လိုင်စင်ရရှိရန် ဆယ်ရက်မူဝါဒ အချိန်၌ ချွင်းချက်များရှိသည်။ အလွန်သေးငယ်သော စီးပွားရေးလုပ်ငန်းများအတွက် လုပ်ငန်းစဉ်သည် မြန်ဆန်သော်လည်း မီး၊ ကျန်းမာရေး သို့မဟုတ် ဆူညံသံနှင့်ဆိုင်သော ပြဿနာရှိပါက ဌာနဆိုင်ရာ ညှိနှိုင်းမှုများ ပြုလုပ်ရန်လိုအပ်ခြင်းကြောင့် အချိန်ပိုမိုကြာရှည်နိုင်သည်။ မီးသတ်ဌာနသည် လိုင်စင် လုပ်ငန်းစဉ်တွင် ပါဝင်သောကြောင့် စားသောက် ဆိုင်များ ကဲ့သို့သော စီးပွားရေးလုပ်ငန်း အချို့သည် ကြာနိုင်သည်။ DAO မှ အိမ်နီးချင်းများထံမှ ခွင့်ပြုချက် လိုအပ်သော လိုင်စင်ကိစ္စရပ် များသည် ပုံမှန်အားဖြင့် အချိန်အကြာဆုံးဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ DAO မှ စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းအတွင်း လိုင်စင်ကို ဆယ်ရက်အတွင်း ယေဘုယျအားဖြင့် ပြုလုပ်လိမ့် မည်ဟု သတိပြုမိကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

ဟင်္သာတရှိလိုင်စင်လုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိအခြား DAO များနှင့် ဆင်တူသည်။ အများဆုံး ရိုးရှင်းသည့်ကိစ္စများတွင် လျှောက်လွှာတင်သွင်းပြီးနောက် စစ်ဆေးမှုတစ်ခု ပြုလုပ်သည်။ အခြား မည်သည့် ကိစ္စမျှမလိုအပ်ပါက ၎င်းလျှောက်လွှာများအားအတည်ပြုပေးရန် TDAC သို့ ပို့သည်။ DAO ၏ လက်ထောက်ညွှန်ကြားရေးမှူးသည် လိုင်စင်လိုအပ်ချက်များကို သတ်မှတ်သော်လည်း ဟင်္သာတ DAO က

ၿငင်းတို့၏ လိုအပ်ချက်များသည် အခြားနေရာများနှင့် ထူးမခြားနား၊ ရေဂုတီတိုင်းဒေသကြီး DAO ဥပဒေနှင့် အညီရှိပါ၏ဟု မှတ်ချက်ပေးသည်။ ထိုသို့ဖြစ်လင့်ကစား ရလဒ်များမှာ ဟသ်္ာတ၏ဆယ်ရက်မှုဝါဒကြောင့် သိသိသာသာပိုမိုကောင်းမွန် ခဲ့သည်။ လိုင်စင်ထုတ်ပေးရန် ပျမ်းမျှအားဖြင့် ၄၂ ရက်ခန့်ကြာချိန်ရှိသည့် အုတ်တွင်း DAO သည် လိုင်စင်ထုတ်ပေးရန် တရားဝင် သို့မဟုတ် အလွတ်သဘော သတ်မှတ်ထားသော နောက်ဆုံးရက် သတ်မှတ်ချက်မရှိခဲ့ပါ။

## တုန့်ပြန်မှုနှင့် ကိစ္စရပ် စီမံခန့်ခွဲမှုဆိုင်ရာ ကောင်းသော အလေ့အကျင့်

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများနှင့် လွှတ်တော်အမတ်များသည် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးဥပဒေများတွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသည့် ကိစ္စရပ်များအား တုန့်ပြန်မှုပေးရန်နှင့် စီမံခန့်ခွဲမှုပေးရန် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ရိုးရှင်းသောကိစ္စရပ်များအတွက်၊ ဥပမာအားဖြင့် ပြည်သူလူထုထံမှ မည်သည့်တိုင်ကြားချက်ကိုမျှ မရရှိခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဆိုင်ရာ လျှောက်လွှာတစ်ခုအတွက် ပုံမှန်အားဖြင့် သက်ဆိုင်သည့် ဌာနသည် ပြင်ပမှပါဝင်ပတ်သက်သူ အကန့်အသတ်မျှသာပါဝင်စေပြီး လျှောက်လွှာကို လိုအပ်သလို ဆက်လက်လုပ်ဆောင်နိုင်သည်။ အခြားတာဝန်ထမ်းသူများ၏ ပြင်ပ ပါဝင်မှုဆိုသည်မှာ များသောအားဖြင့် ဌာနဖယားကွက်တွင် အမှတ်သင်္ကေတပြခြင်း သို့မဟုတ် အောက်အဆင့် ကော်မတီများ၏ လုပ်ငန်းများကိုအတည်ပြုခြင်းကို ဆိုလိုသည်။

သို့ရာတွင်များစွာသော ဖြစ်ရပ်များသည် ရိုးရှင်းသော အရာမဟုတ်ဘဲ ယင်းတို့ကို ဒေသန္တရ အစိုးရများက ယေဘုယျအားဖြင့်ပိုမို အသေးစိတ် ပြန်လည်သုံးသပ်ရသည်။ ဤသို့သော အမှုများ၌ ပုံမှန်လုပ်ထုံးလုပ်နည်းများကို ရပ်တန့်စေပြီး တိုင်တန်းမှုများကြောင့် ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း၊ အစည်းအဝေးများ သို့မဟုတ် ပြဿနာအား အဆင့်မြင့်အစိုးရအဖွဲ့များသို့ တင်ပြခြင်း စသည့်ထပ်ဆင့် အဆင့်များလိုအပ်လေ့ရှိသည်။ တုန့်ပြန်မှုသည် အမြဲတမ်းနီးပါး ပါဝင်သည့် အစိုးရ အစိတ်အပိုင်းများ ဖြစ်သော ဌာနတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပြည်နယ်နှင့်တိုင်း ဒေသကြီး အစိုးရ၏ ဦးဆောင်မှု နှင့် လွှတ်တော်အမတ်တစ်ဦး (သို့) တစ်ဦးထက်ပို၍ ပါဝင်တတ်သည်။ အမှုများအားလုံးကို ပြန်လည်သုံးသပ်ခြင်းသည် သက်ဆိုင်ရာဌာနများ၏ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ အပြင် အခြားသက်ဆိုင်သည့် ကိစ္စများ နှစ်မျိုးစလုံး (ဥပမာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကဲ့သို့သော ကိစ္စများ) ပါဝင်နိုင်သည်။

တိုင်ကြားချက်အများစုသည် နိုင်ငံသားများထံမှ ဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများသည် လည်း အစိုးရထံ တိုင်ကြားနိုင်သည်။ ဤအချက်သည် အရေးကြီးသည်။ အကြောင်းမှာ နိုင်ငံသားများ ကဲ့သို့ပင် စီးပွားရေးလုပ်ငန်းများသည် အခြားစီးပွားရေး လုပ်ငန်းတစ်ခုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ (ဥပမာ လေထုညစ်ညမ်းမှု) ကိုခံရနိုင်သည်။ ၎င်းတို့သည် ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာမှုရှိကြောင်း သေချာစေရန် အထူးစိတ်ဝင်စားသည်။ အထူးသဖြင့် အစိုးရအရာရှိကြီးများနှင့် ဆက်သွယ်မှုကောင်းမွန်ခြင်းကို အခွင့်ကောင်းယူ၍ ဥပဒေလိုက်နာမှု အပြည့်အဝ မရှိနိုင်သည့် အချို့သောစီးပွားရေး လုပ်ငန်းကြီးများကိုလည်း အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနည်းတူ နိုင်ငံရေးအရ တူညီမျှတသော ဥပဒေ လိုက်နာမှုရှိစေလိုသော ဆန္ဒရှိကြပါသည်။ ဤကဲ့သို့ စီးပွားရေးလုပ်ငန်းများ ဥပဒေလိုက်နာမှုမရှိခြင်းဆိုင်ရာ တိုင်ကြားမှုများကို အစိုးရဖက်မှ ပွင့်လင်း မြင်သာမှုရှိစွာ ကိုင်တွယ်ခြင်းရှိရန်လိုအပ်သည်။ အထူးသဖြင့် အစိုးရသည် ဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာမှုရှိကြောင်း ပြသရန် စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံသားများ၏ တိုင်ကြားမှုများအတွက် မှန်ကန်သင့်လျော်သော တုန့်ပြန်မှုရှိရန် အရေးကြီးသည်။ အစိုးရအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာမှုရှိစေရေးဆောင်ရွက်ရန် ပိုမိုကျယ်ပြန့်စွာ အရေးကြီးသည်။ တိုင်ကြားချက် အများစုအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ ခေါင်းဆောင်များသည် ပြဿနာကို မည်သို့ဖြေရှင်းရမည်ကို ဆုံးဖြတ်ချက်ချရန် တာဝန်ရှိသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့များနှင့် လွှတ်တော် အမတ်များက မကြာခဏ တာဝန်ယူလေ့ရှိသည်။[၂၇]

ဖြစ်ရပ်မှန်လေ့လာချက် (၆)

## ရောဝတီတိုင်းဒေသကြီးအစိုးရ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုအပေါ် တုန့်ပြန်မှု

ရောဂတီ၏ MBEI "ပတ်ဂန်းကျင်ဆိုင်ရာလိုက်နာမှု" အညွှန်းကိန်းသည် ယေဘုယျအားဖြင့် ရမှတ်နိမ့်ကျနေသော်လည်း ခွဲခြားထားသည့် အချက်အလက်များအရ ရောဂတီတိုင်းဒေသကြီး အစိုးရသည် ကောင်းမွန်စွာလုပ်ဆောင်နိုင်ပြီး အထူးသဖြင့်လေထုညစ်ညမ်းမှု ဖြစ်စဉ်များအပေါ် တုန့်ပြန်မှု အားကောင်းသည်ဟု မှတ်ယူနိုင်သည်။ အောက်ဖော်ပြပါဇယား (၄) တွင်ဖော်ပြထားသည့်အတိုင်း ရောဝတီတိုင်းရှိ မြို့နယ် (၆) ခုလုံးသည် မြို့နယ်များ၏ထိပ်ဆုံး သုံးပုံတစ်ပုံတွင် ညစ်ညမ်းမှု ဖြစ်ပွားမှု အပေါ်တုံ့ပြန်မှုရှိသည်။ အခြား မက်ထရစ်မှ အချက်အလက်များ၊ ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုလမ်းညွှန်ချက်က ၎င်းသည်သီးခြားဖြစ်ရပ်တစ်ခု သို့မဟုတ် စာရင်းအင်းကွဲလွဲမှု မဟုတ်ကြောင်း ဖော်ပြသည်။ ထိုမက်ထရစ်များသည် ဒေသဆိုင်ရာအစိုးရ၏ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ အသင့်မြတ်ဆုံး လမ်းညွှန်ချက်များ လိုက်နာရန်ညွှန်ကြားခြင်းသည် ပဏာမခြေလှမ်းသစ်များကို ရောင်ပြန်ဟပ်သည်။ ထိုမက်ထရစ်များအတွက် မြို့နယ်အားလုံးသည် စစ်တမ်း၏ ထိပ်ဆုံးတစ်ဝက် အတွင်းရှိကြသည်။ ဤရလဒ်များအရ ဤဧရိယာ၌ ကောင်းသော အလေ့အကျင့်များရှိကြောင်းနှင့် မြို့နယ်အဆင့် ပဏာမခြေလှမ်းများနှင့်မတူဘဲ ဒေသဆိုင်ရာအစိုးရ၏ မောင်းနှင်အားရှိသည်ဟု ပေါ်လွင်သည်။

ဇယား (၄)

### ရောဂတီတိုင်းဒေသကြီး မြို့နယ်အားလုံးမှ ရွေးချယ်ထားသည့် ပတ်ဂန်းကျင်လိုက်နာမှုဆိုင်ရာ အညွှန်းကိန်း ရမှတ်များ

| မြို့နယ် အမည် | ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုအပေါ် လမ်းညွှန် မြို့နယ်အဆင့် (၆၂ ခုအနက်) နှင့် အပြုသဘောဆောင်သော တုံ့ပြန်မှု ရာခိုင်နှုန်း | | လေထုညစ်ညမ်းမှု ဖြစ်ပွားပါက အာဏာပိုင် များသည် မြို့နယ်အဆင့် (၆၂ အနက်) နှင့် အပြုသဘောဆောင်ရွက်သည့် တုံ့ပြန်မှုများ ဖြင့်အချိန်မီ အရေးယူဆောင်ရွက်ခြင်း | |
|---|---|---|---|---|
| | အဆင့် | ရာခိုင်နှုန်း | အဆင့် | ရာခိုင်နှုန်း |
| ဝါးခယ်မ | ၂ | ၆၅% | ၄ | ၈၃% |
| ဟင်္သာတ | ၁၅ | ၄၃% | ၁ (အဆင့်တူ) | ၁၀၀% |
| ဖျာပုံ | ၁၇ | ၄၁% | ၁ (အဆင့်တူ) | ၁၀၀% |
| မအူပင် | ၂၁ | ၃၈% | ၁၁ | ၆၇% |
| ပုသိမ် | ၂၅ | ၃၆% | ၇ | ၇၀% |
| ပန်းတနော် | ၃၁ | ၃၄% | ၂၀ | ၅၀% |

အစိုးရဖက်မှ ပါဝင်သူများအနက် ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ထူးခြားကွဲပြားသော အရည် အသွေးရှိသူတို့ပါဝင်ပြီး ခိုင်မာသည့်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်နိုင်ခြင်း၊ ကောင်းမွန်သော အလေ့အကျင့် အပြောက်အမြားရှိခြင်း၊ ခိုင်မာသော ခေါင်းဆောင်မှုရှိခြင်းနှင့် အထောက်အပံ့ပြု နောက်ခံအကြောင်းအရင်းများ ရှိခြင်းတို့ကြောင့် ခိုင်မာသောရလဒ်များရရှိရန် များစွာအထောက်အကူ ပြုခဲ့ပါသည်။ ရောဂတီတိုင်းဒေသကြီးရှိ အစိုးရအရာရှိများစွာက ပြောကြားရာတွင် ခိုင်မာသော အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတွက် အဓိကအချက်ဖြစ်သည်ဟုရှင်းပြကြသည်။ သဘာဂပတ်ဂန်းကျင် ဆိုင်ရာကိစ္စရပ်များနှင့် ပိုမိုဆိုးရွားသည့် ပတ်ဂန်းကျင်ဆိုင်ရာ အရေးယူမှုများနှင့် ပတ်သတ်၍ တုန့်ပြန်ဆောင်ရွက်မှုများ၌ သဘာဝပတ်ဂန်းကျင်ဆိုင်ရာဂန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် ဌာနဆိုင်ရာများ ပါဝင်ခဲ့သည်။ တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂန်ကြီးဌာနက မှတ်ချက်ချသည်မှာ "၎င်းအောင်မြင်မှုသည် အားလုံးပါဝင်သည့် ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှု ကြောင့်ဖြစ်၏။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး

ဌာန ECD တစ်ခု တည်းက မလုပ်နိုင်ပါ၊ ECD သည်အစိတ်အပိုင်းတစ်ခုသာဖြစ်သည်”[၂၈]ဟူ၍ဖြစ်ပါသည်။ အစိုးရ အရာရှိများသည် မည်သူသည် အဓိကတာဝန်ရှိကြောင်းနှင့် ပတ်သက်၍ ကွဲပြားခြားနားသော အမြင်များရှိ သော်လည်း တာဝန်ယူမှု တစ်ခုနှင့် ပတ်သက်လျှင် မည်သူတစ်ဦးတစ်ယောက်တည်း (သို့) ဌာနတစ်ခုတည်း ကသာ တာဝန်ရှိသည်ဟုမဟုတ်ပဲ အားလုံး၌ စုပေါင်းတာဝန်ရှိသည်ဟု ရှင်းလင်းစွာသဘောတူခဲ့သည်။

အုပ်ချုပ်ရေးအပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့ ဝန်ကြီးများသည် အရေးအကြီးဆုံးသော ဆုံးဖြတ်ချက်ချသူများ ဖြစ်ကြသည်။ သူတို့၏ကြိုးပမ်းမှုများသည် လေထုညစ်ညမ်းမှုနှင့် အခြားပြဿနာများစွာအပေါ် ထိရောက်သော တုန့်ပြန်မှုအတွက် တိရောက်စွာဆောင်ရွက်ပေးရန် မရှိမဖြစ် လိုအပ်သည်။ အစိုးရအဖွဲ့အတွင်းတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် ဒေသဆိုင်ရာ ဝန်ကြီး တစ်ဦး၏ လက်အောက်တွင် ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးအတွက်မူ ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး၏ တာဝန်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အစိုးရအဖွဲ့ တစ်ခုလုံးသည် ဤအခန်းကဏ္ဍ၌ ပါဝင်သည်။ အစိုးရအရာရှိတစ်ဦးက “ဧရာဝတီတိုင်းရှိ အပြုသဘော ဆောင်သော ရလဒ်များနောက်ကွယ်မှာ အစိုးရအဖွဲ့တစ်ခုလုံးသည် မောင်းနှင်အားဖြစ်သည်” ဟု မှတ်ချက် ပေးသည်။ အနည်းဆုံးအစိုးရအဖွဲ့ဝင်တစ်ဦးသည် တုန့်ပြန်မှု ပိုမိုကောင်းမွန်စေရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ် လှမ်းခဲ့သည်။ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနရုံးသည် တယ်လီဖုန်းလိုင်း တစ်ခုကိုစတင်ဖွင့်လှစ်ခဲ့ပြီး “လူတွေကအချိန်မီ ကျွန်တော်တို့ကို အလွယ်တကူ ဆက်သွယ်နိုင်ပြီး ကူညီလုပ်ဆောင်နိုင်အောင်ဖြစ်သည်”[၂၉] ဟုဆို၏။ ဤသည်ကာ အစိုးရနှင့်ပြည်သူအကြား ဆက်သွယ်မှုကိုတိုးတက်စေပြီး တုန့်ပြန်မှု တိုးတက်အောင် လုပ်ဆောင်ရန် အလေ့အကျင့်ကောင်း ဥပမာ တစ်ခုဖြစ်သည်။

၎င်းတို့တွင်ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်းအတွက် အခွင့်အာဏာမရှိသော်လည်း လွှတ်တော် အမတ်များသည် အစိုးရ၏တုန့်ပြန်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ၎င်းတို့သည် အစိုးရအား လိုအပ်သော အရေးယူမှုများ ပြုလုပ်ရန် တွန်းအားပေးသော အဓိက မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ ဒေသအစိုးရနှင့် လွှတ်တော်အကြား ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် “သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ရန် အရေးကြီးသည်”[၃၀] ဟုထင်မြင်ကြောင်း ပြောဆိုခဲ့သည်။ လွှတ်တော်အမတ်များသည် အများပြည်သူ နှင့် ပုံမှန်ထိတွေ့ဆက်ဆံသူများဖြစ်ပြီး လွှတ်တော်အမတ်တစ်ဦး၏ အဆိုအရ စီးပွားရေးလုပ်ငန်းများ၊ လူမှုအသိုင်းအဝိုင်းများနှင့် အစိုးရအဆင့်ဆင့်တွင် အဆင့်မြှင့်တင်မှု အခန်း ကဏ္ဍ၌ ပါဝင်သည်။[၃၁] သူတို့သည် “ဒေသတွင်းအခြေအနေများကိုကောင်းစွာသိရှိပြီး” ထိုဗဟုသုတကိုအသုံးပြု၍ လွှတ်တော် နှင့် အစိုးရသို့ အစီရင်ခံတင်ပြရန်နှင့် နောက်ဆုံးအနေဖြင့် အရေးယူဆောင်ရွက်ရန်ဖြစ်သည်။[၃၂] လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက၎င်းတို့သည် “စိုက်ပျိုးရေး ဝန်ကြီးထံသို့ သတင်းအချက်အလက် ပေးရန် တာဝန်ရှိသည်” ဟုအထူးမှတ်ချက်ပြုခဲ့သည်။[၃၃] လွှတ်တော်အမတ်များ၏ ပါဝင်မှုသည် အခြားနေရာများတွင် စည်းမျဉ်းဥပဒေများပြဋ္ဌာန်းရာတွင် အမြဲတစေဖြစ်လေ့မရှိသော်လည်း မြန်မာနိုင်ငံရှိ လွှတ်တော်အမတ်များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရနှင့် နိုင်ငံသားများအကြား တစ်ခုတည်းသော တိုက်ရိုက်တာဝန်ခံမှု ဖြစ်ခြင်းကြောင့်လွှတ်တော်ကိုယ်စားလှယ်များသည် တစ်ခါတစ်ရံ ၎င်းတို့မဲဆန္ဒနယ်များအတွင်း ဤကဲ့သို့သောကိစ္စရပ်များ တွင်တာဝန်ခံမှုရှိသည်ဟု ယုံကြည်ကြသည်။[၃၄]

ဧရာဝတီတိုင်းတွင် ECD နှင့်ထိတွေ့ဆက်ဆံမှုတွင် ပိုမိုတက်ကြွသည်ဟု မှတ်ချက်ပြုထားသည့် လွှတ်တော် အမတ်များအနေဖြင့် ကောင်းမွန်သောအလေ့အကျင့်ရှိကြောင်း သက်သေပြနိုင်ခဲ့သည်။[၃၅] လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် တိုင်ကြားစာ စာရေးရန် ခက်ခဲသောသူများက ၎င်းတို့အား ကူညီရန် ထောက်ခံကြကြောင်း ပြောကြားခဲ့သည်။[၃၆] လူများကိုသက်သေ အထောက်အထားများ စုဆောင်းရန်နှင့် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ များသို့ တိုင်စာပေးပို့ရန်၊ အမတ်များကိုလည်း မိတ္တူကူးပေးရန် အားပေးခဲ့ကြသည်။ လွှတ်တော်ကိုယ်စားလှယ် များသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရ၏ ရွေးကောက် တင်မြှောက်ထားသည့် အဖွဲ့ဝင်များသာ ဖြစ်သောကြောင့် ၎င်းတို့ကို အရေးယူ ဆောင်ရွက်ရန် နိုင်ငံသားများထံမှ ဖိအားပေးခံရသည်။ လွှတ်တော် အမတ်တဦးက လူအများသည် ဓာတ်ပုံများ ရိုက်ယူခြင်းနှင့် Facebook တွင် တိုင်ကြားမှုများဖြင့် “အမတ်များကို တက်ကြွစေခြင်း” နှင့် ၎င်းကိစ္စများနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို မျှဝေခြင်း တို့ကို ပြုလုပ်နေ သည်ဟု ပြောကြားခဲ့သည်။[၃၇] လွှတ်တော်အမတ်များတွေ့ရှိရသည်မှာ ပြဿနာ အမျိုးမျိုးရှိသောကြောင့် ဖြစ်ရပ် များနှင့် ပတ်သက်၍ တိကျသော မေးခွန်းများမေးရန် ခက်ခဲပြီး အမြဲတမ်းမလုပ်နိုင်ပါဟု ပြောကြားခဲ့သည်။[၃၈]

ဌာနများသည်တုန့်ပြန်မှုရှိခြင်းအတွက် နည်းပညာနှင့် အကောင်အထည်ဖော်မှု စွမ်းရည်ကို ပံ့ပိုးပေးသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် အဓိကတာဝန်ယူသည့်ဌာနဖြစ်သည်။ ဒေသဆိုင်ရာအဆင့်တွင် ECD ၏အဓိကတာဝန် ဝတ္တရားများသည် သတင်းအချက်အလက် မျှဝေခြင်းနှင့် အမှုများကို တုံ့ပြန်ခြင်းဖြစ်သည်။ ECD သည်၎င်းတို့၏ ကနဦးလိုင်စင်လုပ်ငန်းစဉ်တွင် စီးပွားရေးလုပ်ငန်းများကို စစ်ဆေးရန်အခွင့်အာဏာရှိသော်လည်း ၎င်းဌာနသည် ယေဘုယျအားဖြင့် ပုံမှန်သို့မဟုတ် ကြိုတင် အသိပေးခြင်းမရှိသော စစ်ဆေးခြင်းများကို ပြုလုပ်လေ့မရှိပါ။ ၎င်းအစားဌာနသည် အစိုးရသို့မဟုတ် အခြားအစိုးရ၏အစိတ်အပိုင်းများမှ ရရှိသောအမှုများနှင့် တိုင်ကြားမှုများအပေါ်တွင်သာ အခြေခံ၍ စစ်ဆေးသည်။ ECD သည် ပုဂ္ဂလိကကဏ္ဍပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပတ်သက်သော အသိပညာပေးရေး လုပ်ငန်းများလည်း ပြုလုပ်သည်။ သို့သော် ECD သည်အလေ့အကျင့် ကောင်းများလိုက်နာမှုကို အားပေးသည့်အနေဖြင့် လိုင်စင်ထုတ်ပေးရန် ထောက်ခံစာကို မပေးအပ်ခြင်း နည်းလမ်းမှတစ်ဆင့် မည်သည့် အတိုင်းအတာအထိ ဩဇာသက်ရောက်သည်ကို မရှင်းလင်းပေ။ ဒေသဆိုင်ရာဝန်ကြီး မှလည်း ECD အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ၏ အလုံးစုံအရေးပါသော အခန်းကဏ္ဍကို မှတ်ချက်ချသည်။ "GAD မပါဘဲ ခရိုင်၊ မြို့နယ်ကဲ့သို့ အဆင့်ဆင့်နဲ့ မြေပြင်ပေါ်တွင် ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း ရှိမည် မဟုတ်" ဟူ၍ဖြစ်ပါသည်။[၃၉]

ရေဝတီတိုင်းမှ ပါဝင်လုပ်ဆောင်သူများက ၎င်းတို့ဒေသ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကို ပိုမိုဦးစားပေးစေသော အခြားအကြောင်းအရာ အချို့လည်းရှိသည်ဟု ယုံကြည်ကြောင်း မှတ်ချက်ပြုကြသည်။ ပထမတစ်ချက်အနေဖြင့် ရေဝတီတိုင်းဒေသကြီး၌ စီးပွားရေးလုပ်ငန်းများ (အထူးသဖြင့် ဆန်စက်များ) ရှိပြီး လူအများအပြားထံမှ အစိုးရအရာရှိများသို့ တိုင်ကြားမှုများ စွာရှိစေသည်ဟု မှတ်ချက်ပြုသည်။[၄၀] အကြောင်းမှာ မကြာခဏဆိုသလို တိုင်ကြားမှုများသည် ဒေသန္တရအစိုးရ၏ တုန့်ပြန်မှုပေးရန် လှုံ့ဆော်စေသောကြောင့်ဖြစ်၏။ လွှတ်တော်အမတ်တစ်ဦးက လွှတ်တော်နှင့် အစိုးရနှစ်ရပ်လုံးတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်မှုရှိကြသည် ဟု ဆိုသည်။[၄၁] ရေဝတီတိုင်းသည် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ "ခါးသီးသော အတွေ့အကြုံ" ရှိခဲ့သောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို ပိုမိုစိတ်ဝင်စားသည်။[၄၂]

# ၆

# တိုင်ပင်ဆွေးနွေးခြင်းနှင့် ပွင့်လင်းမြင်သာခြင်းဆိုင်ရာ ကောင်းသောအလေ့အကျင့်

*ဒေသန္တရအဆင့်အစိုးရများသည် တိုင်ပင်ဆွေးနွေးခြင်း(သို့) အများပြည်သူထံမှ သတင်း အချက်အလက်နှင့်ရှုထောင့် များကိုစုဆောင်းခြင်းနှင့်အစိုးရ၏ အများပြည်သူထံသတင်းအချက် အလက်မျှဝေခြင်းတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အရေးကြီးသောအခန်းကဏ္ဍ ပါဝင်သည်။*

ညှိနှိုင်းတိုင်ပင်ခြင်းနှင့် ပွင့်လင်းမြင်သာခြင်းတို့တွင် ကောင်းမွန်သော အလေ့အကျင့်သည် အုပ်ချုပ်မှု၏ ရှုထောင့်အားလုံးအပေါ် တွင်မူတည်သည်။ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေးတို့မှ အငြင်းပွားမှုများကိုဖြေရှင်းခြင်း အထိဖြစ်သည်။ ဒေသန္တရအဆင့် အစိုးရများသည် တိုင်ပင်ဆွေးနွေးခြင်း (သို့) အများပြည်သူထံမှ သတင်းအချက်အလက်နှင့် ရှုထောင့်များကို စုဆောင်းခြင်းနှင့် အစိုးရ၏ အများပြည်သူထံ သတင်းအချက်အလက် မျှဝေခြင်းတို့တွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အရေးကြီးသော အခန်းကဏ္ဍပါဝင်သည်။ ဒေသန္တရအဆင့်အစိုးရများသည် ဤအခန်းကဏ္ဍ အဓိကသရုပ်ဆောင်များအဖြစ်ပါဝင်ရခြင်းသည် ၎င်းတို့က နိုင်ငံ အနှံ့အပြားသွားကြရပြီး တိုင်းပြည်၏ထောင့်ပေါင်းစုံနီးပါးမှ နိုင်ငံသားများနှင့် ပုံမှန်နီးပါး ဆက်သွယ်မှုရှိကြသောကြောင့်ဖြစ်သည်။ သူတို့သည် ကျန်ဗျူရိုကရေစီယန္တရားအစိတ် အပိုင်း၏ 'မျက်စိနှင့်နားများ' ဖြစ်ရလိမ့်မည်ဟု မျှော်လင့်ပါသည်။ တိုင်ပင်ဆွေးနွေးမှုများ နည်းပါးသောကြောင့် ဒေသအခြေအနေကို သူတို့နားမလည်ပါက လမ်းဖောက်လုပ်ခြင်းမှအစ ဘတ်ဂျက်အထိ အဆုံး အစိုးရလုပ်ငန်းများတစ်လျှောက်လုံးတွင် ထိခိုက်မှုရှိပါသည်။ မြို့နယ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှ အဆင့်မြင့်အစိုးရအရာရှိများတို့သည် နိုင်ငံ၏အခြားဒေသများမှ လာကြသည်က များသောကြောင့် ဒေသတွင်းပြဿနာများကိုမသိ၊ အကျိုးစီးပွားများနှင့် တစ်ဦးချင်းပုဂ္ဂိုလ်ရေးများနှင့် မရင်းနှီးသောအခြေအနေရှိသည့် မြန်မာနိုင်ငံကဲ့သို့သောနေရာမျိုးတွင် ညှိနှိုင်းတိုင်ပင်ခြင်းသည် ပို၍ပင် အရေးကြီးပါသည်။

အစိုးရတာဝန်ထမ်းဆောင်သူများစွာတို့၌ တိုင်ပင်ဆွေးနွေးမှုနှင့် ပွင့်လင်းမြင်သာမှုအတွက် တာဝန်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များသည် အဓိကလုပ်ဆောင်သူများ အနက်မှ အရေးပါသူများဖြစ်၏။ ပြည်ထောင်စုလွှတ်တော်ဥပဒေ (၂၀၁၄) က ထိုသတင်း အချက်အလက်

## ဖြစ်စဉ်လေ့လာချက် (၇)

### ဧရာဝတီတိုင်းဒေသကြီး၏ စံလုပ်ထုံးလုပ်နည်းများဆိုင်ရာ ပွင့်လင်းမြင်သာမှု

၂၀၁၈-ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရသည် ဒေသတွင်းလိုင်စင်ထုတ်ပေးရန် အတွက် စံသတ်မှတ်ထားသော လုပ်ငန်းလည်ပတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ (SOP - standard operating procedures) ပါသည့် စာအုပ်တစ်အုပ်ကိုထုတ်ဝေခဲ့ပါသည်။ အဆိုပါစာအုပ်သည် စီးပွားရေး အသိုင်းအဝိုင်းအပါအဝင် အများပြည်သူကဝယ်ယူနိုင်ပြီး လိုင်စင်လုပ်ထုံးလုပ်နည်းများက မည်သို့ အလုပ်လုပ်သည်ကို ပိုမိုနားလည်စေရန် ရည်ရွယ်ပါသည်။ SOP ကို အသုံးပြုရ လွယ်ကူစေနိုင်သော ပုံစံဒီဇိုင်းဖြင့် ပြုလုပ်ထားသည်။ စာအုပ်တစ်အုပ်တည်းဖြင့် လုပ်ထုံးလုပ်နည်း အတွက် မည်သို့ ကြိုတင်ပြင်ဆင်နိုင်ကြောင်း အများပြည်သူသို့ အသိပေးရန် ကူညီပေးသည်။ သို့သော်ထွေအုပ်၏ ရုံးခန်း၌ ဌာနဂန်ထမ်းများကို လိုင်စင်ထုတ်ပေးရန် လမ်းညွှန်ချက်များပါရှိသော စာအုပ် ၃၇-အုပ်ရှိသည်။ ထို့ကြောင့် SOP သည်အကျဉ်းချုပ်နှင့် အဓိကပြဿနာများကို အာရုံစိုက်၍ ဒီဇိုင်းပြုလုပ်ထားသည်။ အသေးအဖွဲ သို့မဟုတ် မကြာခဏအသုံးပြုသော လုပ်ထုံးလုပ်နည်းများ မပါဝင်ပါ။ ဤစာအုပ်သည် ဒေသဆိုင်ရာအစိုးရ၏ ဦးတည်ချက်ဖြစ်ပြီး ဌာနအားလုံးကို လွှမ်းခြုံ ထားသည်။ ယခင်ကလည်း လုပ်ထုံးလုပ်နည်းများ အတူတူပင်ဖြစ်သော်လည်း ၎င်းတို့ကိုစုစည်း၍ ထုတ်ဝေခြင်း တစ်စုံတစ်ရာ မပြုလုပ်ခဲ့ပါ။ ဧရာဝတီအစိုးရ၏ ပထမဆုံး SOP စာအုပ်သည် စစ်ဆေးခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် အချို့ပါဝင်သော်လည်း ဇရိယာအားလုံး မဟုတ်ပဲ လိုင်စင်ကိစ္စများကို အဓိကထားပြီး အများဆုံးလွှမ်းခြုံထားသည်။

များကို ဥပဒေ(သို့မဟုတ်)လွှတ်တော်က ထုတ်ပြန်ခြင်း မပြုရဟု တားမြစ်ထားသောကိစ္စမှတပါး သတင်း အချက်အလက်နှင့် မှတ်တမ်းများကို အများပြည်သူသိအောင် ထုတ်ပြန်ခွင့်ရှိသည်။[၄၃] လွှတ်တော်အမတ်များသည် အစိုးရနှင့်နိုင်ငံသားများအကြား ဆက်သွယ်မှုလမ်းကြောင်း တစ်ခုအဖြစ် ဆောင်ရွက်ခြင်း၊ အများပြည်သူထံမှ တင်ပြချက်များနှင့် တိုင်ကြားမှုများကို လက်ခံခြင်းနှင့် အစိုးရ အစိတ်အပိုင်းများသို့ ဆက်သွယ်ခြင်းများပြုလုပ်သည်။ ၎င်းတို့သည် ပွင့်လင်းမြင်သာမှုတွင် တူညီသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ ဥပမာအားဖြင့် ဘတ်ဂျက်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဘတ်ဂျက်ဌာနမှ လက်ခံရယူပြီး အမတ်များက ထိုသတင်းအချက်အလက်များကို စီးပွားရေး လုပ်ငန်းများနှင့် အခြားသူများထံ ထုတ်ပေးခြင်း ပြုလုပ်နိုင်သည်။[၄၄]

အစိုးရဌာနများသည် ပုံမှန်တိုင်ပင်ဆွေးနွေးခြင်းများနှင့်တကွ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တိုင်ပင်ညှိနှိုင်းခြင်း၌ ပွင့်လင်းမြင်သာမှုရှိရန် ကူညီအားပေးပါသည်။ အကြောင်းပြချက်များစွာအတွက် တိုင်ပင်ညှိနှိုင်းမှုကို သတ်မှတ်အုပ်စုများ နှင့် တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ နှစ်မျိုးစလုံး ပြုလုပ်နိုင်သည်။ အစိုးရအရာရှိများသည် ၎င်းတို့နှင့် စီးပွားရေးလုပ်ငန်းများ၏ တရားဝင်မဟုတ်သောတိုင်ပင်ဆွေးနွေးမှုများကို သတိပြုမှတ်ယူကြသည်။ အစိုးရတာဝန်ရှိသူများက ပြဿနာများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍနှင့် ပုံမှန်အလွတ်သဘော တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ခဲ့သည်။[၄၅] တစ်ခါတစ်ရံတွင် တိုင်ပင်ဆွေးနွေးခြင်းသည် အထူးပြုနယ်ပယ်တစ်ခု သို့မဟုတ် လိုအပ်သော အရာများ၊ ဥပမာ-လေ့ကျင့်ရေးခေါင်းစဉ်ရွေးချယ်ရန် ကိစ္စမျိုးကို အာရုံစိုက်လိမ့်မည်။ ဤအလွတ်သဘော တိုင်ပင်ဆွေးနွေးခြင်းများသည် ဒေသခံ လေ့ကျင့်ရေးကျောင်း၏ ဆုံးဖြတ်ချက်ဖြင့်ဖြစ်ပြီး အစည်းအဝေးများ၊ စစ်တမ်းများ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ပြုလုပ်နိုင်သည်။[၄၆] များသောအားဖြင့် တိုင်ပင်ဆွေးနွေးခြင်းသည် ပုဂ္ဂလိကကဏ္ဍ ကိုတိုက်ရိုက်မရည်ရွယ်ပါ။ တာဝန်ရှိသူတစ်ဦးက စီးပွားရေးလုပ်ငန်းများသည် ပြည်သူလူထုကိုလည်း ပိုမိုကျယ်ပြန့်သော ညှိနှိုင်းတိုင်ပင်မှုများတွင် ပါဝင်စေလျှင်၊ ပုဂ္ဂလိကကဏ္ဍ၏ ဆန္ဒသဘောထားများကို သိရှိရန် ပိုမိုလွယ်ကူသောကြောင့်၊ ပုဂ္ဂလိကကဏ္ဍနှင့် တိုင်ပင်ဆွေးနွေးခြင်း ဖြစ်သည်ဟုပြောကြားခဲ့သည်။ အစိုးရအရာရှိတစ်ဦးက ဇရောဂတီတိုင်းတွင် မြို့နယ် ဆန်စပါးကြိတ်ခွဲသူများ အဖွဲ့တစ်ခု တရားဝင် ရှိနေသောကြောင့် သူတို့နှင့် ထိတွေ့ဆက်ဆံမှုသည် ပိုမိုလွယ်ကူ စေသည်ဟု မှတ်ချက်ပြုခဲ့သည်။[၄၇]

အစိုးရသည် ညှိနှိုင်းတိုင်ပင်ခြင်းနှင့် ပွင့်လင်းမြင်သာခြင်းတို့တွင် ပါဝင်ရန်လိုအပ်ချက်များကို ဖန်တီးနိုင်သော်လည်း၊ အစိုးရတာဝန်ရှိသူများ၏ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံသားများအား ရိုးသားဖြောင့်မတ်စွာ တွေ့ဆုံပြောဆိုလိုသော ဆန္ဒရှိ/မရှိ အပေါ်မူတည်သည်။ ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ၏ လမ်းညွှန်ချက်များမှတစ်ဆင့် ညှိနှိုင်းတိုင်ပင်မှု အရေအတွက် တိုးမြှင့်ခြင်း သို့မဟုတ် အများပြည်သူအား အသိပေးနိုးဆော်ခြင်းဆိုင်ရာ ကြော်ငြာ အသစ်မှတစ်ဆင့် လိုအပ်ချက်များကို ချမှတ်ခြင်း ပြုလုပ်နိုင်သည်။ ညှိနှိုင်းတိုင်ပင်ခြင်း၏ အရည်အသွေးတိုးတက်မှု လိုအပ်ချက်များ ပြဌာန်းရန်မှာ ပို၍ပင်ခက်ခဲသည်။ အဓိပ္ပာယ်ပြည့်ဝသော တိုင်ပင်ဆွေးနွေးခြင်းသည် မြန်မာနိုင်ငံတွင် ရလဒ်ကောင်းများနှင့် ခိုင်မာသောဆက်ဆံရေးများ ရရှိစေသည်။ တိုင်ပင်ညှိနှိုင်းမှုများသည် အခြား အရေးကြီးသည့် သက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ပို၍အင်အားကြီးသော အဆင့်များကို အသုံးမပြုမီ ညှိနှိုင်းတိုင်ပင်ခြင်းကို အရေးကြီးသော ခြေလှမ်းတစ်ခုအဖြစ် အရာရှိများက ရှုမြင်ကြသည်။ စည်းမျဉ်းများ လိုက်နာစေရန်ကိုလည်းကောင်း မြှင့်တင်ရန်လည်းကောင်း အတင်းအကြပ်ပြုလုပ်ခြင်း သို့မဟုတ် ထိုကဲ့သို့သောအလားတူ အခြားရွေးချယ်စရာ နည်းလမ်းများကို ရှောင်ရှားရန် မျှော်လင့်ချက်ဖြင့် အရာရှိများသည် ပညာပေးနိုင်ရန်အတွက် အကြံဉာဏ်ကောင်းများ ရယူခြင်းကို အသုံးပြုကြပါသည်။[၄၈]



စည်ပင်အရာရှိများမန္တလေး စည်ပင်သာယာရေးရေတွန်းစက် သို့သွားရောက်ကြည့်ရှုစဉ်

### ဖြစ်ရပ်မှန်လေ့လာချက် (၈)

## ဘတ်ဂျက်ပွင့်လင်းမြင်သာမှုနှင့် ရှမ်းပြည်နယ်အစိုးရ၏ ထိတွေ့ဆက်ဆံမှု

စီးပွားရေး လုပ်ငန်းများအနေဖြင့် အစိုးရစာရွက်စာတမ်းများ၏ ပွင့်လင်းမြင်သာမှုအား ညံ့ဖျင်းသည်ဟု ယေဘုယျအားဖြင့် ရှုမြင်ခဲ့ကြသော်လည်း ရှမ်းပြည်နယ် အစိုးရ ပြည်နယ်နှင့် တိုင်းဒေသကြီးဘတ်ဂျက်၏ ပွင့်လင်းမြင်သာမှုတွင် သိသိသာသာ တိုးတက်နေသည်ဟု ရှုမြင်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော မြို့နယ် ၆၀ အနက် ပြည်နယ်/ တိုင်းဒေသကြီး၏ ပွင့်လင်းမြင်သာမှုရှိသည့် ဘတ်ဂျက်မရရှိကြောင်း မြို့နယ် ၂၅ ခု ၏ စီးပွားရေး လုပ်ငန်းများက ဖြေကြားခဲ့သည်။ အလယ်အလတ်အဆင့်ရှိမြို့နယ်များတွင် ပြည်နယ်/တိုင်းဒေသကြီး ဘတ်ဂျက်ကို ရရှိနိုင်ကြောင်း ပြောသောစီးပွားရေးလုပ်ငန်းများ၏ရာခိုင်နှုန်းမှာ ၂.၅၃% ဖြစ်သည်။[၄၉] ရှမ်းပြည်နယ်သည် ဤစွမ်းဆောင်ရည် ညံ့ဖျင်းမှုအတွက် ခြွင်းချက်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်ရရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများ အမြင့်ဆုံးရှိသည့်မြို့နယ် ၄-ခု သည် ရှမ်းပြည်နယ်မှ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများစွာ စစ်တမ်းကောက်ယူခဲ့သော တောင်ကြီးမြို့တွင် ၅၀ ရာခိုင်နှုန်းက ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်ကို ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ ဤသည်မှာ အခြားမြို့နယ်များ၌ တွေ့ရသည့် အနိမ့်ဆုံးရမှတ်များနှင့် သိသာသော ကွဲပြားမှုဖြစ်သည်။

ရှမ်းပြည်နယ်အစိုးရသည် ၎င်း၏ပြည်နယ်ဘတ်ဂျက်ကို ထုတ်ပြန်ကြေညာရန် တက်ကြွစွာ ဆောင်ရွက်ခဲ့သည်။ ၂၀၁၈-၁၉ အထိ အစိုးရသည်လွှတ်တော်အမတ်များမှတစ်ဆင့် ဖြန့်ဝေရန် မဟာဗျူဟာရှိသည်။ ဤနည်းလမ်းတွင် ချို့ယွင်းချက်အချို့ရှိကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ အချိန်နှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကြောင့် လွှတ်တော်ကိုယ်စားလှယ်များကို လူတိုင်းလက်လှမ်းမီနိုင်မည်ဟု မမျှော်လင့်နိုင်ကြောင်းသတိပြုမိကြသည်။[၅၀] ရှမ်းပြည်နယ်စီမံကိန်း ဦးစီးဌာန၏အဆိုအရ ၎င်းတို့သည်မြို့နယ်တစ်ခုစီတိုင်းတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးဘတ်ဂျက်ကို ထည့်သွင်းရန် အစပြုလုပ်ဆောင်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ဥပမာတစ်ခုမှ ယူခဲ့သည့် ဤပဏာမ ခြေလှမ်းကို ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီး ယခုအခါတွင် နိုင်ငံတစ်ဝှမ်း အလေ့အကျင့်များဖြစ်လာပါသည်။[၅၁] သို့သော်ရှမ်းပြည်နယ်ရှိ စီးပွားရေး လုပ်ငန်းများမှ အပြုသဘော ပိုမိုဆောင်သော တုံ့ပြန်မှုများက ပွင့်လင်းမြင်သာမှုအပေါ် သူတို့၏ ချဉ်းကပ်ပုံသည် ရင့်ကျက်မှုပိုမိုလျှက်ရှိသေးသည် သို့မဟုတ် အစိုးရအရာရှိများ အတွက် ပိုမိုမြင့်မားသော ဦးစားပေးမှုဖြစ်သည်ဟု ဖော်ပြသည်။ အစိုးရတာဝန်ရှိသူများက ဘတ်ဂျက်ဆိုင်ရာ သတင်းအချက် အလက်များကို စီးပွားရေးလုပ်ငန်းများသည် ကောင်းမွန်စွာလက်လှမ်းမီနိုင်သည်ကို သတိပြုမိသည်။ ၎င်းတို့သည် တင်ဒါများကို လေ့လာဆွဲရန်စိတ်ဝင်စားကြပြီး အစိုးရက ပွင့်လင်းမြင်သာမှုဆိုင်ရာ ကြိုးပမ်းမှုများ စတင်ကတည်းက တင်ဒါစနစ် တိုးမြှင့်ခြင်းကို သတိပြုမိခဲ့သည်။[၅၂]

ဘတ်ဂျက်ပွင့်လင်းမြင်သာမှုနှင့် အသိအမြင် မြှင့်တင်မှုသည် ဘတ်ဂျက်လုပ်ငန်းစဉ် ပြီးဆုံးပြီးနောက်မှသာ စတင်ခဲ့ခြင်း မဟုတ်ပါ။။ အစိုးရအရာရှိများက ဘတ်ဂျက်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အား အားလုံးပါဝင်စေရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း သက်ဆိုင်သူများအကြား သဘောတူညီချက်ရရှိရန် လုပ်ဆောင်ခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ အစိုးရတာဝန်ရှိသူများက ဘတ်ဂျက်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်တွင် ဌာနများ နှင့် ကော်မတီများစွာ ပါဝင်ခဲ့ကြပြီး လုပ်ငန်းစဉ်၏ အချို့အစိတ်အပိုင်းများ အတွက် တာဝန်ယူသူ တစ်ဦးချင်းစီ နှင့် ခွဲဝေတာဝန်ယူမှုရှိခဲ့သည်ဟုမှတ်ချက်ပြုခဲ့သည်။[၅၃] သူတို့က အစောပိုင်းကပင် စတင်တိုင်ပင် ဆွေးနွေးခြင်းသည် အရေးကြီးကြောင်း၊ လုပ်ငန်းစဉ်အစ၌ တာဝန်ရှိသက်ဆိုင်သူများကို ပါဝင်စေခြင်းဖြင့် ကျယ်ပြန့်သောဝင်ငွေကို ဖန်တီးနိုင်ကြောင်းသတိပြုမိခဲ့သည်။ အရာရှိတဦးက ရလဒ်ကောင်းများသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ရှမ်းပြည်နယ်အစိုးရ၏ "ပူးပေါင်းချဉ်းကပ်မှု" ကြောင့် ဖြစ်သည်ဟု မှတ်ချက်ချသည်။[၅၄] ဝန်ကြီးချုပ်သည်သက်ဆိုင်ရာ ဝန်ကြီးများအား လွှဲအပ်ခြင်းနှင့် ခွင့်ပြုခြင်းကို လိုအပ်သလို ပံ့ပိုးပေးသည်။[၅၅]

MBEI စစ်တမ်းကောက်ယူမှုအပြီးတွင် ရှမ်းပြည်နယ်အစိုးရသည် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်နှင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို တိုးမြှင့်ဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်ခဲ့သည်။ Renaissance Institute နှင့် Asia Foundation တို့၏ ပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်သည် ၂၀၁၈-၁၉ တွင် နိုင်ငံသားများဘတ်ဂျက်စာစောင်ကို ပထမဆုံးအကြိမ်အဖြစ် အကောင်အထည်ဖော်ထုတ်ဝေခဲ့သည်။ ပြည်နယ် အစိုးရသည် အဝေးရောက်ထိတွေ့မှု မည်သို့လုပ်ဆောင်ရမည်ကို ဆုံးဖြတ်ရာတွင် ပြည်ထောင်စုထံမှ လှုံ့ဆော်မှုနည်းလမ်းကို လက်ခံရယူခဲ့သည်။ ပြည်ထောင်စုအစိုးရသည် ဘတ်ဂျက်အချက်အလက်များပါသော သတင်းထုတ်ပြန်ချက်တစ်ခုကို ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရာ ၎င်းတို့ကိုကူးယူပြီး ၎င်းသတင်းအား တဆင့်ထုတ်ပြန်ခြင်း ပြုလုပ်ခဲ့သည်။ ရုပ်မြင်သံကြားလိုင်းများတွင် ပြည်ထောင်စုအနေနှင့် ဆွေးနွေးငြင်းခုံမှုများရှိကြောင်း သူတို့သတိပြုမိသဖြင့် ရှမ်းပြည်နယ် လွှတ်တော်တွင်လည်း ဆွေးနွေးမှုများ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။[၅၆] ဘတ်ဂျက်ဦးစီး ဌာနက ဤပွင့်လင်းမြင်သာမှုဆိုင်ရာ ကြိုးပမ်းမှုများသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ်တွင်သာအခြေခံသည်ဟု မှတ်ချက်ချသည်။ ၎င်းတို့ကို နေပြည်တော်၏ လိုအပ်ချက်များအပေါ် အခြေခံ၍မဟုတ်ဘဲ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စတင်ခဲ့သည်။[၅၇] ၎င်းတို့က ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် ပြည်ထောင်စု၏ လိုအပ်ချက်ထက် ကျော်လွန်၍ ပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်ဆွေးနွေးမှုများ တိုးတက်စေရန် မည်သို့လုပ်ဆောင်နိုင်ကြောင်း ဥပမာအားဖြင့်ဖော်ပြသည်။[၅၈]

# ၇

# အကြံပြုချက်များ

ဒေသန္တရအစိုးရအဆင့်များသည် မူဝါဒ၊ အကောင်အထည်ဖော်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်ညှိနှိုင်းမှုတို့ကို ထိန်းချုပ်ထားသည့် အဆင့်အမျိုးမျိုးရှိသည်။ သို့သော်လည်း ထိုနယ်ပယ် တစ်ခုစီတွင် ကောင်းမွန်သော အလေ့အကျင့်အတွက် သိသာထင်ရှားသော အခွင့်အလမ်းရှိပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများသည် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန် သူတို့၏ အာဏာကို အပြည့်အဝ အသုံးချခြင်း မရှိသေးပေ။ တာဝန်ခံမှု တိုးတက်လာနေသော်လည်း တိုးတက်မှုရှိသည့် တာဝန်ခံမှုသည် အလေ့အကျင့်ကောင်းများကို အထောက်အကူပြုနိုင်သည့် နောက်ထပ်ကဏ္ဍများ ကျန်ရှိနေသေးသည်။ ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းမူဘောင်ကို အကောင်အထည် ဖော်ခြင်းသည် ဒေသန္တရ ထိန်းချုပ်မှုကို သိသိသာသာရှိစေသည့် ဧရိယာတစ်ခု ဖြစ်ပြီး တစ်နိုင်ငံလုံးအနှံ့ အလေ့အကျင့်ကောင်းများ ပျံ့နှံ့စေရန် အခွင့်အလမ်းများစွာရှိသည်။

ဒေသန္တရအဆင့် အစိုးရများသည် ကိစ္စရပ်များအား ၎င်းတို့၏ ဒေသအလိုက် အခြေအနေများအရ ဖြစ်ပေါ်စေရန် တာဝန်ရှိသောကြောင့် အကြံပြုချက်များကို ဂုဏ်ရည်တူသူများ အချင်းချင်း အပြန်အလှန်ဖလှယ်ခြင်းနှင့် သင်ယူခြင်း အစိတ်အပိုင်းများပါဝင်ပါသင့်သည်။ ကျယ်ပြန့်သော အကြံပြုချက်များသည် အထွေထွေလမ်းညွှန်မှုကို အထောက်အကူပြုနိုင်သော်လည်း၊ စီးပွားရေး အုပ်ချုပ်မှုတွင် နေ့စဉ်ပါဝင် ပတ်သက်နေသည့် ဒေသခံတာဝန်ရှိသူများသည် အကြံပြုချက်များကို အခြားသူများ နားလည်သဘောပေါက်စေရန် ထိရောက်စွာ အကောင်းဆုံး အကောင်အထည်ဖော်နိုင်သော တာဝန်ရှိပြီး အခွင့်အလမ်းရှိသူများဖြစ်သည်။ ၎င်းတို့သည် MBEI မှတွေ့ရှိချက်များကို ရယူရန်နှင့် စီးပွားရေး အုပ်ချုပ်စီမံမှု ရလဒ်များအပေါ် အကျိုးသက်ရောက်သည့် အချက်များနှင့် ကောင်းမွန်သော အလေ့အကျင့်များကို ခွဲထုတ်ရန် အကောင်းဆုံးနေရာတွင်ရှိသည်။ အားလုံးကိုခြုံငုံလိုက်လျှင်၊ ဤအချက်များသည် ဂုဏ်ရည်အဆင့်တူသူများ အချင်းချင်း အကြံကောင်းများ အပြန်အလှန်လဲလှယ် သင်ယူခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး အုပ်ချုပ်စီမံမှုတွင် ကောင်းသော အလေ့အကျင့်များ ပျံ့နှံ့စေခြင်းအတွက် တန်ဖိုးရှိသော ကိရိယာတစ်ခု ဖြစ်စေနိုင်ပါသည်။

## ဒေသန္တရဥပဒေနှင့် စည်းမျဉ်းမူဘောင်

**စီးပွားရေးလုပ်ငန်းများကို မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လုပ်ထုံးလုပ်နည်းများတွင် ပြည်နယ်/ တိုင်းဒေသကြီးဥပဒေပြုရေးနှင့် လိုင်စင်ထုတ်ပေးရေးအတွက် လိုအပ်သော ထောက်ခံစာများတွင်ပါရှိရမည့် အချက်အလက်များ၊ မရှိမဖြစ်လိုအပ်သော အဓိက အချက်အလက် ပြည့်စုံမှု ရှိ/မရှိကို ပြန်လည် သုံးသပ်ပြီး ပြန်လည်စဉ်းစားပါ။** လက်ရှိတွင် ထောက်ခံစာ အရေအတွက် များစွာ လိုအပ်ခြင်းသည် စီးပွားရေး လုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။

**လုပ်ငန်းစဉ်များအတွက် အချိန်အကန့်အသတ်ကို မိတ်ဆက်ပေးခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုရေးနှင့် မြို့နယ်နည်းဥပဒေများကို အချိန်ဇယား သတ်မှတ်ပါ။** ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်တွင် တရားမျှတမှု၏ အမြင်ကို ထိခိုက်စေနိုင်သည့် တိုင်ကြားချက်တစ်ခု သို့မဟုတ် ပုံမှန်မဟုတ်သည့် ကိစ္စရပ်များရှိသည့် ကိစ္စရပ် များအတွက် ဤအချိန် ကာလများတွင် အစိုးရတာဝန်ရှိသူများက သင့်လျော်စွာ ပြန်လည်သုံးသပ်နိုင်ရန် ခွင့်ပြုထားသော ခြွင်းချက်များ အမြဲတမ်းပါဝင်သင့်သည်။

**ကောင်းမွန်သော အလွတ်သဘော အလေ့အကျင့်များ စီစဉ်ပြဋ္ဌာန်းခြင်း နှင့်/သို့မဟုတ် ထုတ်ပြန်ခြင်း ပြုလုပ်ပါ။** ဆယ်ရက်အတွင်းစီးပွားရေးလိုင်စင်များကို ပြီးဆုံးအောင် ဟင်္သာတ DAO ၏ မူဝါဒကဲ့သို့သော အလေ့အကျင့်ကောင်းများစွာသည် လက်ရှိတွင် အလွတ်သဘော ရှိသည်။ ဤအလေ့အကျင့်ကို မြို့နယ်နည်းဥပဒေများအဖြစ် ပြဋ္ဌာန်းခံရခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ ဒေသန္တရအာဏာပိုင်များအနေဖြင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်းသည် မသင့်တော်ဟုခံစားရပါက၊ အလွတ်သဘော အလေ့အကျင့်များနှင့် ပတ်သက်၍ အသိပညာ ပေးခြင်းသည် ကောင်းမွန်သောအလေ့အကျင့်နှင့် ပတ်သက်၍ မျှော်လင့်ချက်များကို ဖြစ်ပေါ်စေနိုင်သည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်အမတ်များ၏ ဥပဒေပြုရေးဆိုင်ရာ မူကြမ်းရေးဆွဲနိုင်စွမ်း တိုးတက်အောင်**

**ဆောင်ရွက်ရန်။** လွှတ်တော်အမတ်များစွာတို့သည် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံဟောင်းများမရှိခဲ့ကြပါ။ အခြေခံကိရိယာများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသည် ဒေသန္တရဥပဒေများကို နာလည်သဘောပေါက်စေခြင်းနှင့် ယုံကြည်မှုတိုးမြှင့်စေခြင်းဖြင့် သူတို့ကို ဥပဒေရေးဆွဲနိုင်သည့်စွမ်းရည်တိုးတက်အောင်ကူညီပေး နိုင်ပါသည်။

**အဆင့်ဂုဏ်ရည်တူသူများ အချင်းချင်းအကြား အလေ့အကျင့်ကောင်းများ ဖလှယ်နိုင်ရန် နည်းလမ်းများချမှတ်ပါ။** ဤအစီရင်ခံစာတွင် ဖော်ပြထားသော အလေ့အကျင့်ကောင်းများမှ စတင်၍ အလေ့အကျင့်ကောင်းများကို ဆက်လက် အကောင်အထည်ဖော်နိုင်ရေး အတွက် အထောက်အကူပြုရန် အဆင့်တူ၊ ဂုဏ်ရည်တူ၊ သက်တူရွယ်တူ စသည်ဖြင့် နားလည်မှု ဖလှယ်နိုင်ရန် လွယ်ကူသောအဆင့်ရှိသူ အချင်းချင်းတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးပါ။ အလုပ်ရုံဆွေးနွေးပွဲများစွာ လုပ်ပြီးနောက် စိတ်ဝင်စားမှုပေါ် မူတည်၍ အဆင့်ဂုဏ်ရည်တူ အရာရှိများအကြား ပိုမိုနားလည်မှုရှိစွာဖြင့် ပုံမှန်လည်ပတ်နိုင်မည့် လမ်းကြောင်း များကို ထူထောင်ရန်စဉ်းစားပါ။

**ရွေးချယ်ခံရသူမဟုတ်သော အစိုးရခေါင်းဆောင်များ၏ စွမ်းဆောင်ရည်ကို တိုင်းတာနိုင်သည့် တုန့်ပြန်မှု ယန္တရားသစ်များကို စဉ်းစားပါ။** မြို့နယ်အဆင့် အစိုးရအရာရှိအများစုသည် ရွေးကောက်တင်မြှောက်ခြင်း ခံရသူလည်းမဟုတ် လုပ်ကိုင်နေသော ဒေသမှလည်းမဟုတ်ပါ။ သို့ဖြစ်၍ ဆုံးဖြတ်ချက်များက ဒေသခံဖြစ်ရပ်မှန်များနှင့် မကိုက်ညီသောအခြေအနေ ဖြစ်သွားနိုင်ပါသည်။ သို့သော် မြို့နယ်အတွင်း၌ ထောင်နှင့်ချီသော ရွေးကောက်တင်မြှောက်ထားသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရှိပါ၏။ ထိုအုပ်ချုပ်ရေးမှူးများ နှင့် အစိုးရအရာရှိများက ပုံမှန်ဆက်သွယ် ထိတွေ့ဆက်ဆံ၍ အသိအမြင် ဖလှယ်ခြင်းအားဖြင့် ပြည်နယ်/တိုင်း ဒေသကြီးအစိုးရများအား မြို့နယ်အဆင့်မှ အဓိကအရာရှိများ၏ စီးပွားရေး စီမံခန့်ခွဲမှုအရည်အသွေးနှင့် ပတ်သက်၍ အသုံးဝင်သော တုန့်ပြန်မှုများ ပေးနိုင်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးများရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ၏ နိုင်ငံရေးဦးဆောင်မှု (အစိုးရအဖွဲ့) အား သတင်း အချက်အလက် တိုက်ရိုက်ပေးနိုင်သော တုန့်ပြန်မှုယန္တရားကို စဉ်းစားသင့်သည်။

**ဒေသန္တရဥပဒေပြုအမတ်များနှင့် DAO အရာရှိများအား ဥပဒေများနှင့် နည်းဥပဒေများ ပြန်လည်သုံးသပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်ပင်ညှိနှိုင်း ထောက်ပံ့ကူညီပေးပါ။** ဥပဒေ၏နှင့်နည်းဥပဒေများ၏ အစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်ပင်ဆွေးနွေးခြင်းသည် အစိတ်အပိုင်းတစ်ခု ဖြစ်လေ့ရှိသော်လည်း အထူးသဖြင့် ပစ်မှတ်ထားသည့် (အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများကဲ့သို့) အုပ်စုများနှင့် အသေးစားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းများအား ပါဝင်ဆွေးနွေးစေခြင်းဖြင့် လုပ်ငန်းစဉ်ကို တိုးတက်ရန် တစ်ခါတစ်ရံနေရာပေးသင့်သည်။ ညှိနှိုင်းတိုင်ပင်မှု လုပ်ငန်းစဉ်တိုးတက်စေရန် နည်းလမ်းများဖော်ထုတ်ရန် ပြန်လည်သုံးသပ်ခြင်းပြုလုပ်ပြီး ရွေးချယ်ထားသော စမ်းသပ်ခံ နည်းလမ်းများကို အခြားရွေးချယ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ချမှတ်၍ အကောင်အထည် ဖော်နိုင်သည်။

## အုပ်ချုပ်ရေးနှင့် အကောင်အထည်ဖော်မှု

**အမှုတွဲကိစ္စရပ်များ၏ လုပ်ငန်းဖြစ်စဉ်များကို ဒစ်ဂျစ်တယ်စနစ်သုံး မှတ်တမ်းတင်ပါ။** မြန်မာနိုင်ငံအစိုးရသည် အုပ်ချုပ်မှု၏ ရှုထောင့်အမျိုးမျိုးကို ဒစ်ဂျစ်တယ်နည်းဖြင့် အဆင့်များစွာ ပြုလုပ်ပြီးဖြစ်သည်။ အစိုးရသည် e-Government Master Plan ကို တီထွင်ခဲ့ပြီး အခွန်ကဲ့သို့သော ကဏ္ဍများတွင် ဒီဂျစ်တယ်စနစ်ကို ကျင့်သုံးနေပြီးဖြစ်သည်။[၁၉] ကိစ္စရပ်များအတွက် လုပ်ငန်းအသွားအလာ ဖြစ်စဉ်များကို ဒီဂျစ်တယ်ပြောင်းခြင်း၏ အဓိက အကျိုးအမြတ်မှာ ရုံးများအကြား အကူးအပြောင်းကာလကို ချက်ချင်းဖြစ်မြောက်စေပြီး အမှုကိစ္စ၏ အခြေအနေနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေသည်။

**အမှုကိစ္စ ဖြစ်ရပ်များနှင့်ပတ်သက်၍ ဖော်ပြရန် အချက်အလက် ထုတ်ဝေပါ။** ဒီဂျစ်တယ်ဖြစ်ရပ် စီးဆင်းမှု စီမံခန့်ခွဲမှုစနစ် စတင်လည်ပတ်သည်နှင့်အမျှ ၎င်းသည် အများပြည်သူများနှင့် မျှဝေနိုင်သောကိစ္စရပ်များနှင့် ပတ်သက်သောအချက်အလက်များကို ထုတ်ပေးသည်။ ဥပမာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ အနေဖြင့် အမှုများကို ပြီးမြောက်ရန် (သမိုင်းကြောင်း ဒေတာများအပေါ် အခြေခံ၍) ရွေးချယ်ရန်နှင့် ထုတ်ဝေရန် ယူရမည့်အချိန် သို့မဟုတ် တာဝန်ယူရမည့် ဌာနများနှင့် အရာရှိအရေအတွက်တို့အတွက် အချက်အလက်(data) ထုတ်ပေးပါသည်။

**အမှုတွဲ နမူနာများ ထုတ်ပြန်ခြင်း** - အစိုးရရုံးများသည် လိုင်စင်များ၊ မြေယာပိုင်ဆိုင်ခွင့်များ စသည်တို့ အတွက် လျှောက်လွှာများကို မကြာခဏလက်ခံရရှိပါသည်။ ၎င်းတို့တွင် ပုံမှန်မဟုတ်သော သွင်ပြင်လက္ခဏာများစွာ ပါဝင်လေ့ရှိသောကြောင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအစိုးရများအနေဖြင့် ထိုးဖောက်၍ မမြင်နိုင်သော အခြေအနေများအောက် ရှည်လျားလှသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရတတ်သည်။ အမည်မဖော် ဖြစ်ရပ်မှန်လေ့လာမှုများကို စတင်ထုတ်ဝေစေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအား အမှုများကို အစိုးရက မည်သို့ကိုင်တွယ် ဖြေရှင်းသည်ကို ပညာပေးခြင်းအားဖြင့် ဤကိစ္စရပ်များ၌ ကိုင်တွယ်ခြင်းအား ရှင်းလင်းပြတ်သားစွာ မိတ်ဆက်ပေးနိုင်သည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် တာဝန်ယူမှု၊တာဝန်ခံမှု ရှိလာခြင်း နှင့် ပြည်နယ်၊တိုင်းဒေသကြီးအဆင့်တွင် တိကျသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းကို မြှင့်တင်ပေးနိုင်သည်။

**တိုင်းဒေသကြီးနှင့်ပြည်နယ် DAO ရုံးများသည် မြို့နယ်တစ်ခုချင်းစီမှ DAO ဆိုင်ရာ နည်းဥပဒေများကို နှိုင်းယှဉ်ခြင်းနှင့် ကွဲပြားမှုယှဉ်ကြည့်ခြင်းတို့ ပြုလုပ်၍ ကောင်းမွန် ထူးခြား**

**သော အတွေးအခေါ်များကို မီးမောင်းထိုးပြသင့်သည်။** ဤတွေ့ရှိချက်များကို အခြေခံ၍ ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်၍ မြို့နယ်တစ်ခုစီမှ DAO အဖွဲ့ဝင်များသည် နည်းဥပဒေများတွင် ကောင်းမွန်သော၊ ထူးခြားသော အတွေးအခေါ်များနှင့် ယင်းတို့ကို အကောင်အထည်ဖော်သည့် အတွေ့အကြုံများကို မျှဝေခြင်းများ ပြုလုပ်သင့်သည်။ အထူးဂရုပြု ပြန်လည် သုံးသပ်သင့်သော အကောင်းဆုံး အလေ့အကျင့်များတွင် အောက်ပါ ကဏ္ဍများ ပါဝင်ပါသည် -

- DAO လိုင်စင်ရရှိရန်အတွက် လိုအပ်သော ထောက်ခံစာများကို လျှော့ချထားသောမြို့နယ်များ။
- စီးပွားရေးလုပ်ငန်း လိုင်စင်အပေါ် အနီးဝန်းချင်း၏ ကန့်ကွက်မှုများကို ကိုင်တွယ်ရန် ရှင်းလင်းသော လုပ်ငန်းစဉ်များ ချမှတ်ထားသောမြို့နယ်များ။
- လိုင်စင်လုပ်ထုံးလုပ်နည်းများအတွက် ရှင်းလင်းသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့သော မြို့နယ်များ။
- လိုင်စင်ခွင့်ပြုသည့် အချိန်နှင့် ပတ်သက်၍ တရားဝင် သို့မဟုတ် အလွတ်သဘော မူဝါဒများကို ကျင့်သုံးသောမြို့နယ်များ (အထူးအမှုတွဲ သို့မဟုတ် ကန့်ကွက်မှု ကိစ္စ မှအပ) ။
- "ကောင်းသော အလေ့အကျင့်" ရလဒ်များရရှိစေရန် သိသာထင်ရှားသည့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုများမှ တစ်ဆင့် နည်းဥပဒေများကို တီထွင်ခဲ့သော မြို့နယ်များ၏ တိုင်ပင်မှု ညှိနှိုင်းမှုလုပ်ငန်းစဉ်များ။

**ပြည်နယ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ရုံးများသည် လျာထားသည့်ဧရိယာများ အတွက် အလေ့အကျင့်ကောင်းများ နီးနှောဖလှယ်ရန် တွေ့ဆုံသင့်သည်။** ဤအစည်းအဝေးများတွင် ဖလှယ်သည့် အချက်အလက်များသည် အထက်တွင်ဖော်ပြခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီး အဆင့် အစည်းအဝေးများအပေါ် အခြေခံသင့်သည်။

**တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရများသည် စီးပွားရေး အုပ်ချုပ်မှုတွင် ကော်မတီများ အသုံးပြုမှုကို ပြန်လည်သုံးသပ်သင့်သည်။** ဤပြန်လည်သုံးသပ်မှုတွင် ကော်မတီများ၏ လုပ်ဆောင်မှုများ နှင့်စီးပွားရေးနှင့်အစိုးရအရာရှိများ အပေါ် အကျိုးသက်ရောက်မှုကိုပါ အကဲဖြတ်သင့်သည်။ စီးပွားရေးလုပ်ငန်းများအတွက် ပြန်လည်သုံးသပ်မှုသည် ကော်မတီများ၏ ပွင့်လင်းမြင်သာမှု၊ ထိရောက်မှုနှင့် မျှတမှုကို အကဲဖြတ်သင့်သည်။ အစိုးရအတွက်မူ ပြန်လည်သုံးသပ်ခြင်းသည် ကော်မတီများနှင့် သက်ဆိုင်သည့်ထိရောက်မှုနှင့် အချိန်ဝန်ထုပ်ဝန်ပိုးများကို လမ်းကြောင်း အမှန်ပေါ် ပေးပို့နိုင်ရေး ရည်မှန်းချက်ထား၍ အကဲဖြတ်သင့်သည်။ ကော်မတီများအနေဖြင့် သီးခြားအသုံးပြုရန် ဖယ်ထားသည့် ကဏ္ဍများကို ဖော်ထုတ်၍ ထိုကဏ္ဍများကို အသုံးပြုရန် အကြံပြုသင့်သည်။ ကော်မတီများအနေဖြင့် လုပ်ကိုင်နေသည့် မလိုအပ်သောနယ်ပယ်များကိုလည်း ဖော်ထုတ်ပြီး ၎င်းတို့အားဖယ်ရှားပေးရန် အကြံပြုသင့်သည်။ ဒေသတွင်း ရွေးကောက်တင်မြှောက်ခံကိုယ်စားလှယ်များ ပါဝင်ခြင်းဖြင့် ကော်မတီများအား ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ဒေသတွင်းနေရာချထားရေး နည်းလမ်းများကို အကြံပြုသင့်သည်။

**ကော်မတီများအနေဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်း လည်ပတ်မှုဆိုင်ရာ လမ်းညွှန်များကို အစိုးရမှပံ့ပိုးပေးရန် နည်းပညာအကူအညီကို စဉ်းစားပါ။** လက်ရှိတွင် ကော်မတီ များဖွဲ့စည်းသည့် အကြောင်းကြားစာ အများစုတွင် အဖွဲ့ဝင်များစာရင်းနှင့် တာဝန်ဝတ္တရားများ ပါဝင်သည်။ အကောင်အထည်ဖော်ရေး ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းဆိုင်ရာလမ်းညွှန်ချက်များ မပါဝင်ပါ။ ယင်းတို့ပါဝင်ခြင်းသည် ကော်မတီ၏ လုပ်ဆောင်မှုကို တိုးတက်စေရန်နှင့် ကော်မတီများ မည်သို့လုပ်ဆောင်သင့်သည်ကို အများပြည်သူ ပိုမိုနားလည်ရန် အထောက်အကူပြုနိုင်သည်။

## ပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်ဆွေးနွေးခြင်း

**အခွင့်အာဏာတစ်ခုလွှဲအပ်၍ ဝန်ကြီးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးနှင့် လွှတ်တော်အမတ်များ အပါအဝင် ဒေသန္တရအစိုးရ ခေါင်းဆောင်များအတွက် ပွင့်လင်းမြင်သာမှု၊ တိုင်ပင်ဆွေးနွေးမှုများနှင့် အခွင့်အလမ်းများဆိုင်ရာ ဥပဒေမူဘောင်နှင့် ပတ်သက်သော အသေးစိတ်လေ့လာမှုကို ပြုလုပ်ပါ။** ပြည်ထောင်စုဥပဒေများသည် ဒေသများစွာတွင် ပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်ဆွေးနွေးမှုများ လိုအပ်သော်လည်း ပြည်နယ်နှင့်တိုင်း ဒေသကြီးများသည် ဤကဏ္ဍများ၌ထပ်မံ လုပ်ဆောင်ရန်အတွက် မည်သည့်ကန့်သတ်ချက်များမှ မရရှိကြပါ။ ဤကဏ္ဍများ၌ တိကျသောပွင့်လင်းမြင်သာမှုနှင့် တိုင်ပင်ညှိနှိုင်းမှု လိုအပ်သော ကဏ္ဍများကို သီးခြားခွဲထုတ်၍ နောက်ထပ်လေ့လာမှု ရှာဖွေလုပ်ကိုင်သင့်သည်။ ထို့နောက် ၎င်းတို့ကို ပြည်နယ်သို့မဟုတ်တိုင်းဒေသကြီး ဥပဒေတွင်ပြဋ္ဌာန်းရန် သို့မဟုတ် လက်တွေ့ စမ်းသပ်ကျင့်သုံးခြင်းအားဖြင့် ၎င်းတို့ကို မြှင့်တင်ရန် ကြိုးစားသင့်သည်။

**မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ အစည်းအဝေး မှတ်တမ်းများ၌ ပွင့်လင်းမြင်သာမှု တိုးတက်စေရန်။** မြို့နယ်အဆင့်၌ အရေးကြီးသော ဆုံးဖြတ်ချက်များကို စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးများတွင် ပြုလုပ်သည်။ မှတ်တမ်းများကို လူသိရှင်ကြား ထုတ်ပြန်၍ တိုးချဲ့ဖြန့်ဝေခြင်းသည် မြို့နယ်ရေးရာများတွင် အများပြည်သူမှ ပိုမိုစိတ်ဝင်စားလာစေရန် ကူညီနိုင်သည်။ ဒီဂျစ်တယ်ဖြန့်ဖြူးခြင်းသည် Facebook (သို့) အခြားဒစ်ဂျစ်တယ် ပလက်ဖောင်း တစ်ခုခု မှတဆင့် (အခမဲ့) ပထမဆုံးခြေလှမ်းအဖြစ် ဤအစည်းအဝေး မှတ်တမ်းများကို တိုးချဲ့ဖြန့်ဝေခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုကို အားဖြည့်သည့် ကောင်းသော အလေ့အထ ဖြစ်စေသည်။

**အခကြေးငွေများကိစ္စ၊ လုပ်ငန်းလည်ပတ်မှု၊ လုပ်ထုံးလုပ်နည်းများနှင့် အခြားအဓိက စာရွက်စာတမ်းများကို အများပြည်သူနှင့် ပုဂ္ဂလိက ကဏ္ဍအား အလွယ်တကူသိရှိပြီး**

**ရရှိနိုင်မှု သေချာအောင် ပြုလုပ်ပါ။** ဌာနများစွာသည် ပုဂ္ဂလိကကဏ္ဍများအား ကောက်ခံသော အခကြေးငွေများကို လူသိရှင်ကြားကြော်ငြာ ဖေါ်ပြထားကြသော်လည်း၊ ဌာနများအားလုံးကလည်း အခကြေးငွေအားလုံးကို လူသိရှင်ကြားတင်ပြပေးရန် လိုအပ်ခြင်းသည် ပွင့်လင်းမြင်သာမှု တိုးတက်ရန် လွယ်ကူသော ခြေလှမ်းတစ်ခုဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် အခကြေးငွေအဆင့်ကို အလွယ်တကူနားလည်နိုင်ရန်အတွက် ၎င်းတို့ကို အများသုံးပုံစံ များဖြင့် အသုံးပြုခြင်းက ပိုမိုလွယ်ကူစွာ နားလည်စေနိုင်သည်။ အရေးကြီးသော လုပ်ထုံး လုပ်နည်းများနှင့် အခြားစာရွက်စာတမ်းများကို ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းအားဖြင့်လည်း ပိုကောင်းအောင် ပြုလုပ်နိုင်သည်။

**ပွင့်လင်းမြင်သာမှုအတွက် ထပ်မံဖေါ်ထုတ်ရာတွင် လိုအပ်ချက်များကို သိရှိနိုင်ရန် ဒေသဆိုင်ရာ ပုဂ္ဂလိကကဏ္ဍနှင့် တိုင်ပင်ဆွေးနွေးပါ။** မြို့နယ်တစ်ခုချင်းစီတွင် အများသက်ဆိုင်ရာ ဖွင့်လှစ်ဖြန့်ချိသင့်သော အခကြေးငွေ ဇယားများ၊ လုပ်ထုံးလုပ်နည်းများ၊ ပုံစံများ သို့မဟုတ် အခြားစာရွက်စာတမ်းများကို သိရှိနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် တိုင်ပင်ဆွေးနွေးပါ။

## ပုဂ္ဂလိကကဏ္ဍ

**ဒေသန္တရအစိုးရနှင့် အဆက်အသွယ်ပြုလုပ်ရာတွင် မြို့နယ်အဆင့်ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများကို ကြားခံအဖြစ်အသုံးဝင်နိုင်စေရန် ၎င်းတို့ကို ခိုင်မာဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ပါ။** ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများသည် သတင်းအချက်အလက် ဖြန့်ဝေခြင်းကိုလွယ်ကူချောမွေ့စေပြီး ညှိနှိုင်းတိုင်ပင်ခြင်း သို့မဟုတ် သတင်းအချက်အလက်မျှဝေခြင်းများတွင် ပါဝင်လိုပါက အစိုးရအတွက် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုအဖြစ် ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် မြို့နယ်အဆင့်တွင် ဤအဖွဲ့အစည်း များအား ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းသည် စီးပွားရေးအုပ်ချုပ်စီမံမှု ရလဒ်များ တိုးတက်စေရန် အထောက်အကူပြုနိုင်သည်။ သေးငယ်သည့် စီးပွားရေးအသိုင်းအဝိုင်းများ ရှိသော မြို့နယ်များတွင် အဖွဲ့အစည်းများသည် ကျယ်ပြန့်သော အခြေပြုပြီး ကဏ္ဍစုံပါဝင်နိုင်သည်။ စီးပွားရေးလုပ်ငန်းများသည် ကိုယ်စားလှယ်များအားလုံး ပါဝင်နိုင်သော အဖွဲ့အစည်းများအတွက် ကြိုးပမ်းသင့်သည်။



*တည်နေရာပြအချက်အလက်များ ကောက်ယူရာတွင် မြေပုံအက်ပလီကေးရှင်းအား အသုံးပြုနေသည့် စည်ပင်သာယာရေးဝန်ထမ်း*

## နောက်ဆက်တွဲ ၁

# ခွဲညွှန်းကိန်းအရ စစ်ဆေးထားသော ညွှန်းကိန်းများစာရင်း

| | ညွှန်းကိန်းခွဲ | အညွှန်း |
|---|---|---|
| ၁ | ကနဦး ကုန်ကျစရိတ် | ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိရန်နေ့ရက်များ (DAO) |
| ၂ | မြေယာ အသုံးချနိုင်မှု နှင့် လုံခြုံမှု | ပိုင်ဆိုင်မှု ရရှိသည့် သက်တမ်းကာလ |
| ၃ | မှတ်ပုံတင်ခြင်းအလွန် စည်းမျဉ်း စည်းကမ်းများ | အေဂျင်စီအားလုံးအတွက် စစ်ဆေးမှု အရေအတွက် (ရေတွက်) |
| ၄ | တရားမဝင်ပေးဆောင်ရမှု | ဝင်ငွေ ၏ ၂% အောက် လာဘ်ပေးငွေ အစု |
| | | ၄င်းတို့သည် အလွတ်သဘောအခကြေးငွေများပေးရန်မလိုပါဟု ယုံကြည်မှုရှိသည့်ကုမ္ပဏီများရာခိုင်နှုန်း |
| ၅ | အခြေခံအဆောက်အအုံ | လမ်းများကောင်းသည် (သို့) အလွန်ကောင်းသည် (%) |
| | | ပြီးခဲ့သည့်လက စွမ်းအင်ပျောက်ဆုံးခဲ့သည် နာရီပေါင်း |
| ၆ | ပွင့်လင်းမြင်သာမှု | စီမံကိန်းရေးဆွဲခြင်းနှင့် ဥပဒေရေးရာစာရွက်စာတမ်းများကို စည်းမျဉ်းစည်းကမ်းများအား ပြည့်စုံစေရန်အတွက်ပုံစံများ ရရှိမှု |
| | | စီမံကိန်းရေးဆွဲခြင်းနှင့်တရားဝင်စာရွက်စာတမ်းများရယူခြင်း - ပြည်နယ် သို့မဟုတ်တိုင်းဒေသကြီးဘတ်ဂျက် ရရှိမှု |
| ၇ | ယှဉ်ပြိုင်မှုတွင်ဘက်လိုက်ခြင်း | ခိုင်မာသောဆက်သွယ်မှုရှိသောစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံအာဏာပိုင်များက မျက်နှာသာပေးမှုမရှိ (%) |
| ၈ | ပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိခြင်း | ညစ်ညမ်းမှုဖြစ်ပွားပါကအာဏာပိုင်များသည်အချိန်မီအရေးယူဆောင်ရွက်သည် (%) |
| | | သဘာဝပတ်ဝန်းကျင်လိုက်နာမှုအပေါ် လမ်းညွှန်မှု (%) |
| ၉ | လုပ်သားခန့်ထားရေး | လုပ်သားအင်အားစုဆောင်းမှုကိုလွယ်ကူခြင်း - ရုံးဝန်ထမ်း + လုပ်သားများ (%) |
| | | အလုပ်သမားခန့်အပ်ရန်လွယ်ကူခြင်း - နည်းပညာရှင် (%) |
| | | အလုပ်သမားခန့်အပ်ရန်လွယ်ကူခြင်း - စာရင်းကိုင်များ (%) |
| ၁၀ | ဥပဒေစိုးမိုးမှု | ပြည်နယ်တရားရုံးများသည် စီးပွားရေးကိစ္စများကိုဥပဒေအရ ဆုံးဖြတ်သည် (%) |
| | | ပြည်နယ်တရားရုံးသည် စီးပွားရေးအမှုအခင်းများကို အမြန်ဆုံးဖြေရှင်းသည် (%) |
| | | တရားရုံး၏ စီရင်ချက်များကို လျင်မြန်စွာ အာဏာသက်ရောက်စေသည် (%) |
| | | ပြီးခဲ့သည့်နှစ်က ပြစ်မှုကျူးလွန်ခံရသူ (%) |

*မှတ်ချက် - ညွှန်းကိန်းအနိမ့်တစ်ခုစီအတွက် ညွှန်းကိန်းအရေအတွက်သည်ကဏ္ဍခွဲတစ်ခုစီအတွက် တွေ့ဆုံမေးမြန်းခဲ့သော အချိန် စုစုပေါင်းကိုရောင်ပြန် ဟပ်ခြင်းမရှိပေ။ အညွှန်းကိန်းခွဲများမှညွှန်းကိန်းများစွာသည် အလားတူရလဒ်များကို ပြသခဲ့ပြီး သုတေသန လုပ်ငန်းစဉ်အတွင်း စုပေါင်းဖြေရှင်းခဲ့ကြသည်။*

# အခန်းဆုံးမှတ်စု

၁။ သုတေသန နည်းလမ်း ကို ပိုမိုသိရှိလိုပါက Edmund Malesky, Dean Dulay နှင့် Jon Keesecker တို့၏ *မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉ တွင်ရှု*၊ *ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအုပ်ချုပ်မှုကို တိုင်းတာခြင်း ၂၀၁၉*၊ နှင့် Bissinger, Jared၊ ၏ *မြန်မာ့ စီးပွားရေးစီမံအုပ်ချုပ်မှုအတွင်းရှိ အဖွဲ့အစည်းများ* (ရန်ကုန်၊ အာရှဖောင်ဒေးရှင်း၊ ၂၀၁၉)

၂။ သုတေသန နည်းလမ်းကို ပိုမိုသိရှိလိုပါက Malesky, Dulay နှင့် Keesecker တို့၏ *မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း* (မှတ်စု ၁ တွင်ရှု)

၃။ သုတေသနအဖွဲ့သည် ကွင်းဆင်းနေစဉ်အတွင်း အခက်အခဲ စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပါသောကြောင့် အလုပ်အရည်အသွေးကို ယေဘုယျအားဖြင့် သက်ရောက်စေပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို ကြိုတင် ပြင်ဆင်တောင်းဆိုထားသော်လည်း အစိုးရဝန်ထမ်းများနှင့် တွေ့ဆုံရန် တစ်ခါတစ်ရံတွင် ခက်ခဲသည်ကို တွေ့ရသည်။ သုတေသနအဖွဲ့ အနေဖြင့် စီစဉ်ထာသည့်အတိုင်း မဖြစ်သည့် အစည်းအဝေးများလည်း ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် စီးပွားရေး စီမံအုပ်ချုပ်မှု မေးခွန်းမေးရန် စီစဉ်ထားသော အဓိကတာဝန်ရှိသောသူများနှင့် မတွေ့ခဲ့ရပါ။ ယခုကဲ့သို့ ဖြစ်ရသော အကြောင်းရင်းများစွာများထဲမှ အဓိကတာဝန်ရှိသူများကို လွဲမှားစွာ မှတ်ယူခြင်း သို့မဟုတ် မရရှိနိုင်ခြင်းများ ပါဝင်သည်။ တစ်ချို့ဌာနများသည် လုံးဝ အသစ်ဖြစ်နေသောကြောင့် ဝန်ထမ်းများအနေဖြင့် အခက်အခဲအကြောင်းရင်းအဓိကကို သေချာနားလည်နိုင်ရန် ခက်ခဲသည်။ နောက်ဆုံးအနေဖြင့် ဝန်ထမ်းအရွှေ့အပြောင်းကြောင့် တစ်ချို့ တွေ့ဆုံမေးမြန်းခဲ့သူများသည် မကြာသေးမီက တာဝန်ချထားခံရသောကြောင့် သူတို့အမြင်ကို မျှဝေရန်မှာ အကန့်အသတ် ရှိနေသည်။

၄။ သုတေသန နည်းလမ်းကို ပိုမိုသိရှိလိုပါက Malesky, Dulay and Keesecker တို့၏ *မြန်မာ့စီးပွားရေးဝန်းကျင်ညွှန်းကိန်း ၂၀၁၉*၊ စာမျက်နှာ ၈၄ (မှတ်စု ၁) တွင်ရှု။

၅။ အင်တာဗျူး ၀၃

၆။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်းကြီးဌာန၊ အမိန့်ကြေငြာစာ အမှတ် ၁/၂၀၁၂၊ ဩဂုတ်လ ၃၁၊၂၀၁၂။ မြေလွတ်၊မြေလတ် နှင့် မြေရိုင်း စီမံခန့်ခွဲမှု စည်းမျဉ်းများ၊ ၂၀၁၉၊ဒီဇင်ဘာလ ၁ ရက်နေ့ စာမျက်နှာ ၄ တွင် ရှု။ http://www.burmalibrary.org/docs14/VFVM_Rules-en.pdf.

၇။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊၂၀၁၂၊ စာမျက်နှာ ၅ တွင်ရှု

၈။ အင်တာဗျူး ၁၉

၉။ အင်တာဗျူး ၂၀

၁၀။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အပိုဒ် ၁၉၈ (ခ)

၁၁။ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ် ၂၀၁၈၊(ရန်ကုန်၊မြန်မာ၊အာရှဖောင်ဒေးရှင်း) ၏ နောက်ဆက်တွဲ (ဃ) တွင် ၂၀၁၅ ခုနှစ်တွင် ပြန်လည် ပြင်ဆင်ခဲ့သော ဇယား (၂) နှင့် ဇယား (၅) အပြည့်အစုံကို ကြည့်ရှုနိုင်ပါသည်။

၁၂။ အင်တာဗျူး ၀၂

၁၃။ အင်တာဗျူး ၀၁၊

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈ (ဂ)

၁၅။ စည်ပင်သာယာရေး အရာရှိများ သည် ခွင်းချက်ဖြစ်သည် (ပြည်နယ်နှင့် တိုင်းဒေသကြီး ကြား တာဝန်ကျမလှည့်သောကြောင့် ဖြစ်သည်။

၁၆။ ထုတ်ပြန်ထားသော ဥပဒေများ စားရင်း ကို နောက်ဆက်တွဲ(ဂ)တွင်ရှု ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် အတွင်း ဥပဒေ ထုတ်ပြန်မှု - ဒုတိယ သက်တမ်း (ဖေဖော်ဝါရီ ၂၊၂၀၁၆ မှ ဧပြီလ ၂၄၊၂၀၁၈) အာရှဖောင်ဒေးရှင်း၊၂၀၁၈၊ စာမျက်နှာ ၁၀၄ (မှတ်စု ၁၀)။ ပိုမိုပြီးပြည့်စုံသော အွန်လိုင်း ဒေတာကို မြန်မာဥပဒေ သတင်းအချက်အလက် စနစ် တွင် ရနိုင်ပါသည်။
https://www.mlis.gov.mm/lsSc.do?menuInfo=4_1_1&query=

၁၇။ အင်တာဗျူး ၃၂

၁၈။ ပဲခူး- စည်ပင်ဥပဒေ၊ ပုဒ်မ ၉၇

၁၉။ အင်တာဗျူး ၃၂

၂၀။ အင်တာဗျူး ၃၂

၂၁။ ကမ္ဘာ့ဘဏ် နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ *မြန်မာ။ လစာ၊အကျိုးခံစားခွင့်နှင့် လူမှုရေးရာ စီမံခန့်ခွဲမှု သုံးသပ်ချက်* (ရန်ကုန်၊ကမ္ဘာ့ဘဏ်၊၂၀) စာမျက်နှာ ၃၈

၂၂။ အင်တာဗျူး ၂၉

၂၃။ အင်တာဗျူး ၂၉

၂၄။ အင်တာဗျူး ၂၇

၂၅။ အင်တာဗျူး ၃၅

၂၆။ မြို့နယ် (၄)ခုတွင် စည်ပင်သာယာရေး လုပ်ငန်းလိုင်စင် အချိန်တိုအတွင်း ရရှိရန် မြို့ အသေး သို့မဟုတ် မြို့ နမူနာ အရွယ် အစား ကဲ့သို့သော စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ။ သို့မဟုတ်  ယေဘုယျ အားဖြင့် သွားရောက်လည်ပတ်ရန် မဖြစ်နိုင်သော မြို့များ

၂၇။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

၂၈။ ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ဝန်ကြီး

၂၉။ ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ဝန်ကြီး

၃၀။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

၃၁။ လွှတ်တော်ကိုယ်စားလှယ်၊ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)

၃၂။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)

၃၃။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)

၃၄။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)

၃၅။ အင်တာဗျူး ၀၄

၃၆။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

၃၇။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်

၃၈။ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂)

၃၉။ ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ဝန်ကြီး

၄၀။ အင်တာဗျူး ၀၄

၄၁။ အင်တာဗျူး ၀၄

၄၂။ ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး ဝန်ကြီး

၄၃။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ပြည်ထောင်စု လွှတ်တော် ဥပဒေ၊ ပုဒ်မ ၈၄ (က)၊၂၀၁၄။

၄၄။ အင်တာဗျူး ၁၂

၄၅။ အင်တာဗျူး ၀၁၊၀၃

၄၆။ အင်တာဗျူး ၀၂

၄၇။ အင်တာဗျူး ၀၁

၄၈။ အင်တာဗျူး ၀၁

၄၉။ အလယ်ကိန်းရှိသော မြို့နယ် နှစ်ခု၏ ပျမ်းမျှ ခြင်း ကို ယူသည်။ အလယ်ကိန်းရှိသော မြို့နယ် နှစ်ခု ၏ ပျမ်းမျှ ကိန်း အသီးသီးမှာ ၂.၂၀ % နှင့် ၂.၅၆ % တို့ ဖြစ်ကြသည်။

၅၀။ အင်တာဗျူး ၁၃

၅၁။ အင်တာဗျူး ၁၃

၅၂။ အင်တာဗျူး ၁၃

၅၃။ အင်တာဗျူး ၁၂

၅၄။ အင်တာဗျူး ၁၂

၅၅။ အင်တာဗျူး ၁၂

၅၆။ အင်တာဗျူး ၁၂

၅၇။ အင်တာဗျူး ၁၂

၅၈။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အရ ဘဏ္ဍာရေး ဥပဒေအပါအဝင် ဥပဒေ များ ထုတ်ပြန်နိုင်ရန် အလို့ငှါ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်မှ အစိုးရ ပြန်တမ်း တွင် သတင်းပြန်ကြားရန် တင်ပြရသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ အခန်း (၄)၊ နံပါတ် ၁၀၇ နှင့် နံပါတ် ၁၉၆ (ဂ) တွင် ရှု့။

၅၉။ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ၊ မြန်မာ e –government master plan (Draft) ၂၀၁၆ - ၂၀၂၀ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ နေပြည်တော်၊ မြန်မာ။ အောက်ဖော်ပြပါ လင့်တွင်ရှု့ ၊ ဒီဇင်ဘာလ ၁၊၂၀၁၉။ https://www.motc.gov.mm/my/news/myanmar-e-government-master-plan

The Asia Foundation

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသနေ ပြည်သူများ၏ လူနေမှုဘဝ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်း အတွေ့အကြုံများအပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် ပန်းတိုင်ငါးရပ်ဖြစ်သော စီမံအုပ်ချုပ်မှု အားကောင်းစေရေး၊ စီးပွားရေး အခွင့်အလမ်းများ ကျယ်ပြန့်စေရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခံနိုင်ရည်မြှင့်တင်ရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့အတွက် အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

ယခုသုတေစာတမ်းကို ရယူလိုပါက myanmar.general@asiafoundation.org သို့ ဆက်သွယ်နိုင်ပါသည်။ အကြံပြုသဘောထား မှတ်ချက်များကိုလည်း လိုက်လှဲစွာကြိုဆိုပါသည်။